


www.burmeseclassic.com
လုံးချင်းဝတ္ထုသစ်
ရင်မြတ်နိုး
တိုးတိုးလေးပဲပြောမယ် ချစ်တယ်
BURMESE CLASSIC .com
ပန်းချီ သိန်းရွှေကြည်
2013
www.burmeseclassic.com

www.burmeseclassic.com

# တိုးတိုးလေးပဲပြောမယ်
# ချစ်တယ်

ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၈) (ရွှေခြင်္သေ့ပုံနှိပ်တိုက်) အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

တိုးတိုးလေးပဲပြောမယ် ချစ်တယ်/ရှင်မြတ်နိုး။ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၃။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) တိုးတိုးလေးပဲပြောမယ် ချစ်တယ်


BURMESE CLASSIC .com

## အခန်း ( ၁ )

မောင်က ပွဲကို လက်ထပ်မည်ဟု ပြောလာပေမယ့် ပုံ စဉ်းစားနေရတာက ညီမလေး တုနှိုင်းစံကိုလည်း ပုံ ထည့်တွက်စဉ်းစားခဲ့ရသည်။

မောင်က ခိုးပြေးမှာပါ။

“မောင့်မိဘတွေက သဘောမတူဘူး ပုံ … မောင်လည်းပွဲကို မခွဲနိုင်ဘူး … ခိုးပြေးမယ် … ”

“မဖြစ်နိုင်သေးပါဘူး မောင်ရယ် … ညီမလေးတုကို ဘယ်လိုလုပ်ရမလဲ … ပုံတို့မှာ ဒီညီအစ်မနှစ်ယောက်ထဲ ရှိတာလေ … ညီလေးကို ဘယ်လိုလုပ်ရမလဲဟင်”

“နောက်မှ ကြည့်ရှင်းကြရအောင်ပုံ၊ လောလောဆယ်တော့ ညီက မောင်နဲ့လိုက်ခဲ့ … တို့တွေက အသက်ပြည့်နေပြီပဲ”

ပုံ ဘယ်လိုလုပ်ရမလဲ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတုကို ပြစ်ထားဖို့ဆိုတာ ပုံ စဉ်းပင်မစဉ်းစားရဲ။

မောင်ကလည်း ဖွတ်အတင်း ခေါ်နေသည်။

"မောင်တို့ လက်ထပ်မှဖြစ်မယ် ... မေမေက မောင့်ကို တခြားတစ်ယောက်နဲ့ လက်ထပ်ပေးတော့မယ်"

"မောင်"

"တို့နှစ်ယောက်က ညီမလေးကို ပြစ်ထားမှာမှမဟုတ်တာ တစ်ပတ်လောက်ပဲ ပုံရယ် ..."

ပုံနှင့်မောင် ချစ်သူတွေဖြစ်ကြတာ ညီမလေး ကန့်ကွက်နေသည့်ကြားမှ လက်ထပ်တဲ့အထိ ဖြစ်သွားကြသည်။

"မောင်တို့ တစ်ခါထဲသွားကြမယ် ... နေထိုင်စရာတွေ စီစဉ်ပြီးသွားပြီ"

ညီမလေးတုကို မှာစရာရှိတာတွေမှာဖို့ပင် မောင်က အချိန်မပေးတော့။

သူမအား အတင်းအကြပ်ကြီးပဲ ခေါ်ဆောင်သွားသည်။

"ပုံ ... ချစ်ပွင့်ပုံ၊ မင်းဘာမှ ကြောက်မနေစမ်းပါနဲ့ကွာ၊ မောင်ရှိပါတယ် ... ညီမလေးအတွက် ပတ်ဝန်းကျင်ကို အပ်ထားခဲ့ပါ"

တု မမကို ခွင့်လွှတ်ပါကွာ။

မမမှာ ရွေးချယ်စရာမရှိလို့ပါ။

လက်မထပ်ရသေးဘဲနဲ့ မမမှာ ကိုယ်ဝန်ရှိနေပါပြီ။





မောင့်ကို မဖြစ်မနေ လက်ထပ်ရတော့မယ်။

မောင့်ဘက်က တာဝန်ယူနေတာပဲ မမ ဝမ်းသာအားရ ဆက်ခံရတော့မယ်လေ။

"ပုံ့ညီမလေးက ပုံ့ကို နားလည်မှုပေးနိုင်ပါ့မလား မောင်ရယ် နောက်နှာလည်း ပူစရာကောင်းတယ် ... အစ်မက စံပြဖြစ်ရမှာလေ"

ပုံ မျက်ရည်ကျချင်သည်။

မောင်က ချမ်းသာတဲ့မိသားစုကပါ။

ကျွန်မ ဝင်ဆန့်ဖို့ပင်မလွယ်။

မောင့်အမေက အဆင့်အတန်း ခွဲခြားပြီး မောက်မာသူဆိုတာ ပုံ သိသိကြီးနဲ့ပါ။

"မေမေက မောင့်ကို ညီ့ထက်တောင်ချစ်တယ်၊ မစွန့်ပြစ်နိုင်ပါဘူး၊ မြေးလေး မွေးပြီးရင် ပိုပြီးတော့တောင် ချစ်သွားဦးမယ်"

ပုံလည်း ဘယ်လိုမှငြင်းဆန်၍မရတော့။

မောင့်နောက်ကို လိုက်ခဲ့မိသည်။

"တု ... ညီမလေး ... မမချစ်သူနောက် လိုက်သွားတယ်၊ နောက်မှ ဘာဖြစ်လို့လိုက်ရတယ်ဆိုတဲ့အကြောင်းတွေ ရှင်းပြမယ်နော်"

"မမ ... ဘာဖြစ်လို့ ဒီလောက်အထိ မိုက်မဲရတာလဲဟင်"

"တုရယ် ... နောက်မှပဲ ပြောတော့မယ်၊ တု တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲ မအိပ်နဲ့နော်၊ ဘေးက ချိုသွယ့်ကို ခေါ်ထား … မမတစ်ပတ်လောက်ဆို ပြန်လာမှာပါ”

ညီမလေးကို အကြောင်းကြားပြီး မောင့်နောက်သို့ ပံ့လိုက်လာခဲ့သည်။

တရားရုံးမှာ တရားဝင် လင်မယားအဖြစ် လက်မှတ်ထိုးခဲ့ကြ၏။

နှစ်ရက်လောက်အကြာမှာပဲ မောင့်အမေက လာရောက်ခေါ်လေသည်။

“သားကို မေမေ တာဝန်ယူပါတယ်ကွယ်၊ မေမေ့သားကြီးကို မေမေ ဘယ်လောက်ချစ်ရလဲ … သားကြီး ရက်စက်လိုက်တာ”

ယောက္ခမ ဒေါ်မေသက် ရောက်လာပြီး ငိုယိုရင်း ခေါ်သည်။

“သားတို့ချစ်ခြင်းကိုတော့ မခွဲပါနဲ့ မေမေရယ် … ပုံ့ကို မခွဲနိုင်ဘူး”

“သားတို့က လက်ထပ်ပြီးနေပြီပဲကွယ် … မေမေ မခွဲတော့ပါဘူး၊ ပြန်လိုက်ခဲ့ပါတော့နော်”

မောင့်အမေက ပြန်ခေါ်၍ ပြန်လိုက်လာခဲ့ရသည်။

မောင့်မိခင်က ချမ်းသာပြီး မောက်မားလွန်းတာ သူမ သိ၏။

မောင်နှင့် မခွဲနိုင်တော့လည်း သူမ လိုက်ခဲ့ရသည်။

“သားကြီး မင်္ဂလာပွဲကိုတော့ တခမ်းတနား လုပ်မနေတော့





ဘူး၊ ဘာပဲဖြစ်ဖြစ် မေမေရဲ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတဲ့ မိန်းမလေးဖြစ်နေတယ် … ”

“မေမေ”

“သားကြီးရယ် … မေမေ့ချစ်ခြင်းမေတ္တာတွေကို နားလည်ပေးပါ၊ စိန်တိုက်ပိုင်ရှင် ဒေါ်မေသက်ရဲ့ ချွေးမက အစုတ်အနုတ်ဖြစ်နေတာ၊ လူပုံအလယ်မှာ ပွဲထုတ်ဖို့ မဖြစ်နိုင်ဘူးလေ”

ဒေါ်မေသက်ကလည်း သားကြီးကို မျက်ရည်တရွှဲရွှဲနှင့် ပြောနေသဖြင့် မောင်က ဘာမှမပြောတော့။

လက်ထပ်ပွဲ မလုပ်ပေးတာလည်း ပုံ ဘာမှမဖြစ်ပါဘူး။

ယောက္ခမကြီး ဒေါ်မေသက်ပြောတာလည်း မှန်နေတာပဲ။

သူမက မိမဲ့ ဖမဲ့ နုံနုံချာချာ။

သူမ ဘွဲ့ရထားတာပဲ ရှိသည်။

“ပုံရယ် … မေမေ့ဆန္ဒအတိုင်းပဲ မောင်တို့လက်ခံလိုက်ကြရအောင်ပါ၊ မေမေက လက်ခံထားပြီးပြီပဲ၊ မောင်တို့ ရင်သွေးလေးမွေးရင် မေမေ စိတ်ပြေသွားမှာပါ”

“ကျွန်မလည်း သဘောတူပါတယ် မောင်ရယ် … ဒါပေမဲ့ ပုံ့ညီမလေးကို ဘယ်လိုလုပ်ရမလဲ၊ ပုံ တွေ့ချင်တယ် … ”

“ဒါကတော့ တွေ့လို့ရပါတယ်ကွာ … မောင်နဲ့သွားတွေ့ ပိုက်ဆံလည်းပေးခဲ့မယ် … လောလောဆယ်တော့ မောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အတူနေလို့ မဖြစ်သေးဘူးလေ"

"အင်းပါ ... ပုံတို့ သွားတွေ့ပြီး အားပေးနှစ်သိမ့်ကြရအောင်ပါ၊ ပုံ့မှာက ဒီညီမလေးပဲရှိတာ၊ ဖြစ်ထားလို့ မဖြစ်ဘူးလေ"

"မောင်တို့ စောင့်ရှောက်မှာပါ ... မေမေကို ပြောပြီး အိမ်မှာခေါ်ထားမယ်လေ"

"ကျွန်မအနားမှာတော့ ခေါ်ထားချင်ပါတယ် မောင် ... ဒါပေမဲ့ ... ကောင်းပါ့မလားလို့ပါ"

"ခဏလေးတော့ အခြေအနေကို စောင့်ကြည့်ရအောင်ပါ ပုံရယ် ... စိတ်မပူပါနဲ့"

ညီမလေးအတွက် စိတ်ပူရတယ်။

တစ်ပတ်လောက်ပဲ ကြာမယ်လို့ ပြောထားခဲ့တာပါ။

တုက ပြဿနာကောင်မလေး။

သူမလို မဟုတ်။

ဇတ်ဇတ်ကြဲ။

ဘယ်လိုလူကမှ သူမအား နိုင်ထက်စီးနင်း လုပ်၍မရပေ။

ပုံနှင့်မောင် ချစ်သူတွေဖြစ်သွားကြရတာတောင်မှ မတန်မရာကို မမှန်းစမ်းပါနဲ့ဟု တားဆီးခဲ့သည်။

"ပုံ ..."

"ဟင်"





"ဘာတွေစဉ်းစားနေတာလဲပုံရာ ... ပျော်ပျော်နေစမ်းပါ၊ မောင်တို့ဘဝက အေးချမ်းနေပြီပဲ၊ ဘာလိုသေးလို့လဲ ..."

"ပုံကတော့ ရင်တွေအရမ်းလေးလံနေတာပဲမောင်ရယ်၊ ညီမလေးက မဟုတ်မခံလေးပါ၊ တစ်စုံတစ်ခုဖြစ်သွားမှာ စိတ်ပူတယ်"

တု ဘယ်လိုနေနေလဲ။

မာနခဲမလေးပါ။

အစ်မကို စိတ်နာကြည်းမုန်းတီးနေပြီလား။

တက္ကသိုလ်ဝင်တန်းအောင်ပြီး မော်ဘီ နည်းပညာတက္ကသိုလ်မှာ တက်နေပြီး ပညာတစ်ပိုင်းတစ်စနှင့် ရပ်သွားမှာလည်း စိတ်ပူနေသည်။

"ပုံ ဘာမှမပူနဲ့၊ ဒီညနေပဲ မောင်ကုမ္ပဏီကနေ ပြန်ရောက်တာနဲ့သွားကြမယ်၊ ပုံ့ညီမလေးကို မောင်လည်းတွေ့ဖူးအောင်လေ"

"ကောင်းတယ်မောင် ... ပုံတို့ အကျိုးအကြောင်းတော့ ပြောပြရမှာပဲ ... ပတ်ဝန်းကျင်ကိုလည်း အပ်ထားရမယ်လေ"

ညီမလေးနှင့်အတူ သူငယ်ချင်းစန္ဒာခင် ရှိတယ်။

စိတ်တော့ ချရသည်။

မောင် ကုမ္ပဏီကိုသွားတော့မှ ယောက္ခမကြီး ဒေါ်မေသက်က တစ်စခန်း ထလေသည်။

"ချစ်ပွင့်ပုံ ... ကျုပ်ကတော့ ညည်းကို ချွေးမအဖြစ် သတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှာမဟုတ်ဘူးနော်၊ ညည်း ဘ၀ မမေ့နဲ့ … ငါ့သား ကံဆိုးတယ်၊ ညည်းနဲ့ မတူမတန်ဘူး”

သူမကတော့ ပြောစရာစကား မရှိတော့အောင် ဖြစ်နေသည်။

မောင့်မေမေ သဘောအတိုင်းနေဖို့ပဲ ဆုံးဖြတ်ထား၏။

သူမ လွယ်ထားတဲ့ရင်သွေးလေးရဲ့ ရှေ့ရေးကိုကြည့်ရမည် ဖြစ်သည်။

“ညည်း အိမ်မှုကိစ္စတွေ လုပ်ရမယ် … ကျုပ်တို့အိမ်မှာ အလုပ်သမား မရသေးဘူးလေ”

“ဟုတ်ကဲ့”

ပုံ့မှာ ကိုယ်ဝန်ရှိနေတာကို မောင့်မေမေအား မပြောပြဖြစ်။ မောင်ပဲ ပြောပြထားသင့်သည်။

“ချစ်ပွင့်ပုံ”

“ရှင် … ”

“ညည်းယောကျ်ားကို ဘာမှသွားမပြောနဲ့နော်၊ တို့သားအမိကို သွေးမခွဲပါနဲ့”

“ကျွန်မ အဲဒီလိုမပြောတတ်ပါဘူး မေမေ … မောင့်ကို စိတ်ချမ်းသာစေချင်ပါတယ်”

“ညည်းနဲ့ငါ့သားနဲ့ လုံးဝမတန်ဘူး၊ ငါ ဘယ်လောက်အထိ





စိတ်သောကတွေ ခံစားခဲ့ရလဲ … ”

မောင့်မေမေကို ပြောချင်တဲ့စကားတွေ ရင်ထဲမှာ ပြည့်နှက်နေသည်။

ညီမလေးအတွက် ဘယ်လိုလုပ်ရမလဲ။

မောင့်မေမေ မျက်နှာပေါ်မှာ တင်းမာခက်ထန်နေ၏။

ပုံ ငိုချင်လာသည်။

“ငါ့သားငယ်တစ်ယောက် ပြန်လာလိမ့်မယ် … ညည်းလို မိန်းမတစ်ယောက်ကို ငါ့သားကြီး လက်ထပ်တာ သားငယ် အတူမြင် အတတ်သင်မှာ စိတ်ပူရတယ် … ”

“ရှင်”

“ညည်းတို့လို အဆင့်အတန်းကမျှား ကျုပ်သားတွေနဲ့ လက်ထပ်စရာလား၊ ဖြစ်နိုင်ရင် ကျုပ်ကတော့ ကွာရှင်းစေချင်တယ်”

မောင့်အမေ မျက်နှာထားကြီးက မတူမတန်သလိုနှင့် ပုံ ကြောက်လာရသည်။

မောင့်ကို လက်ထပ်မိတာ ပုံမှားပြီထင်တယ်။

ညီမလေးက တားနေခဲ့၏။

ဒီအခြေအနေမျိုးကို ညီမလေးသိသွားရင် ဘယ်လိုလုပ်မလဲ။

“ချစ်ပွင့်ပုံ … ”

“ရှင်”

“အိမ်သန့်ရှင်းရေးတွေ လုပ်လေ … ဘာငိုင်နေတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ညည်းကိုယ်ညည်း သူ့ချွေးသားကို လက်ထပ်ယူပြီး စိတ်ကြီးမဝင်နဲ့

သူမ ဘာမှစဉ်းစားမနေတော့ဘဲ ဖုန်စုတ်စက်ကိုယူ၍ သန့်ရှင်းရေးတွေ လုပ်နေမိသည်။

အမလေး ...

မောလိုက်တာ။

သူမ ဗိုက်ကြီးနာခွဲနေလား မသိပါဘူး။

အစားအသောက်တွေလည်း မစားချင် အော့အန်၍ အားနည်းနေသည်။

"ချစ်ပွင့်ပုံ"

"ရှင်"

"ညည်းဘဝကို ညည်းသိနော် ... အဆင့်ချင်း မတူတဲ့ ယောကျာ်းကို လက်ထပ်ယူဖို့ ကြိုးစားတဲ့ မိန်းမတိုင်း စည်းစိမ်ခံစားရမယ် မထင်နဲ့ ... "

သူမ စိတ်ထဲတွင် မောင့်ကို ကွာရှင်းပြစ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေရသည်။

အဖွားကြီးက တစ်နေကုန် ခိုင်းစေနေတော့၏။

သူမ ပြစ်လဲချင်လာတယ်။

ညနေစောင်းလို့ မောင်ပြန်လာတော့ မောင့်မေမေ အချိုးတစ်မျိုး ပြောင်းသွားသည်။

"သားရေ ... ဒီမှာလေ သမီးပုံက မေမေ့ကိုကူညီမယ်ဆိုပြီး အိမ်မှုကိစ္စတွေ လုပ်ထားတယ်၊ ထမင်းဟင်းတွေလည်း ပြင်ဆင်ပေးထားတယ်"

ပုံ့ကို သမီးပုံတဲ့။

မေမေ့မျက်နှာက ချိုသာလွန်းနေသည်။

ပုံကတော့ မောင့်ကိုလည်း အတို့အထောင် မလုပ်လိုပေ။ အိမ်ထောင်ရေးမှာ သာယာအေးချမ်းစေချင်သည်။

"ပုံ"

"ဟင်"

"မင်း ပျော်ရဲ့လား ... အိမ်မှုကိစ္စတွေရော မင်းဆန္ဒနဲ့လုပ်တာလားကွာ"

"ဟုတ်ပါတယ်မောင် ... ကျွန်မ လုပ်ချင်ပါတယ်၊ အိမ်မှာရှိနေတာပဲ ဘာမှအပန်းမကြီးပါဘူး မောင်ရယ် ... "

မောင့်ရင်ခွင်ထဲ တိုးဝင်၍ သူမ ပြောမိသည်။

မောင့်မေမေရဲ့ ဆက်ဆံမှုတွေကို ပြောလို့ မဖြစ်ပါဘူး။

ဟုတ်တာပဲလေ ...

ပုံက အဆင့်မှမရှိတာဘဲ။

"ထမင်း စားပြီးရင် မောင်တို့အပြင်ထွက်ကြမလား"

"အင်း ... ညီမလေးဆီကိုလား"

"ဟုတ်တယ်လေ ... ပုံ့ညီမလေးဆီ သွားပြီး ကူညီထောက်ပံ့ကြမယ်"







www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဘာပြောမလဲမောင် ... ကျွန်မတို့ကို အပြင်ထွက်ခွင့်ပေးပါ့မလား"

"မောင် ပြောပါ့မယ် ... မေမေက မောင့်ကိုချစ်ပါတယ်"

"မောင့်ညီလေး ပြန်လာမယ်လို့ မေမေကပြောတယ်"

"ပြန်လာမယ် ... ညီက အေးပါတယ်၊ မောင့်လိုတောင်မဟုတ်ဘူး ... မေမေ့စကားလည်း အရမ်းနားထောင်တယ်"

တကယ်ဆိုရင် ပုံ အရမ်းပဲ ကြောက်ရွံ့တုန်လှုပ်နေတာပါ။

မောင်တို့ အသိုင်းအဝန်းတွေက ပညာတတ်တွေ သူဋ္ဌေးတွေပဲ။

"ပုံ ပြင်ဆင်ထားနော် ... မောင် မေမေ့ကိုပြောပါ့မယ်၊ မင်းဘာမှမပူနဲ့၊ စိတ်ဖိစီးမှုတွေ မထားနဲ့ ... ပုံက ဒီအိမ်က မိသားစုဝင်လေ"

မိသားစုဝင်လို့ မောင်ကပြောပေမယ့် မောင့်မေမေကတော့ ကျွန်တစ်ယောက်အဆင့်ပဲ သတ်မှတ်နေသည်။

ပုံ သည်းခံနေထိုင်ဖို့ပဲ ဆုံးဖြတ်ထား၏။

ဘာဖြစ်လို့လည်းဆိုတော့ ပုံ ရင်မှာ မောင့်ရင်သွေးလေး လွယ်ထားရပြီလေ။

သူမ အပြုံးတွေနှင့်ပဲ မောင့်ရင်ခွင်ထဲမှာ နေမိသည်။

အခန်း ( ၂ )

တံ တစ်ယောက်ထဲ အိမ်လေးထဲမှာ ငုတ်တုတ်လေးထိုင်မိနေသည်။

မမပုံ ချစ်သူနောက်လိုက်သွားတာဟု သူငယ်ချင်းနက ပြောပြခဲ့၏။

ဘာဖြစ်လို့လဲ ...

ညီမလေး တစ်ယောက်ထဲကိုပြစ်ပြီး ယောကျ်ားနောက်လိုက်သွားခဲ့တာလား။

တကယ်စိတ်ပျက်ဖို့ကောင်းတဲ့ မမပဲ။

ဒီညီအစ်မနှစ်ယောက်ထဲ ရှိတာပါ။

"မမက ချမ်းသာတဲ့ယောကျ်ားကိုယူပြီး သူဋ္ဌေးမကြီးဖြစ်ချင်နေလားမသိဘူး ... ဘာအထင်ကြီးစရာ ရှိလို့လဲ ... "

မိဘတွေက သဘောမတူ၍ ခိုးရာလိုက်ပြေးရတဲ့ဘဝကို တံ

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဆုံးပင်။

ဘာ မတူမတန်ရမှာလဲ။

လူလူချင်းပဲဟာ။

မမပုံ နိုးရာလိုက်ပြေးသွားရတဲ့အဖြစ်ကို ဆိုးဝါးလွန်းသည်ဟု ထင်မိ၍ လက်မခံနိုင်ပေ။

သူငယ်ချင်းနက အဖော်အိပ်ပေးမည်ဆိုတာပင် တု လုံးဝ လက်မခံခဲ့။

"ဘာကြောက်စရာရှိလို့လဲ ... တစ်ယောက်ထဲနေမယ်"

တု တစ်ယောက်ထဲ ဒေါသတွေဖြစ်နေတုန်း သူမတို့ အိမ်လေးရှေ့သို့ ကားတစ်စီးက လာရပ်သည်။

ကားပေါ်မှဆင်းလာကြသူတွေက ယောကျ်ားတစ်ယောက်နှင့်မမပုံ။

ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကလည်း တအံ့တသြနှင့် ခေါင်းပြူကြည့်နေကြသည်။

"တုရေ ... ညီမလေး ... ဟင် ... တုတစ်ယောက်ထဲပါလား၊ နုရော လာမနေပေးဘူးလား"

"လာစောင့်ပေးကြပါတယ် ... တုက တစ်ယောက်ထဲ နေချင်လို့လေ ... ဘာကြောက်စရာမှ မရှိပါဘူး၊ တုတစ်ယောက်ထဲ နေရဲပါတယ်"





တုတစ်ယောက် ဂျစ်တိုက်နေပြီဆိုတာ ပုံသိသည်။

ငယ်စဉ်လေးထဲက အစ်မကို အနိုင်ကျင့် ဂျီကျနေကြပါ။

"မောင် လာထိုင်ပါ ... ဒါကလေ ပုံပြောပြောနေတဲ့ ပုံ့ရဲ့ ချစ်ဆုံး ညီမလေး တုနှိုင်းစံပါ ... "

ပုံက မောင်နှင့်မိတ်ဆက်ပေးလိုက်တော့ မောင်ကလည်း ဖော်ရွေရွေနှင့် ပြန်နှုတ်ဆက်တာ တုက တင်းတင်းပဲ။

"ညီမလေးတုက မမကို စိတ်ဆိုးနေတာ ထင်တယ်၊ အစ်ကို ာင်းပန်ပါတယ်ကွာ ... မင်း မမကို အစ်ကိုက ဇွတ်အတင်းခိုး ခဲ့တာပါ၊ ပုံက မလိုက်ချင်ပါဘူး၊ အဖြစ်တင်ရင် အစ်ကို့ကိုပဲ စ်တင်ပါတု"

တုက မရယ်မပြုံးနှင့် စကားလည်း ပြန်မပြော၍ မောင်က ညီအစ်မနှစ်ယောက် စကားပြောကြဦး ... အေးအေးဆေး မောင်ပြန်လာခေါ်မည်ဟု ပြောပြီး ထွက်သွားသည်။

"တု ... "

"ကျွန်မဆီ ဘာလာလုပ်တာလဲ ပြန်လိုက်သွားပါ ... ကျွန်မ ယောက်ထဲလည်း နေရဲတယ်နော် ... ထားခဲ့ပါ"

"မမယောကျ်ားနောက် လိုက်သွားတာ တောင်းပန်ပါတယ် ... မမ မှားပါတယ်၊ ပြီးတော့လေ ... မမပုံမှာ ကိုယ်ဝန် ရှိသွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"ဟိုလေ ... မောင်နဲ့ရင်သွေးလေး ရှိသွားလို့ပါ၊ မမတောင်းပန်ပါတယ်နော် ... မောင်က ညီမလေးတု မြင်တဲ့အတိုင်းပဲလေ မမကို အရမ်းချစ်ပြီး တန်ဖိုးထားတယ်တု"

မမပုံယောက်ျားကတော့ မဆိုးပါဘူး။

မာနလည်း ရှိပုံမရပေ။

မမပုံကိုလည်း ချစ်သည်။

"ညီမလေးတု စိတ်မဆိုးပါနဲ့တော့နော် ... မမတောင်းပန်ပါတယ်ကွယ်"

"ကောင်းပြီလေ မမပုံ ... ဖြစ်သွားပြီးပြီဆိုတော့ တုလည်း အပြစ်ပြောမနေတော့ပါဘူး၊ အရေးကြီးတာက မမပုံ ပျော်ရွှင်ဖို့ ပျော်တယ် မဟုတ်လား ... "

"ပျော်ပါတယ် ... မမပုံက ညီမလေးတုရဲ့ ခွင့်လွှတ်မှုကို လိုချင်တာပါ၊ ညီမလေးအတွက် မမထောက်ပံ့ပါ့မယ်နော် ... "

"မမအခက်အခဲဖြစ်နေရင်လည်း တုကို မထောက်ပံ့ပါနဲ့ အလုပ်ထွက်လုပ်မယ်၊ တုဘဝ ရှေ့ရေးကိုတော့ အဆုံးမခံပါဘူး"

"တုရယ် ... မမထောက်ပံ့ပေးတာကို လက်ခံပါ၊ ညီမလေးကို မမအနားခေါ်ထားဖို့လည်း ကြိုးစားပါ့မယ်"

တုလည်း အတင်းအကြပ် မပြောလိုတော့။





မမမှာလည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့ အတိုက်အခံတွေ မလုပ်လိုတော့ပေ။

တုတို့မှာ ဒီညီအစ်မနှစ်ယောက်ပဲ ရှိခဲ့တာပါ။

"နော် ... တုလေး ... မမ စိတ်ချမ်းသာအောင် လက်ခံပေးပါနော် တု ... "

"အင်း"

"ဝမ်းသာလိုက်တာ၊ ညီမလေး ပညာရေး တစ်ဝက်တစ်ပျက် ဖြစ်မှာတော့ မမ လုံးဝမလိုလားပါဘူး၊ ရော့ ... ပိုက်ဆံ ယူထား၊ လိုအပ်တာ သုံးနော်"

"များလိုက်တာ"

"မများပါဘူး ညီမလေး သိမ်းထားလေ ... ပေးခွင့်ရတုန်း မပေးထားတာပါ"

"အင်းပါ"

မမပေးတဲ့ ပိုက်ဆံက ဆယ်သိန်းတောင် ဖြစ်နေသည်။

တု လက်မခံချင်ပေမယ့် တုကလည်း ကျောင်းတက်နေရသေး၏။

မမကတော့ သိမ်းထားတဲ့။

"တု"

"ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"မမကို ခွင့်လွှတ်ပါနော်၊ တို့မှာ ဒီညီအစ်မနှစ်ယောက်ထဲ နေတာလေ ... ညီမလေး ဘွဲ့ရအောင်လုပ်၊ အင်ဂျင်နီယာဖြစ်ရင် မမစိတ်အေးပြီ၊ တုက ဉာဏ်ကောင်းပါတယ်၊ ပညာရေးလည်း ကြိုး စားတာပဲ"

"စိတ်ချပါ ... တုကတော့ မမပုံကိုလည်း အရမ်းအားမကျ ချင်ပါဘူး၊ ယောကျ်ားတွေလေ ... တုတစ်ယောက်ထဲ နေရမယ် တယ်မမ ... နလည်း ရှိတာပဲ"

"ဒါကြောင့်ပေါ့ ... မမအပ်ခဲ့ချင်တယ်"

"မမ"

"ဟင် ..."

"ဟိုမှာ တကယ်ပဲ အနှိမ်ခံဘဝ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး တုရယ် ... မမ ကားနဲ့လာတာပဲ၊ မောင် အရမ်းချစ်တယ်၊ တန်ဖိုးလည်း ထားတယ်၊ မိခင်က သဘောမတူ ကြားက ယူခဲ့တာလေ"

မမပုံက ဆင်းရဲတာပဲရှိတာပါ။

ရုပ်ရည်ရော ပညာပါ ပြောစရာမရှိပေ။

မမပုံက အေးဆေးရိုးသားသူ။

စိတ်ပူတယ် ...

ယောက္ခမတွေက နှိမ်ထားမလား တုပူပင်နေခဲ့သည်။





"တုအတွက်လည်း သိပ်စိတ်မပူနဲ့နော်၊ မမအတွက်ပဲ ကြည့်ပါ ... ဒီလောက်ထောက်ပံ့ထားရင် ရပါပြီ"

"တု"

"ရှင်"

"မမကို ခွင့်လွှတ်တယ် မဟုတ်လားဟင်"

"ခွင့်မလွှတ်ချင်ပါဘူး ... တုက စိတ်ပူတာသိလား၊ သူဌေး အသိုင်းအဝန်းတွေက မမကို နှိမ်ချဆက်ဆံကြမလားလို့ပါ"

တုရယ် ...

မမကို သူတို့တွေက ဘယ်လောက်ပဲနှိမ်ချဆက်ဆံကြပါစေ မမ အသနားခံရမယ်လေ။

ရင်သွေးလေး ရှေ့ရေးပါ။

"တုကိုလည်း မမစိတ်ပူတယ်၊ တုက ဆတ်ဆတ်ထိမခံတဲ့ ကောင်မလေးလေ ... နောက်ဆို အဲဒီလိုမလုပ်နဲ့တော့နော်၊ ပညာရေးပဲ ကြိုးစားပါ ..."

တုလည်း မမကို ချစ်လည်းချစ် သနားလည်းသနားသည်။

ညီမအတွက် အမြဲတမ်း စိတ်ပူပင်ပြီး ထောက်ပံ့နေရှာတဲ့ အစ်မပါ။

ချစ်သူရှိတာတော့ တု မကန့်ကွက်လိုပေမယ့် ချမ်းသာသူ ဖြစ်၍ တု ကန့်ကွက်ခဲ့သည်။

www.burmeseclassic.com



"မမ"

"ဟင်"

"တုအတွက် မပူပါနဲ့နော် ... မမပဲ နေကောင်းအောင် ကြိုးစားပါ"

"အင်းပါ ... "

ညီအစ်မနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး အားပေးရင်း ပုံက ဆိုးမနေရသည်။

တုက ဆိုးသွမ်းပေတေသူတော့မဟုတ်။

နည်းနည်းလေးမှ အကျောမခံတတ်။

မာနလည်း ကြီးသည်။

"မမကတော့ တုကို ပြစ်မထားပါဘူး၊ စောင့်ရှောက်နေမှာပါ"

မောင်က ပြန်ရောက်လာသည်။

တုအတွက် စားစရာတွေနှင့်အသုံးအဆောင်ပစ္စည်းတွေ ဝယ်လာခဲ့၏။

ညီမလေးအတွက်တဲ့ တု မျက်နှာလေးပြုံးပြီး အရောတဝင် စကားတွေပြောလာ၍ စိတ်အေးရသည်။

"တုအတွက် ဘာမှမလိုအပ်ပါဘူး အစ်ကို ... ရပါပြီ၊ အရေးကြီးတာက မမကိုချစ်ပေးဖို့ ပျော်ရွှင်အောင်ထားပေးစေချင်ပါ





တယ်"

"စိတ်ချပါတု ... မင်းအစ်မကိုချစ်လို့ အရယူခဲ့တာပါ ... အစ်ကိုကတော့ ပျော်ရွှင်အောင် ထားပေးမှာပါ"

"တု ကျေနပ်ပါပြီ ... တုကိုလည်း စိတ်ချပါ၊ မမပုံ စိတ်သောကရောက်အောင် မလုပ်ပါဘူး"

"တုလေးက လိမ္မာပါတယ် မောင်ရယ် ... စာလည်း အရမ်းကြိုးစားတာလေ"

မမခင်ပွန်းက တုအတွက် အသုံးအဆောင်ပစ္စည်းတွေ တော်တော်များများဝယ်ခဲ့ပေးသည်။

ရေခဲသေတ္တာရော အဝတ်လျှော်စက်ရောပဲ။

တု လက်မခံချင်ပေမယ့် မမက လက်ခံစေလိုနေသည်။

"တုလေးအတွက် လိုအပ်တယ်လေ၊ ကျောင်းစာတွေနဲ့ အိမ်မှုကိစ္စတွေ မလုပ်နဲ့၊ စာပဲကြိုးစား ... အင်ဂျင်နီယာဘွဲ့ရအောင် ကြိုးစားစမ်းပါ တုရယ်နော် ... "

"အင်းပါ"

"ညီမလေးအတွက် လိုအပ်တာတွေပြောပါ၊ အဖော်တစ်ယောက်လည်း ရှာပေးမယ် ... ဖုန်းလည်း ယူထားနော်"

"ဟင့်အင်း ... ကျွန်မ အဲဒီလောက်ကြီး မလိုအပ်ပါဘူး၊ ရပါပြီ အစ်ကို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ ညီမလေးရယ် ... အစ်ကို့စေတနာကို လက်ခံပေးပါ၊ ညီမလေးနဲ့အလွယ်တကူ ဆက်သွယ်လို့ရအောင် လေ"

တု လက်ခံလိုက်ရသည်။

မမခင်ပွန်းက စေတနာနှင့်ပေးနေတာပဲ။

မမကလည်း လက်ခံခိုင်းသည်။

"လက်ခံလိုက်ပါကွယ် ... မမ စိတ်အေးအောင်ပါ"

ပုံကလည်း ညီမလေးကို အပြည့်အစုံ ထောက်ပံ့ပေးလိုသည်။

သူမနောက်တစ်ခေါက်ဆိုတာ မမျှော်လင့်နိုင်ပေ။

မောင့်အမေက ဒီတစ်ခါ အပြင်ထွက်တာပင် မျက်နှာကမကြည်လင်။

မသွားဖို့ တားနေသေးသည်။

"မမကတော့ လောလောဆယ် ယောက္ခမရှေ့မှာ ခြေငြိမ်ပြရဦးမယ်နော် ညီမလေး ... မမကို မျှော်မနေနဲ့ဦး"

"ဟုတ်ကဲ့ပါ ... မမ အဆင်ပြေသလိုပဲနေပါနော်၊ ညီမလေးအတွက် စိတ်ချပါ"

အစ်ကိုမောင်က မမအပေါ် ချစ်မြတ်နိုး အရေးပေး ဂရုစိုက်ပုံရ၍ တုလည်း စိတ်အေးသွားရသည်။





တုအတွက်က အရေးမကြီးပါဘူး။

မမခင်ပွန်း ချမ်းသာကြောင်း တုသတင်းကြားထား၍ စိတ်ပူနေခဲ့၏။

တုအတွက်ပါ ဝန်မလေးစေချင်ပေ။

"မမ ပြန်တော့မယ်နော် တုလေး ... "

"ဟုတ်ကဲ့"

"မင်းအစ်မအတွက် စိတ်ချနော် ... အစ်ကိုမောင် အားလုံး တာဝန်ယူပါတယ်"

"တု စိတ်ချပါပြီ ... မမပုံက ရိုးအေးတယ်၊ ခံစားမှုလည်း ပျင်းတယ်လေ၊ တုနဲ့တော့ ဆန့်ကျင်ဘက်ပဲ"

မမပုံက သူမ သူငယ်ချင်းနုကိုလည်း ခေါ်ပြီး အပ်သည်။

ပတ်ဝန်းကျင်မှာလည်း စောင့်ရှောက်ပေးဖို့ အပ်ပြီးမှ ပြန်သွား၏။

နုကိုယ်တိုင်ပင် မမပုံရဲ့ ကံကောင်းပုံကို ပြောလို့မဆုံး ဖြစ်နေသည်။

"တု ... နင့်အစ်မတော့ အရမ်းကံကောင်းတယ်၊ နင်ထင်ထားသလို မဟုတ်ပါဘူးဟ"

"အင်းလေ ... တုကတော့ မမကို ပျော်ရွှင်စေချင်တယ်၊ တုအတွက် ဝန်မလေးစေချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကြည့်စမ်း … နင် အရမ်းပြည့်စုံသွားပြီ၊ ဒါများ နင်က ကန့်ကွက်ချင်နေသေးတယ်"

"တုက စိတ်ပူလို့ပါဟာ၊ သူဌေးအသိုင်းအဝန်းတွေထဲ မမပုံ ဝင်ဆန့်နိုင်ပါ့မလားလို့ပါ"

"မမပုံရဲ့ ခင်ပွန်းက မဆိုးဘူးနော်တု … ရုပ်လည်းချောတယ် သန့်ပြီး ခန့်နေတာပဲ"

"မမပုံကို နှိမ်ချဆက်ဆံလို့ကတော့ ငါနဲ့တွေ့သွားမယ် မှတ်ထား …"

"နင်ကလည်း ဒီလောက်ထောက်ပံ့နိုင်တာ၊ သူတို့က သဘောထားပြည့်ဝလို့ပေါ့ဟဲ့"

"အင်းလေ … တုကလည်း အခြေအနေကောင်းလို့ လက်ခံလိုက်တာလေ၊ ငါ့အစ်မကို မတူမတန် ဆက်ဆံလို့ကတော့လား"

ပတ်ဝန်းကျင်မှ လူတွေကလည်း တုကို အားမငယ်ဖို့ လိုအပ်တာရှိလျှင် အားမနာတမ်း အကူအညီတောင်းဖို့ ပြောနေသည်။

မမ အရှိန်နှင့် တုကို အရေးတယူရှိနေကြ၏။

တုကတော့ မြှောက်မသွားပါဘူး။

မမပုံ ကံကောင်းတယ်ဆိုရင်ပဲ စိတ်အေးချမ်းရသည်။

"အဒေါ်တို့လည်း လာအိပ်ပေးရမလား တုလေး …"

"နေပါစေ … အားလုံးကို ကျေးဇူးတင်ပါတယ်နော်၊ နေ့လည်း





ရှိပါတယ်"

ပတ်ဝန်းကျင်ကလူတွေ အချိန်အတော်ကြာအောင် စပ်စုပြီးမှ ပြန်သွားကြသည်။

"တုရေ … လူတွေကလည်း ပိုက်ဆံရှိလာတော့ အရေးတယူရှိလိုက်တာ၊ တို့တွေလည်း ပိုက်ဆံချမ်းသာတဲ့သူပဲ ရွေးယူကြရအောင်"

မမပုံ တကယ်ပဲ ယောက်ျားအသိုင်းအဝန်းရဲ့ အရေးတယူဆက်ဆံမှုကို ခံယူနေရတာလား။

တုကတော့ မယုံချင်။

တုကို ထောက်ပံ့နိုင်ဖို့ မမပုံ အနစ်နာခံနေရတာမျိုးလည်း မဖြစ်စေချင်ပေ။

မမ ပျော်ရွှင်နေတာ ဟုတ်ပါ့မလား။

တုအစ်မကို နှိပ်စက်လို့ကတော့ တစ်မျိုးတစ်ဆွေလုံးကို အမှုန့်ကြိတ်ပြစ်မယ်။

လောလောဆယ်မှာတော့ တုဘဝလေးက ပြည့်စုံပြီး စိုပြေနေသည်။

www.burmeseclassic.com

အခန်း ( ၃ )

"ဘာပြောတယ်သား … မင်းမိန်းမှမှာ ညီမလေး တစ်ယောက်ရှိတယ် ဟုတ်လား … မင်းက ခေါ်ထားချင်တာလား"

"ဖြစ်နိုင်မယ်ဆိုရင် ခေါ်ထားချင်ပါတယ် မေမေ"

"မဖြစ်နိုင်ဘူး … မေမေ့မှာ သားလူပျိုရှိတယ်၊ မင်းညီက ကြာခင် ပြန်လာတော့မယ်လေ၊ သူ့မှာ အိမ်ရှိတာပဲ"

"သားတို့ အိမ်ခွဲနေမယ် မေမေ … တိုက်ခန်းလေးတစ်ခန်း ငှားပြီး နေပါ့မယ်"

"မင်း ဘယ်လိုပြောလိုက်တာလဲသားရယ် … ပြောရက်လိုက်တာ၊ မေမေ ပြောတာက မင်းညီကြောင့်ပါ၊ မင်းညီ ပြန်လာတော့မယ်လေ"

"ပုံ့ညီမလေးက မာနအရမ်းကြီးတယ်မေမေ … ပညာရေးပဲ ကတထားတာပါ၊ စိတ်မဝင်စားပါဘူး … "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မမေမကတော့ သားတစ်ယောက်ပဲ ဆုံးရှုံးခံနိုင်တယ်၊ နောက်ထပ် သားတစ်ယောက်သာ နိမ့်ကျတဲ့မိန်းကလေးနဲ့ လက်လပ်ရမယ်ဆိုရင် မမေ ရင်ကျိုးမယ်ထင်တယ်သား"

"မမေ ..."

ဒေါ်မေသက်ကတော့ ပုံ့ရဲ့ညီမလေးကို လုံးဝခေါ်မထားချင်ပေ။

ဒါပေမဲ့ ...

သားကြီး အိမ်ပြောင်းပြီး တခြားနေရာမှာသွားနေမှာလည်း မလိုလားမိ။

သားကြီးကို ဖြားယောင်းဆောင်ယူသွားတဲ့ မိန်းကလေးကို ဒေါသတကြီးနှင့် နှိပ်စက်ညှင်းပမ်းလိုသည်။

"ကောင်းကောင်းပညာပေးရမယ် ... ခင်းက လူလည်မ"

ဒေါ်မေသက် စိတ်ထဲကနေ ဒေါသတကြီး ကြိမ်းဝါးနေမိသည်။

"မမေကတော့လေ ... သားတွေ ဒုက္ခရောက်မှာ၊ ဂုဏ်သိက္ခာတွေမဲ့ကြမှာ အရမ်းကြောက်တယ်"

"အိမ်ထောင်ကျသွားပြီဆိုတော့လည်း သူ့လမ်းသူလျှောက်ကြရတာပါပဲ မမေ ... စိတ်မပူပါနဲ့"

သားကြီး ဘုန်းမြတ်ရှိန်ကတော့ မိန်းမကို အရှုံးအမူးစွဲလမ်း





နှင်သက်ပုံပင်။

ဘာကောင်မလဲ ...

ငါ့သားကိုများ ငါ့သားဘေးနားမှာ ချမ်းသာတဲ့ မိန်းကလေးတွေအများကြီး ဝိုင်းနေတာပါ။

"ပုံက ဆင်းရဲနွမ်းပါးပေမယ့် စိတ်သဘောထားပြည့်စုံပါယ် မမေ ... ကိုယ်ဝန်လည်းရှိနေတော့ ဂရုစိုက်ပေးပါ"

ဒီဟာမရဲ့သွေးကိုများ မမေက အသိအမှတ်ပြုမယ်များင်နေလား။

ဒါပေမဲ့ ...

သားကြီးကို အချိုသတ်ရမယ်။

ချွေးမကို အိမ်ပေါ်ကနေ ဆင်းသွားအောင် လုပ်ပစ်ချင်သည်။

"ပုံ့ကို မမေက သဘောမတူပေမယ့် သွေးသားလေးကိုတော့ မမေဂရုစိုက်ရမှာပဲ ... မမေ့ မြေးဦးလေးပါကွယ်"

မမေ့မြေးဦးလေးပါဟု ပြောလိုက်ရတယ်။

ရင်ထဲမှာ မနှစ်သက်မိ။

ဒေါ်မေသက် မုန်းတီးနေမိသည်။

မိမိသားကြီးကိုများ မိမိရွေးလို့ဥပြီး မွေးထားခဲ့ရတာပါ မိချင်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



"ပုံညီမလေးကျတော့ သားတို့ စောင့်ရှောက်ရလိမ့်မယ် [illegible]တော့ ယောက်ျားပီသချင်ပါတယ်"

"အင်းပါ ... မေမေ စဉ်းစားပါ့မယ် ... မေမေ့သားကြီးအဝေး[illegible]မှာတော့ မေမေ မလိုလားဘူး ... မေမေက မုဆိုးမကြီး[illegible]ရှည် ... အမေ့ကို ပြစ်မသွားပါနဲ့"

"မေမေကလည်းဗျာ ... သားက ဘာဖြစ်လို့ပြစ်သွားရမှာလဲ၊ သားဇနီး သားသမီးနဲ့ မေမေနဲ့ မိသားစုပျော်ပျော်ရွှင်ရွှင်နေချင်တယ်"

သား ကုမ္ပဏီကို ထွက်သွားသည်။

ဒေါ်မေသက် တစ်စခန်း ထသည်။

ချွေးမက အခန်းထဲမှာအိပ်နေသဖြင့် မိမိ ဒေါသတွေပေါက်ကွဲရ၏။

မိမိဝင်လာတာ တွေ့ဟော ချွေးမက ပြာပြာသလဲထသည်။

"ညည်းက ဖိမ်ယူနေတာလားပုံ ... ဘာလဲ သူဌေးကတော်စည်းစိမ်တွေ ခံစားနေတာလားဟဲ့"

"မဟုတ်ပါဘူး မေမေ ... ပုံလေ ခေါင်းတွေအရမ်းမူးနေလို့ပါ၊ အစားအသောက်တွေလည်း ပျက်နေပါတယ်"

"ဘာအစားအသောက် ပျက်တာလဲ၊ ညည်းလိုအဆင့်အတန်းကများ နုနေသေးတယ်"





ချစ်ပွင့်ပုံကို မိမိသားကြီးဘဝကို နိမ့်ကျစေရန် ဖျက်ဆီးပြစ်လိုက်တဲ့မိန်းမတစ်ယောက်အဖြစ် ဒေါ်မေသက် မုန်းတီးနေမိသည်။

"ချစ်ပွင့်ပုံ"

"ရှင်"

"ညည်း ယောက်ျားကို အပြင်မှာခွဲနေဖို့ တောင်းဆိုနေတယ်ဟုတ်လား"

"မဟုတ်ပါဘူးမေမေ ... မောင်ကခွဲနေမယ်ဆိုရင်တောင်တားမှာပါ ... မေမေ့ကို စိတ်ဒုက္ခရောက်အောင် ပုံ မလုပ်ပါဘူး"

"ညည်းစကားနဲ့ညည်းနော် ချစ်ပွင့်ပုံ ... ငါ့သားကြီးကို ရွှေလိုညီး မွေးခဲ့တာပါ"

"ဟုတ်ကဲ့"

"ညည်းမို့ မတူမတန် ရာရာစစ အပိုင်ချိုင်ရက်တယ်၊ ငါ ရင်[illegible]လို့ မဆုံးတော့ဘူး"

ပုံလည်း မောင့်မေမေကို အပြစ်မတင်ချင်တော့ပါဘူး။

မိခင်ပဲ ...

ပုံကြောင့် မောင်ဂုဏ်သိက္ခာ မဲ့ရတာလည်းသိသည်။

မောင် ဆင်းဆင်းရဲရဲထပ်ဖြစ်သွားအောင် ပုံမလုပ်ရက်။

ဗိုက်ကြီးနာစွဲတာလား မသိပါဘူး။

ခန္ဓာကိုယ်က မလှုပ်ရှားချင်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ကွာရှင်းပေးလိုက်ပါအေ … ညည်း လွယ်ထားရတဲ့ ကလေးက ငါ့သားရဲ့သွေးစပ်တယ်ဆိုပေမယ့် ငါကတော့ လက်မခံနိုင်ဘူး"

"ရှင်"

"ညည်း … နားမလည်ဘူးလား၊ မသိချင်ယောင်ဆောင်ပြီး ငါ့သားကို အမိဖမ်းလိုက်တာပဲ … တောက် … "

မောင့်မေမေကို တုန့်ပြန်ပြောနိုင်တဲ့ အင်အားတွေ ကင်းမဲ့နေသည်။

မောလိုက်တာ …

အသက်ရှူရတာလည်း မကောင်း။

ပုံ ထိုင်ပြီး အော်ဟစ်ငိုပြစ်ချင်လောက်အောင်ပဲ စိတ်တွေ မွန်းကြပ်လာသည်။

"ညည်း မာယာများမနေနဲ့၊ ငါက ညည်းကို ချွေးမအဖြစ် လက်ခံတယ်ထင်နေလို့လား ဝေးသေးတယ် … ငါ့ရင်ထဲမှာ မီးတောက်နေတယ်၊ ညည်းလို အဆင့်မျိုးကို ချွေးရတယ်လို့ … "

မေမေရယ် …

ပြောရက်လိုက်တာ။

ကျွန်မက အတင်းအကြပ် ယူခဲ့တာမဟုတ်ပါဘူး။

မောင်က ဒွတ်အတင်း အချစ်တွေ တောင်းခံခဲ့တာပါ။





ကျွန်မ ငြင်းပါတယ်။

ပြတ်ပြတ်သားသားကို ငြင်းခဲ့တာပါ။

မောင် အသိဆုံးပါပဲ။

"ညည်းမှာ ညီမတစ်ယောက်ရှိသေးတယ်ဆို"

"ဟုတ်ကဲ့ … "

"ဘာလဲ အဲဒီညီမကိုပါ ညည်းကခေါ်သွင်းဖို့ ကြံစည်နေတာလား"

"မဟုတ်ပါဘူး … ကျွန်မ လုံးဝစိတ်ကူးထဲတောင် မထည့်ခဲ့ပါဘူး မေမေရယ်"

"ငါ့ကို မေမေလို့မခေါ်နဲ့ … အန်တီလို့ပဲခေါ် … "

"ရှင်"

"ငါပြောနေတာ ကြားလား၊ ညည်း ဘာဖြစ်လို့ အလိုက်ကန်းဆိုးမသိနေရတာလဲ ချစ်မွှင့်ပုံ … ရိုးအချင်ယောင် မဆောင်ခမ်းပါနဲ့အေ"

ဒေါ်မေသက်ကတော့ ချွေးမကို အိမ်ကနေထွက်သွားစေချင်သည်။

မုန်းတီးနေမိ၏။

ဒင်းညီမကိုလည်း ခေါ်မထားနိုင်ပါဘူး။

"ကျွန်မ ညီမလေးက သူ့ဟာသူ နေနိုင်ပါတယ် မေမေ …



www.burmeseclassic.com

www.burmeseclassic.com



အဲ ... အန်တီ မကျေနပ်ဘူးဆိုရင်လည်း ညီမလေးကို မခေါ်ပါဘူး"

"မခေါ်နဲ့ ... ငါ့သားကခေါ်ချင်တယ်ဆိုရင်လည်း ညည်းက ငြင်းရမယ် ကြားလား ..."

"ဟုတ်ကဲ့ပါ"

သားငယ် ပြန်လာပြီး စီးပွားရေးတွေလုပ်မှာ။

သားက မိမိ စံပြထားတဲ့သား။

ပညာတတ် ...

ရုပ်ရည်ကလည်း ချောမောသူ။

သားငယ်ကမှ လူတော် ထက်မြက်သူပါ။

စိတ်ပူတယ် ...

ခင်းညီမက ဘာလဲ။

ချစ်ပွင့်ပုံကတော့ ချောသည်။

ယောက်ျားလေးတစ်ယောက် ပြစ်ကျသွားအောင် ဆွဲဆောင် ဖမ်းစားနိုင်သည်။

"ညည်းသိထားဖို့က ငါ့သားတွေဘဝ မြင့်မားနေဖို့ပဲ၊ အဆင့်အတန်းမြင့်မြင့်ချွေးမတွေကိုပဲ မက်မောတယ် ... ညည်းကိုလေ ကျုပ်ဆန္ဒအရဆို အိမ်ပေါ်ကနေ အတင်းဆွဲချပြစ်ချင်တယ်"

ဖြစ်ရလေ မေမေရယ်။

အတ္တကြီးလွန်းပါတယ်။





ငွေကြေး မရှိပေမယ့် မာနတွေတော့ ရှိကြပါတယ်။

ယောက်ျားတစ်ယောက်ကို အဲဒီလောက်ကြီး အငမ်းမရ လက်မထပ်ပါဘူး။

ညီမလေးတုက ပိုမာနရှိသေးသည်။

"ညည်း အခုထပြီး လုပ်စရာရှိတာလုပ်ပါ ... အပျင်းနိုမနေနဲ့ ညည်းကိုယ်ညည်း သူဌေးကတော်လို့လည်း ထင်မနေနဲ့ဦးနော် ... ချစ်ပွင့်ပုံ ... ကိုယ် ဘယ်အဆင့်ကနေလာတာလည်းဆိုတာ မမေ့နဲ့"

"ဟုတ်ကဲ့ပါ အန်တီ ..."

"ညည်းကလေးကိုလည်း အသိအမှတ်မပြုဘူး ... မှတ်ထား"

ဒေါ်မေသက် ပြန်ထွက်သွားမှ ပုံ မျက်ရည်တွေစီးကျလာသည်။

"ညီမလေးရယ် ... မမမှားတာပါ၊ မောင်နဲ့လက်ထပ်ချင်ရင်တောင် မောင်တိုက်ကြီးပေါ်တက်နေလို့ မဖြစ်ပါဘူး၊ ညီမလေး တားခဲ့တာ မှန်တယ်"

မမက ရိုးအတယ်။

သူဌေးချွေးမ သွားမလုပ်ပါနဲ့တဲ့။

ပုံ ခံနိုင်ရည်မရှိ။

ရင်သွေးလေးကို ပျက်စီးသွားစေချင်တဲ့ မောင့်အမေ့ဆန္ဒ က ကြောက်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် ... ကျွန်မ ဒီတိုက်ကြီးထဲကနေ ထွက်သွားချင်ပါတယ်၊ ကျွန်မ ရင်သွေးလေးကို အကာအကွယ်ပေးချင်လို့ပါ"

သူမ ငိုမိသည်။

ပြီးတော့မှ မျက်ရည်တွေသုတ်ပြီး အိမ်မှုကိစ္စတွေ ထလုပ်ပေးရသည်။

ညီမလေးဆီမှ ဖုန်းလာတော့ ပုံ ကြောက်ကြောက်လန့်လန့်နှင့် ဧည့်ခန်းထဲမှာ စကားမပြောရဲဘဲ မီးဖိုခန်းဘက် ထွက်လာခဲ့ရသည်။

"တု ဘာလဲ ... ပြောလေ ... "

"မမ ... "

"ဟင်"

"ငိုနေတာလား"

"ဘာ မဟုတ်ပါဘူးဟယ် ... မမ သိပ်နေမကောင်းချင်ဘူး"

"အခု ဘာလုပ်နေလဲ ... "

"သန့်ရှင်းရေးလုပ်နေတာ"

"ဟင် ... အိမ်မှာအလုပ်သမားတွေရှိနေတာပဲ၊ မမက ဘာဖြစ်လို့ လုပ်နေရတာလဲ"

"မဟုတ်ပါဘူး တုရယ် ... မမက ဦးစီးခိုင်းနေရတာပါ။ မမက ဝါသနာလေ ... "





"မနက်က မမကို တုအိပ်မက်တွေမက်နေလို့ မမနေမှကောင်းရဲ့လားလို့ပါ"

"ကောင်းပါတယ် ... မောင်ကလည်း မမကို အရမ်းချစ်တယ်၊ ယောက္ခမကြီးကလည်း ဂရုစိုက်ပါတယ်ဟယ် မမကိုပူမနေနဲ့ ... ညီမလေးရော ဘာလိုသေးလဲ"

"မလိုပါဘူး ... ညီမလေးအတွက်လည်း မပူပါနဲ့၊ မမသာ ကောင်းအောင်နေပါ"

"အေးပါကွယ်"

"ဒါပဲနော်"

"အင်း ... "

ညီမလေးက ဖုန်းချသွားသဖြင့် ပုံလည်း အိမ်သန့်ရှင်းရေးပြန်လုပ်ဖို့အတွက် ယောက္ခမကြီးက အနောက်မှာရပ်နေသည်။

ပုံအား မျက်ခြေမပြတ် စောင့်ကြည့်နေပုံပင်။

သူမ စိတ်ညစ်သွားရ၏။

အထိတ်တလန့်လည်း ဖြစ်သွားရသည်။

"ညည်း ညီမလား"

"ဟုတ်ကဲ့ ... "

"ဘာတွေလာပြီး တောင်းဆိုနေတာလဲ"

"မတောင်းဆိုပါဘူး ... သတိရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့နော် ..."

ဒေါ်မေသက် စိတ်ထဲမှာ ချစ်ပွင့်ပုံကို မသင်္ကာမိ။

သူ့ညီမကို ဘယ်လောက်အထိ မိမိငွေတွေနှင့် ပေးကမ်းထောက်ပံ့ထားပြီလဲ။

သားက မိန်းမဘက်ပါလွန်းနေတော့ ခက်သည်။

"လုပ်စရာရှိတာလုပ်၊ ညည်းအချောင်မခိုနဲ့ ... သွားတော့"

"ဟုတ်ကဲ့"

ဒေါ်မေသက် အပြင်သို့ထွက်လာခဲ့သည်။

ချစ်ပွင့်ပုံ ညီမကို သွားကြည့်ရမယ်။

မိမိ သားကြီး ဘယ်လောက်အထိများ ပေးကမ်း ထောက်ပံ့ထားလဲလို့။

ချစ်ပွင့်ပုံနေတဲ့ ရပ်ကွက်ထဲရောက်လာ၏။

မိမိ စုံစမ်းကြည့်သည်။

"တုလား ... အရမ်းကိုအဆင်ပြေနေတယ်၊ အစ်မယောက်ျားက သူဌေးလေ ... လင်မယားနှစ်ယောက်စလုံးရောက်လာပြီး အပြည့်အစုံ ထောက်ပံ့နေခဲ့ကြတာပါ"

အိမ်လေးကတော့ ခိုင်ခိုင်ခံ့ခံ့လေးပါပဲ။

မိဘမဲ့တွေတဲ့။

အစ်မကပဲ ရှာဖွေပြီး ညီမလေးကို ကျွေးထားပေးနေတာ





တဲ့။

အိမ်သုံး ပစ္စည်းအကောင်းစားတွေ အပြည့်အစုံ ဝယ်ပေးသွားတယ်တဲ့။

မိမိက ချစ်ပွင့်ပုံတို့အိမ်လေးရဲ့ မလှမ်းမကမ်း လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြည့်နေသည်။

"ဟိုမှာ တုန်ိုင်းစံပဲ ... မာနအရမ်းကြီးတဲ့ ကောင်မလေး၊ ည်ပြီး စွာလွန်းလို့ ဘယ်အကောင်မှ အနားမကပ်ရဲကြဘူးလေ"

တုန်ိုင်းစံတဲ့။

ဒေါ်မေသက် ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင် ရှေ့ကနေ ဖြတ်သွားတာပါ။

တော်တော်လေးတော့ ချောမောတောင့်ဖြောင့်နေတဲ့ မိန်းလေးပဲ။

အင်ဂျင်နီယာကျောင်းသူတဲ့။

မိမိအိမ်ခေါ်ထားလို့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

"မဖြစ်ဘူး ... မဖြစ်ဘူး ... လုံးဝမဖြစ်နိုင်ဘူး"

"ဗျာ ... အစ်မကြီး ဘာတွေပြောနေတာလဲ"

"အဲ့ ... ဪ ... ဘာမှမဟုတ်ပါဘူး၊ အိမ်ကကိစ္စတစ်ခု တရက်တွေးမိသွားလို့ပါ"

မိမိ ထပြန်လာခဲ့သည်။



www.burmeseclassic.com

စိတ်ထဲမှာတော့ လုံးဝမကျေနပ်။

သားကို ဘယ်လိုစည်းရုံးသိမ်းသွင်းထားလဲ။

ဒေါသဖြစ်လိုက်တာနော်။

ဒင်းတို့ကို သားနဲ့ကွာသွားအောင် လုပ်ပြစ်ချင်တယ်။

ဒေါ်မေသက် ဒေါသတွေ ထွက်နေသည်။

အခန်း ( ၄ )

"သားကြီး ... ညစာအတွက် မေမေ ကိုယ်တိုင်ပြင်ဆင်ပေး ားတယ်လေ ... သားမိန်းမက ကိုယ်ဝန်ရှိကာစဆိုတော့ မေမေ မနိုင်းရက်ဘူးလေ"

ပြောလည်းပြောတတ်တဲ့ ယောက္ခမကြီးပဲ။

ပုံ ဘာမှမပြောချင်။

ရေငုံနှုတ်ပိတ်နေလိုက်တာ ကောင်းပါတယ်။

ထမင်း ဟင်းတွေကိုလည်း ပုံပဲ ချက်ပြုတ်ထားတာပါ။

"သားကြီး စားနော် ... ဒါက သားကြီးကြိုက်တဲ့အသုပ်တွေ ... သားကြီး အိမ်ထောင်ရှင်ဖြစ်လဲ မေမေကတော့ ကလေးတစ် ာက်လို့ပဲထင်နေတယ် ... မေမေ ကိုယ်တိုင်ပဲ ပြုစုကျွေးမွေး ာ"

မောင်နှင့်အတူ ပုံလည်း ထမင်းစားရသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်က ပို့ကို နှိမ်ချဆက်ဆံတာမျိုး လက်မခံပေ။

အိမ်ခွဲနေဖို့ တောင်းဆိုသည်။

"ညီလေး ပြန်လာတော့မယ် ... မနက်ဖြန်မနက် မေမေတို့ သွားကြိုရမယ်၊ သားကြီးအိမ်ထောင်ပြုပြီးပြီဆိုတော့ အရမ်းအံ့ဩနေ တယ် ... သားကြီးနဲ့မေမေတို့ သွားကြိုရအောင်ပါ"

ပို့ကို မလိုက်စေချင်ကြောင်း ပြောဆိုနေတာပဲဖြစ်သည်။

ပို့လည်း မလိုက်ချင်ပါဘူး။

မောင့်ညီက ပို့၍တောင် ကြီးကျယ်ခမ်းနားနေဦးမယ် ထင် တယ်။

"ပို့လည်း လိုက်ခဲ့လေ ... မောင့်ဇနီးကို ကြွားရမယ်"

"ပို့ မလိုက်ချင်ပါဘူးမောင်ရယ် ... အိမ်ကပဲ စောင့်နေပါ့မယ် မောင်တို့ပဲ သွားနော် ... ပို့က အားနည်းနေတယ်လေ"

"ပို့မပါတော့ မောင့်စိတ်ကတစ်မျိုးပဲ လစ်ဟာနေသလိုပဲ ညီ သက်ပိုင်သော်က အရမ်းသဘောကောင်းတယ်"

"ပို့လည်းတွေ့ချင်ပါတယ် ... မောင့်ညီသက်ပိုင်သော်က အရမ်းတည်ငြိမ်ပြီး ခန့်ချောချောတယ်တဲ့ ... "

"ဟုတ်တယ် ပို့ရေ ... ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ"

ပို့က အလိုက်သိသားပဲ။

မိမိက မလိုက်စေချင်တဲ့သဘောကို သိနေသည်။





သားရှေ့မှာတော့ မိမိက သဘောကောင်းချင်ယောင် ာင်နေရသည်။

ညည်းကို လူရာမသွင်းနိုင်ပါဘူး။

"ပို့ကတော့ နေခဲ့ပါ ... ကျန်းမာရေးမှ မကောင်းတာဘဲ"

"ဟုတ်ကဲ့ပါ အန်တီ ... "

"ဟင် ... ပို့ ... မေမေ့ကို ဘယ်လိုခေါ်လိုက်တာလဲ၊ မေမေ ခေါ်လေ ... မောင့်အမေက မင်းအမေပဲဟာ ... "

"သမီးရယ် ... ဟုတ်သားပဲ မေမေပဲခေါ်ပါ ... ချွေးမကော ည်း သမီးပါပဲ ... "

မောင့်မေမေက ခုတစ်မျိုး တော်ကြာတစ်မျိုး ပို့ စိတ်ညစ် ည်။

"ဟုတ်ကဲ့ မေမေ ... "

ကွယ်ရာမှာတော့ အန်တီခေါ်တဲ့။ ပို့ ရင်မောမိသည်။

"သား စားနော် ... သမီးလေးလဲစားပါ။ အားရှိအောင်လေ"

မောင့်မေမေက သူမ ပန်းကန်ထဲတော့ ဟင်းခတ်ထည့် းပေ။

သူမ သိသည်။

မေမေက ဟန်ဆောင် သဘောကောင်းပြနေတာကိုပါ။

"ညကျရင် သားသောက်ဖို့ မေမေ ကော်ဖီပို့ပေးမယ်၊ ပို့ကို



www.burmeseclassic.com

www.burmeseclassic.com



မခိုင်းပါနဲ့ ... ပုံလေး အနားယူပါစေ”

“ပုံ့ကို အခုလိုဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မေမေရယ် ... ”

“အမလေး သားကြီးရယ် ... မေမေက သားကြီးနဲ့ပတ်သက်လာပြီဆိုရင် အလေးအနက်ထားရတော့မှာပေါ့ ... ပြီးတော့ ... မေမေ့သွေးကိုလည်း လွှယ်ထားတာပဲ”

ဒေါ်မေသက်ကတော့ လုပ်ချလိုက်ပြန်ပြီ။

မောင့်ကွယ်ရာမှာတော့ ပုံ့ကို နှိမ်နှိမ်ချချဆက်ဆံနေသည်။

သားရှေ့မှာ သဘောကောင်းပြနေလိုက်တာ။

ပုံ မပြောချင်။

မိခင်တစ်ယောက်အနေနှင့် ကိုယ်ချင်းစာမိတာရော ... ယောကျ်ားက မိခင်ကိုပြန်ပြောလျှင် ငရဲကြီးမှာရောကြောက်၍ ... ငြိမ်ခံနေသည်။

“မေမေ့သားတွေကို မေမေ ဘယ်လောက်အထိချစ်တယ် ဆိုတာရော သိရဲ့လားကွယ်၊ သားတို့အဖေ ဆုံးသွားတော့ မေမေ့ အသက်က ငယ်ငယ်လေးပဲရှိသေးတာပါ ... မေမေ နောက်ထပ် အိမ်ထောင်မပြုဘဲ သားတွေမျက်နှာ မငယ်ရလေအောင် နေထိုင်ခဲ့ တဲ့အမေပါ ... ”

“ဟုတ်တယ်ပုံ ... မေမေက သတ္တိရှိတယ်၊ ကြံ့ခိုင်တယ်





သားတွေကို အရမ်းချစ်တယ် ... သားတွေကောင်းစားဖို့ပဲ မေမေ တွေးတောကြံစည်နေတာလေ”

ပုံ အော့အန်ချင်လာသည်။

မေမေ ဟန်ဆောင်နေတာလဲ ပုံရင်ထဲမှာ ကလိ ကလိနှင့် အော်ကြောလန်နေ၏။

ဒါပေမဲ့ ...

ပုံက ပြဿနာ မဖြစ်စေလိုပေ။

မောင့်ကိုလည်း စိတ်ချမ်းသာစေချင်သည်။

“သားတို့အနားယူတော့မယ်နော် မေမေ ... ”

“အေး ... အေး ... အနားယူကြ၊ မနက်တော့ သား စော စောထရမှာနော်”

“ဟုတ်ကဲ့ပါ မေမေ ... ”

“သမီးပုံ နှိုးစက်ပေးထားဦး၊ သားက အိပ်မောကျနေရင် နှိုးလို့မရဘူး”

ပုံ့လက်ကိုဆွဲပြီး မောင်က ထွက်လာတော့ မေမေ့မျက် ခောင်းတွေက ဝင်းခနဲ ကျရောက်သွားသည်။

ပုံကမသိမသာ လက်တွဲဖြုတ်ပေမယ့် မောင်ကမလွှတ်။

ပို၍ တင်းတင်းပင် ဆုတ်ဆွဲထားသည်။

“ဘာဖြစ်လို့ ရုန်းဖယ်နေရတာလဲ ပုံရယ် ... တမင် မေမေ့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ချစ်ခင်ယုယပြနေတာပါ၊ မောင့်ချစ်ဇနီးလေးကို မောင် ဘယ်လောက်အထိ အလေးအနက်ချစ်ရကြောင်း သက်သေပြနေတာလေ”

“မောင်ရယ် ...”

မောင့်စကားတွေကြောင့် ပုံ နာကျင်ရသည်။

မောင်က ဂရုစိုက်လေ မောင့်မေမေက ပုံ့ကို မုန်းတီးလေပါပဲ။

မောင့်ကွယ်ရာမှာ ပုံ ဘယ်လိုဆက်ဆံခံနေရလဲ မောင် မသိပါဘူးနော်။

ဒါပေမဲ့ ...

မောင့်ကို မသိစေရပါဘူး။

“ပုံ”

“ဟင် ...”

“ပျော်ရဲ့လား”

“ပျော်ပါတယ်”

“ညီမလေးအတွက်လည်း ဘာမှမပူနဲ့နော်၊ မောင်ထောက်ပံ့မှာပါ၊ ပညာရေး ဆုံးခန်းတိုင်တဲ့အထိလေ ...”

“မောင်”

“ပြော”





“ညီမလေးကို အရမ်းထောက်ပံ့မနေပါနဲ့၊ တုက ရပါပြီတဲ့၊ ော်ကြာ ပတ်ဝန်းကျင်မှာ ပြောစရာဖြစ်နေပါဦးမယ်”

“မဟုတ်တာဘဲ ပုံရာ ... မောင်လည်း ပုံ့အနားမှာခေါ်ထားင်တယ်၊ မွေးဖွားရင် ပုံအားရှိအောင်ပါ”

“ပုံ အားရှိပါတယ် ... ညီမလေးအတွက် မောင်လည်း ဝန်မပိချင်ဘူးလေ၊ ပြီးတော့လေ ... မေမေက လက်ခံနိုင်မှာမဟုတ်ဘူး၊ ည်း ကိုယ်ချင်းစာပါတယ် ... မေမေ့ခံစားချက်ကိုလေ”

မောင့်အမေဘက်ကပဲ ပုံအကာအကွယ်ပေးနေမိသည်။

မိခင်တစ်ယောက်ရဲ့ ခံစားချက်က အပြစ်မဟုတ်ပါဘူးလေ။

ပုံကလည်း မောင်နဲ့အဆင့်အတန်းချင်းမှ မတူတာဘဲ။

မောင့်အနေနှင့် အမေ့ကို ကလန်ကဆန်လုပ်လျှင် မောင် ျနိုင်သည်။

ပုံ မလုပ်နိုင်။

“အိပ်တော့နော်မောင်၊ အနားယူပါ ... မနက်ကျရင် မောင့် စောစောထပြီး ကြိုရမယ်လေ ...”

“ပုံ”

“ဟင်”

“ကော်ဖီဖျော်ပေး ...”

“ဓာတ်ဗူးထဲမှာရှိနေတယ်၊ မောင့်မေမေ ဖျော်ပေးတာလေ”



www.burmeseclassic.com

www.burmeseclassic.com



"ပုံ ဖျော်ပေးတာပဲ မောင်သောက်ချင်တယ်၊ မေမေ့ရှေ့ မပြောချင်လို့ ... လုပ်ကွာ ..."

မောင်က ဗွတ်အတင်းကြီး ဖျော်ခိုင်း၍ ပုံဖျော်ပေးမယ် တော့ ဓာတ်ဗူးက ရေနွေးမရှိတော့။

"မောင်ရေ ... ဒုက္ခပါပဲ၊ ဓာတ်ဗူးထဲမှာ ရေနွေးကုန်နေ

ပုံ အပြည့်ထည့်ထားတာပါ။

မောင့်မေမေက သွန်ပြစ်လိုက်၍ ဖြစ်နိုင်သည်။

"မီးဖိုချောင်ထဲမှာသွားပြီးယူလေ၊ မောင် စာရင်းတွေ ဦးမယ် ... ပုံဖျော်ပေးတဲ့ ကော်ဖီလေးကို မသောက်ရလို့ မဖြစ်ဘူးနော် ပုံ ..."

ပုံ ဘယ်လိုလုပ်ရမလဲ။

မောင့်မေမေ ဖျော်ပေးထားတဲ့ ကော်ဖီက ဓာတ်ဗူးတ ပဲ။

ပုံ မီးဖိုခန်းထဲ မသွားရဲပါဘူး။

"ပုံ သွားလေ ..."

"မောင်ကလည်းလေ ... မေမေတွေ့သွားရင် ဘယ် မလဲ မောင်ရယ် ... မေမေဖျော်ပေးတဲ့ ကော်ဖီပဲ သောက် နော်"

"မေမေ ဆင်းမလာတော့ပါဘူး ... သွားပါ ပုံရယ် ..."





တော့လည်း ဘာဖြစ်လဲ ... မောင်က အတင်းဖျော်ခိုင်းလို့ပါလို့ ပြောလိုက်လေ"

မောင်ကလည်း ကလေးဆိုးကြီးတစ်ယောက်လိုပဲ ဗွတ် အတင်းဖျော်ခိုင်းနေသည်။

"ပုံ"

"ဟင်"

"သွားပါကွာ ... မေမေပြောရင် မောင်ရှင်းမယ်၊ မောင် မိန်း ယူတာ မိန်းမအပြုအစုကို ခံချင်လို့လေ ... ညစာတောင် မေမေ [?]င်ပေးတာ ခံတွင်းမတွေ့ဘူး ... ပုံပဲ ချက်ပေးပါ"

ညစာလည်း ပုံပဲချက်ပြုတ်ပေးရတာပါ။

မောင်ကတော့ မသိပေ။

မေမေ့လှည့်ကွက်မှာ မောင်နှင့်ပုံ နစ်မျောပြီး သေဆုံးကြရ လားဟင်။

"ပုံ သွားပါကွာ ... မင်းမဖျော်ရင် မောင် တစ်ညလုံး ရှိုကျ ာနော် ... မောင်ရဲ့ဆန္ဒက အပြင်းပြဆုံးဖြစ်နေတယ်၊ သွားပါ မေက အိပ်နေပါပြီ ... အောက်ဆင်းမှာ မဟုတ်တော့ဘူး"

"တစ်ယောက်ယောက်က ပြောပြလိုက်ရင် ဘယ်လိုလုပ် မောင် ..."

"နေပါဦး ... ပုံက မေမေ့ကို အရမ်းကြောက်နေရတဲ့ပုံပဲ၊ စမ်း ... မောင်မရှိတဲ့အချိန်တွေ မေမေက ဘယ်လိုဆက်ဆံလဲ"



www.burmeseclassic.com

"အို ... ဘယ်လိုမှ မဆက်ဆံပါဘူးမောင်ရယ်၊ ပုံက လူကြ
တစ်ယောက်ရဲ့ဆန္ဒကို နားလည်ပေးမိလို့ပါ။ မောင့်မေမေ သိသွား
ချင် စိတ်မကောင်းဖြစ်သွားနိုင်တယ်လေ"

"မဖြစ်ပါဘူး ... မောင် ပြောမယ်ကွာ၊ သားက မိန်းမဖျော်
ပေးတာပဲ သောက်ချင်လာလို့လို့၊ ကဲ ... သွားဖျော်တော့"

သူမ ဘယ်လိုမှ ငြင်းခွင့်မရှိတော့၍ မီးဖိုခန်းထဲထွက်လာ
သည်။

တိုးတိုးတိတ်တိတ်နှင့် စားသောက်ခန်းထဲ ဝင်လာပြီး
ကော်ဖီ ဖျော်ဖို့ ပြင်ဆင်ရ၏။

ကော်ဖီခွက်လေးကို ဇွန်းနှင့်မွှေနေတုန်း မောင့်မေမေ
သူမအနားရောက်လာ၍ အထိတ်တလန့် ဖြစ်သွားရသည်။

"အမလေး"

"ဟင် ... ညည်း ဒါဘာလုပ်တာလဲ ... "

"ပုံ ... ပုံ သောက်ဖို့ ကော်ဖီလာဖျော်တာပါမေမေ၊ စာတ
ထဲမှာ ရေနွေးကုန်နေလို့ပါ။ ဟိုလေ ... မေမေ ဖျော်ပေးတဲ့ကော်
က မောင့်အတွက်ထားတယ်လေ"

ရင်တွေတုန်လိုက်တာ။

တော်သေးတာက ရုတ်တရက် အကြံကထွက်လာလို့။

"ချစ်ပွင့်ပုံ ... "

"ရှင်"





"နင်က ငါ့ကိုရွဲ့ပြီး ကိုယ်တိုင်ကော်ဖီလာဖျော်ပြီး သောက်
ဘာမဟုတ်လား"

မောင့်မေမေ မျက်လုံးတွေက တင်းမာခက်ထန်နေသည်။
ပုံ ထည့်ထားတဲ့ရေနွေးတွေ သွန်ပြစ်လိုက်တာလည်း မောင့်
မေမေပဲဖြစ်နိုင်၏။

ပုံတို့ကို ချောင်းမြောင်းကြည့်နေတာ သေချာသည်။

"ညည်း ... ငါ့သားကို အတို့အထောင်တွေ လုံးဝမလုပ်နဲ့
နော်၊ ပြောတာ ကြားလား ... ငါ့သားရှေ့မှာ ညည်းကို ဘယ်လို
ဆက်ဆံနေပါစေ တကယ်မထင်နဲ့ ... ညည်းကို ကျုပ်ပြောထား
မယ်၊ ညည်းကိုရော ညည်းကလေးကိုရော နေရာပေးမယ်ထင်မနေ
နဲ့ ... ကျုပ်ကတော့ ဘယ်လိုအကြောင်းနဲ့မှ လက်မခံဘူး"

ကော်ဖီခွက်လေးကိုပင် မဖိုး လက်တွေက တုန်ယင်နေ
သည်။

"ပေးစမ်း ... ဒီကော်ဖီခွက်၊ ညည်းကို စေတနာ လုံးဝမရှိဘူး
... "

"ရှင်"

"မသောက်နဲ့ သွား ... ညည်း သောက်ပြီးပြီလို့ပဲ ပြော
လိုက်"

"အန်တီ တောင်းပန်ပါတယ်နော် ... မလုပ်ပါနဲ့၊ မောင်က
အတူတူသောက်ရမယ် ပြောလို့ပါ ... ယူသွားပါရစေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ထားခဲ့ဆို ထားခဲ့စမ်း ..."

ယောက္ခမကြီးက ကော်ဖီခွက်လေးကို ဆွဲယူပြီး လက်ဆေးကန်ထဲ သွန်ချပြစ်လိုက်သည်။

"အန်တီ ... မလုပ်ပါနဲ့"

"ဘာမလုပ်ရမှာလဲ ... ညည်းလင်ကို ရေနွေးမရှိဘူးပြောလိုက် ... ဒါပဲ ..."

မောင့်မေမေက ဓာတ်ဗူးထဲက ရေနွေးတွေကိုပင် သွန်ပြစ်လိုက်သည်။

ပုံ ဘာမှမတတ်နိုင်တော့။

ရင်တွေ တဆတ်ဆတ်တုန်ယင်နေ၍ စိတ်ကို ထိန်းချုပ်ပြစ်လိုက်ရ၏။

ညည်းကိုယ်ညည်း သူဌေးအိုင်တင် ဖမ်းမနေဘဲ ငြိမ်ငြိမ်ကုတ်ကုတ်နေစမ်းဟု ပြော၍ ထွက်သွားသည်။

"မောင် ... ပုံ ဘယ်လိုလုပ်ရမလဲ၊ မောင့်အမေက ပုံ့ကိုကျားချောင်းသလို ချောင်းနေတာပါ။ မကြာခင် ကိုက်သတ်တော့မယ်ထင်တယ်"

သူမ ခြေလှမ်းတစ်လှမ်း လှမ်းဖို့ပင် တုန်နေသည်။

ရင်ထဲမှာ ငိုကြွေးနေချင်သည်။

မဖြစ်သေးပါဘူး။

အိပ်ခန်းဆီသို့ အနိုင်နိုင် ခြေလှမ်း၍ ဝင်လာရ၏။





မောင်က လှည့်ကြည့်သည်။

"ပုံ ကော်ဖီဖျော်ခဲ့တာလား ... ကော်ဖီခွက်ရော"

"ရေနွေးမရှိလို့ပါ မောင်ရယ်"

"ဟာကွာ ..."

"မေမေ ဖျော်ပေးတဲ့ ကော်ဖီလေးပဲ သောက်လိုက်ပါနော် မောင်ရယ် ... နော် ... ပုံ ထည့်ပေးမယ်"

"ဒါဆိုလဲ ပြီးရောကွာ ... အလုပ်သမားတွေ တော်တော်ညံ့ဖျင်းတာပဲ ... ရေနွေးထည့်ထားရမှာပေ့ါ၊ အရင်က အဲဒီလိုမဟုတ်ပါဘူး"

ပုံက နှစ်သိမ့်ချော့မော့သောက်ခိုင်း၍ ပုံလည်းလာ အတူတူသောက်ကြမယ်ဆိုပြီး သောက်ရသည်။

ညည်းကို စေတနာ နည်းနည်းမှမရှိဘူးဆိုတဲ့ မောင့်မေမေစကားကို ပြန်ကြား၍ ကော်ဖီက လည်ချောင်းဝမှာ ပူလောင်ခါးသက်သွားရ၏။

စိတ်တွေလည်း မွန်းကြပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"အမလေး သားငယ်ရယ် ... မေမေလေ အရမ်းလွမ်းလို့ သေရတော့မယ် ... မေမေ့သားငယ်လေး ခန့်လိုက်တာ၊ နဖတ်ပြီး ချောမောလိုက်တာ"

မေမေက လွန်သည်ဟု နိုင် ထင်နေမိသည်။

သားတွေကို မေမေ ချစ်တာ လက်ခံပေမယ့် ချစ်ဇနီးပုံ့ အပေါ် မေမေ မတူမတန်သလို ဆက်ဆံနေတာ သိနေ၏။

သားငယ်မှသားငယ်။

နိုင်ကတော့ ဘာမှမပြောဘဲ ငြိမ်သက်စွာ ကားမောင်းနေမိ သည်။

"မေမေရော နေကောင်းသားပဲ၊ သားလည်း ဝမ်းသာပါ တယ် ... ကိုကိုရော ဇနီးချောလေးကို ဘာဖြစ်လို့ခေါ်မလာရတာ ပါဗျာ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကပဲ စောင့်နေပါ့မယ်တဲ့ ညီရာ"

ဘုန်းဆက်နိုင်ကတော့ အစ်ကိုကိုချစ်သည်။

ကိုကိုက အဆင့်အတန်း မခွဲခြားတတ်။

မမပုံကို ဘယ်လောက်အထိ ချစ်မြတ်နိုးရကြောင်း သော့်ဆီ ဖုန်းဆက်တတ်၏။

သော်ကပဲ ခိုးရာလိုက်ပြေးဖို့ ပြောခဲ့တာပါ။

မမပုံ ဓာတ်ပုံကိုလည်း သူ တွေ့ထားသည်။

"သော် ..."

"ဗျာ ... မေမေ"

"အိမ်ရောက်ရင် ကိုကို့ဇနီးဆိုပြီး အရောတဝင်သွားမလုပ်နဲ့နော် ... ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ် နေထိုင်ပါသားရယ်"

"မေမေကလည်း မိသားစုဝင်တွေပဲဗျာ ... အားလုံးစည်းစည်းလုံးလုံးနဲ့နေထိုင်ကြမှာလေ ... ပျော်ပျော်ပါးပါးပေါ့"

"သော် ... မေမေ့စကားကို နားထောင်စမ်း၊ သားကြီးကလည်း မေမေ့စကားကို နားမထောင်ချင်ဘူး၊ လုပ်ချင်တာလုပ်တယ် ... မေမေ ဘယ်လောက်အထိ စိတ်ဆင်းရဲနေရလဲ"

နိုင် ပြောမနေတော့။

သော့်ကို မေမေပြောသလိုပဲ နေလိုက်ပါ ညီရာဟုပဲ ပြောလိုက်သည်။





သူ့ စိတ်ညစ်ရ၏။

မေမေက ပုံ့ကို မလွှဲမရှောင်သာလို့ လက်ခံပေးနေတာပါ။

သူကလည်း ပုံမှပုံ။

"သော် ..."

"ဗျာ"

"မင်းကိုတော့ မေမေကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ မိန်းကလေးကိုပဲ လက်ထပ်ရမယ်"

"မေမေကလည်းဗျာ ... ဒါတွေစဉ်းစားမနေပါနဲ့တော့၊ သားက လူပျိုကြီးပဲလုပ်မှာ"

"အမလေး ... လူပျိုကြီးလုပ်မယ့်သူတွေကို ပိုပြီးကြောက်ရတယ် ... မေမေကတော့ သားငယ်ကို ပြောထားပြီးပြီနော်၊ မေမေ ရွေးချယ်ပေးမယ် ... မေမေသဘောကျတဲ့သူတွေပဲ ရွေးမတော်မှာနော် ... ပေါက်ကရတော့ မလုပ်နဲ့၊ တစ်ယောက်ပဲအဖြစ်ခံပါရစေ သားရယ်"

သော် ရယ်နေသည်။

ကိုကို့ဇနီးကို မေမေ သဘောမကျ၍ ဖြစ်၏။

သူကတော့ ခုထိချစ်သူရည်းစားလည်း မထားခဲ့။

စိတ်လည်း မဝင်စားပေ။

"မေမေက သားတွေကို ရွှေလိုဥထားခဲ့တာပါ ... ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



အမြင့်မားဆုံး ဂုဏ်သိက္ခာအရှိဆုံး ဘဝမျိုးတွေပဲ ပိုင်ဆိုင်စေချင်ခဲ့တယ် … မေမေ့အမှားလား”

“တော်ပါတော့ မေမေရာ … ဖူးစာကံလည်းရှိပါသေးတယ်၊ ကိုကို့ကို အပြစ်မတင်နေပါနဲ့တော့နော်”

“မေမေ ရင်ကျိုးရလိမ့်မယ် သားငယ်ရယ် … မေမေလေ အရှုံးခံစားနေရပေမယ့် မေမေမျိုသိပ်ထားပါတယ် … မေမေ့သားတွေကို ဒီလိုအဖြစ်မျိုးနဲ့ မကြုံကြစေချင်တာပါ”

ဒေါ်မေသက်ကတော့ သားငယ်ကို ဘယ်တော့မှ သားကြီးလိုအဖြစ်မျိုး မကြုံတွေ့စေရန် ကြိုတင်ကာကွယ်ထားရမည်ဖြစ်သည်။

သားကြီးမိန်းမကို လုံးဝအသိအမှတ်မပြုနိုင်ပေ။

ပြီးတော့ ဒင်းညီမက ရှိသေးတယ်။

သားကြီးက ပြည့်ပြည့်စုံစုံ ထောက်ပံ့ထားတယ်တဲ့။

မိမိက ဒီကောင်မလေးဆီကဟာတွေ ဘယ်လိုပြန်သိမ်းရမလဲ စဉ်းစားကြံစည်နေသည်။

အိမ်ရောက်တော့ ချွေးမကြီးပုံက ဆီးကြိုနေ၏။

မိမိကတော့ သားကိုလက်ဆွဲပြီး တိုက်ကြီးထဲဝင်လာခဲ့သည်။

“ပုံ”





“ဟင်”

“စိတ်မကောင်းမဖြစ်ပါနဲ့၊ မောင့်မေမေက ဒီလိုပဲလေ”

“မောင်ရယ် … ပုံနားလည်ပါတယ်၊ မောင့်အမေနေရာမှာ ပုံဆိုလည်း ဒီလိုပဲဖြစ်နေမှာလေ၊ ပုံ့ကြောင့် မောင်လည်းဂုဏ်မတက်ရတာ”

“ပုံရယ်”

“မောင့်မေမေက အသက်ကြီးပါပြီ၊ အဓိက မေမေစိတ်ချမ်းသာဖို့ပဲလေ … လာပါ မောင်ရယ်၊ မျက်နှာကြီးက အိုနေလိုက်တာ၊ မောင်လေးက နှုတ်မဆက်လည်း ပုံကဘာဖြစ်မှာလဲ … သူနေတတ်သလိုနေပါစေ”

သော်က သဘောထားပြည့်တဲ့ ယောကျ်ားတစ်ယောက်ပါ။

မေမေကြောင့်ပဲ …

ပုံ့ကို သနားမိသည်။

နိုင်ကိုယ်တိုင် ချစ်ကြိုက်ပြီး ဖွတ်လိုက်ခဲ့တာပါ။

“ပုံ … မောင့်အချစ်တွေကိုယုံပါ၊ မောင့်ရင်သွေးလေး အနာဂတ်အတွက်ပဲ မောင်တို့စဉ်းစားကြရအောင်နော်”

“ပုံ နားလည်ပါတယ်ဆို မောင်ရယ် … မေမေ စိတ်မချမ်းသာဖြစ်မယ့်အလုပ်တွေကိုလည်း မလုပ်မိစေနဲ့နော် … ပုံ့ကြောင့် … နေပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ … ပုံက နားလည်ပေးလို့ မောင်စိတ်သက်သာ

ရာရနေပါတယ်"

နိုင်က ချစ်ဇနီးပုံရဲ့ ခန္ဓာကိုယ်လေးကို ပွေ့ဖက်ထားမိသည်။

ပုံကိုယ်လုံးလေးက ပိန်ပိန်လေးပဲရှိတော့၏။

အရမ်းလှပချောမောတဲ့ပုံ။

မျက်နှာလေး ချောင်ကျနေသည်။

"ပုံ့ကို ဘာဖြစ်လို့စိုက်ကြည့်နေရတာလဲ မောင်ရယ် … ဒီ ချောင်ကျသွားလို့လား၊ ဗိုက်ကြီးနာစွဲနေလို့ ဘာမှမစားနိုင်တာ လေ"

"ပုံ"

"ရှင်"

"စိတ်ညစ်နေလား"

"ဟင့်အင်း … "

"ဒီညနေ ညီမလေးဆီ သွားကြရအောင်"

"ဘာသွားလုပ်မှာလဲမောင်ရယ် … မသွားပါဘူး၊ ညီမလေး ကို အပြည့်အစုံ ထောက်ပံ့ထားပေးခဲ့တာပဲ"

"ပုံလည်း တွေ့ချင်နေမလားလို့ပါ … ဒါမှမဟုတ် ပုံသွားချင် မလား"

"ဟင့်အင်း … မနေပါဘူး၊ ပုံဖြစ်ပါတယ်မောင်ရဲ့ … ကိုယ်





ဆောင်သည်ဆိုတာ ဒီလိုပဲလေ မောင်ရဲ့ … "

မောင့်ကိုသာပြုံးပြီး ပြောနေရတာ။

ပုံလည်း အင်အားတွေ မရှိပေ။

စိတ်တွေပူပင်သောက ရောက်နေရသည်။

မောင့်အမေက ရှေ့မှာတစ်မျိုး မောင့်ကွယ်ရာမှာတစ်မျိုး ဖြစ်နေသည်။

"မင်းကိုလည်း စိတ်ချမ်းသာစေချင်တယ် … မောင်နဲ့လက် ထပ်ပြီး မင်းစိတ်သောက ရောက်နေရမှာလည်း မောင်မလိုလားပါ ဘူး ပုံရယ် … "

"မောင်"

"ပြော"

"မောင့်ညီလေး ရောက်နေတာပဲ … မောင်တို့မိသားစု ပျော်ပျော်နေကြပါ၊ ပုံလည်း အနားရတယ်လေ … "

"မင်းလည်း ထွက်တွေ့ပါပုံရယ် … မောင်တို့မိသားစုဝင်ပဲ"

"ပုံ့ကြောင့် တခြားသူတွေ စိတ်ဒုက္ခရောက်ရတာမျိုး ပုံမနေ တတ်ဘူး"

"အင်းလေ နေပါ … ပုံနေတတ်သလိုပဲနေ၊ မောင့်မိန်းမကို နှိမ်ကျဆက်ဆံနေတာမျိုးတော့ လုံးဝလက်မခံဘူး"

"မောင်ရယ် … ပုံက ဘာမို့လို့လဲ၊ အဲဒီလိုတွေ မလုပ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော် ... ပုံအနေရခက်လို့ပါ"

"ပုံရယ် ... မင်းကလေ စိတ်သဘောထား ပြည့်ဝလိုက်တာ၊ ဖြူစင်တယ်"

"မောင်"

"ဟင်"

"သွားတော့နော် ... မောင့်ညီနဲ့ သွားတွေ့ပါ"

"နေပါစေ ... သူလည်း နေတတ်သလိုနေပါစေ၊ မောင်ကတော့ မိန်းမအနားမှာပဲနေမယ်"

မောင်က ပုံ့ကိုဖက်၍ အိပ်ယာပေါ် ပစ်လှဲသည်။

မောင်ကတော့ ပုံ့ကို ချစ်ခင်ယုယပါတယ်။

ချစ်ခင်ပွန်းအား စိတ်မသက်မသာနှင့် မိသားစုနှင့် ပြဿနာလည်း မဖြစ်စေလိုပေ။

သူမ အမြဲတမ်း အပြုံးနှင့်ပဲ ပြောဆိုခဲ့သည်။

"သားကြီးရေ ... အပြင်ကို ခဏထွက်လာခဲ့ပါဦး၊ ဒီမှာ စကားပြောကြရအောင်"

"ဟုတ်ကဲ့ မေမေ ... "

ဟုတ်ကဲ့ မေမေဟု ကမန်းကတန်း ဖြေလိုက်သူကပုံပင်။

သူမကတော့ မေမေ့အကြောင်းသိ၍ ဖြစ်သည်။

"မောင် သွားလေ ... ဘာလုပ်နေတာလဲ၊ ထွက်သွားပါ"





"ပုံလည်း လိုက်ခဲ့လေ ... "

"မလိုက်ပါဘူး ... ပုံက အားနည်းနေတာပါ။ နောက်မှနော်"

ပုံက ဖွတ်အတင်းအသွားခိုင်းနေ၍ သူထွက်လာခဲ့သည်။

မေမေနှင့် ညီက ဧည့်ခန်းမှာထိုင်နေ၏။

ပုံ့ကို အသိအမှတ်မပြုတာတော့ နိုင် လက်မခံနိုင်ဘဲ ဖြစ်နေသည်။

"သားကြီး လာထိုင်လေ ... ဒီမှာ မင်းညီက မင်းကိုတွေ့ချင်နေတယ် ... မင်းက ဘာဖြစ်လို့ အခန်းထဲမှာပဲ နေနေရတာလဲ"

"မေမေ"

"ဘာလဲ ... မင်းမိန်းမကို ပွဲထုတ်ဖို့လား၊ မင်းကလေ ... မိန်းမကို အရမ်းအရေးပေးနေတော့ မေမေက ဘယ်လိုနေရမလဲ"

"ပုံက ရိုးသားပါတယ် မေမေရာ ... ဆင်းရဲနေတာပဲရှိတာပါ၊ ပညာလည်းတတ်ပါတယ်၊ သားဇနီး ဖြစ်နေပြီလေ ... "

"ဟုတ်ပါတယ် မေမေ ... ကိုကို့ဇနီးဖြစ်နေပြီပဲ၊ မေမေ သက်ခံပါ"

"သားငယ် ... မင်းဘာတွေပြောနေတာလဲ၊ မေမေကို စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့၊ မေမေ တောင်းပန်ပါတယ်"

နိုင် မပြောတော့။

မေမေ မျက်ရည်ကျတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမှားပဲ။

မေမေ ဂုဏ်မက်တာ သူသိသည်။

"မေမေတို့ စိတ်သောကရောက်စရာတွေ ပြောမနေကြပါနဲ့တော့ ... အပြင်ထွက်ပြီး ညစာသွားစားကြမယ်လေ"

"သား မလိုက်တော့ဘူး မေမေ ..."

"ဘာဖြစ်လို့လဲ ... မင်းမိန်းမကြောင့်လား ..."

"ဟုတ်သားပဲ မေမေ ... ကိုကို နေခဲ့ပါစေ"

"မရဘူး ... လိုက်ခဲ့ရမယ် သားကြီး ... မင်းဒီလိုမလုပ်ပါနဲ့ မင်းလိုက်ခဲ့"

မေမေ ဒေါသဖြစ်မှာလည်းကြောက်၍ သူလိုက်ခဲ့ရသည်။

ပုံက လိုက်သွားတဲ့။

မောင်လိုက်သွားမှ ကောင်းမှာတဲ့။

ပုံရယ် စိတ်သဘော ဖြူစင်လိုက်တာ။

"ပုံ"

"ရှင်"

"ဖြစ်ရဲ့လား"

"မောင်ရယ် ... ပုံက ဖြစ်ပါတယ်၊ မောင့်ညီရှေ့မှာတော့ ပုံအနေရအထိုင်ရ ခက်နေတာပါ ... သွားနော် ..."

နိုင် နောက်ဆန်တင်းနေပေမယ့် လိုက်ခဲ့ရသည်။





စားသောက်ဆိုင်ကိုရောက်တော့ မထင်မှတ်ဘဲ ပုံ့ညီမလေး တုနှင့်ဆုံမိကြသည်။

"တု ... မင်း ဒီမှာအလုပ်လုပ်နေတာလား"

"ဟုတ်ကဲ့ အစ်ကိုနိုင် ... ဒါပေမဲ့ မမပုံတော့ မသိပါစေနဲ့နော် တု ကျောင်းစရိတ်ရှာနေတာပါ"

တုက စားပွဲထိုးမလေးအဖြစ် အလုပ်လုပ်နေတာ တွေ့လိုက်ရတော့ နိုင်ပင် စိတ်မကောင်းဖြစ်ရသည်။

"အချိန်ပိုင်းပါ ကိုနိုင် ... ည ကိုးနာရီအထိပဲ ..."

"တု ..."

"ရှင်"

"မင်း အလုပ်ထွက်လိုက်ပါ၊ ပုံသိသွားရင် စိတ်မကောင်းဖြစ်ရမယ် ... အစ်ကိုတို့ မင်းကျောင်းစရိတ်တော့ ထောက်ပံ့နိုင်ပါတယ်"

"ကိုနိုင် တောင်းပန်ပါတယ် ... တုကို ခွင့်ပြုပေးပါ၊ မမပုံကိုလည်း အမြဲတမ်း ဒုက္ခမပေးချင်လို့ပါ၊ တုကျောင်းပြီးဖို့က လိုသေးတယ်လေ ... မမပေးထားတဲ့ငွေကို ချွေးတာဖို့ တုအလုပ်ဝင်လုပ်နေတာ"

မေမေနှင့်ညီ ပါလာ၍ နိုင်လည်း ဘာမှမပြောတော့ဘဲ မေမေတို့ ထိုင်နေတဲ့ ဝိုင်းကို လျှောက်လာပြီး ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ကိုကို ..."

"သားငယ် ... မင်းနဲ့ဘာဆိုင်လို့လဲ မမေးနဲ့"

"ပုံ့ညီမပါ ... အင်ဂျင်နီယာကျောင်းသူလေ၊ အချိန်ပိုင်း အလုပ်ဝင်လုပ်ရင်း ကျောင်းစရိတ်ရှာနေတာ"

"ကိုကိုက မထောက်ပံ့ဘူးလား ..."

"သားငယ် ... မင်းနဲ့ဘာဆိုင်လဲ၊ ကိုယ့်ဘဝနဲ့ကိုယ် ရုန်းကန်လှုပ်ရှားကြရတာပဲ ဆန်းလား ... မင်းလည်း ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်မနေနဲ့ ... လာ ... စားကြရအောင်"

ဒေါ်မေသက် မျက်နှာထားက တင်းနေသည်။

ဟွန်း ...

မိန်းကလေးတန်မဲ့များ စားသောက်ဆိုင်မှာလုပ်ရတယ်လို့ အဆင့် မရှိဘူး။

ပုံ့ကိုလည်း မနှစ်သက်ရတဲ့အထဲ။

"လိုအပ်တာရှိရင် ပြောပါနော် ... ပျော်ပျော်ရွှင်ရွှင် သုံးဆောင်ကြပါ"

အရေးထဲ တုန့်နှင်းစံဆိုတဲ့ ကောင်မလေးက မိမိတို့စားပွဲနား လာပြီး ညှော့်ခံနေသေးသည်။

အရှက်မရှိလိုက်တာ။

ဒေါ်မေသက် ကြိတ်ပြီး ဒေါသဖြစ်နေရ၏။





သားကြီးကလည်း မျက်နှာမကောင်းဘူး။

သူ့ခယ်မ စားသောက်ဆိုင်မှာ အလုပ်လုပ်နေရလို့ ထင်တယ်။

ဒင်းကို အပြည့်အဝထောက်ပံ့ထားတာတောင် အလုပ်ဝင်လုပ်နေသေးတယ်။

သားငယ်အကြည့်တွေကလည်း ကောင်မလေးဆီ ရောက်ရောက်နေရ၍ ဒေါ်မေသက် အမြန်ဆုံးစားပြီး ပြန်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

နိုင်ကတော့ ပွဲအတွက် စိတ်ထိခိုက်ကြေကွဲနေရသည်။

သနားစရာကောင်းတဲ့ မိန်းကလေး။

မိမိကြောင့် မျက်နှာငယ် အနှိမ်ခံနေရသည်။

တု စားပွဲထိုးလုပ်နေတာ ဘယ်လိုလုပ်ရမလဲ။

တုကတော့ ရယ်ရယ်မောမော တက်တက်ကြွကြွ လုပ်ကိုင်နေသည်။

"ကိုကို"

"ဟင် ..."

"မမပုံညီမလေးက စားပွဲထိုးလုပ်နေတာကတော့ မြင်လို့မကောင်းဘူး ထင်တယ်နော်"

"မင်း စိတ်မဝင်စားပါနဲ့သော် ... ဒါက ပုံတို့မိသားစုကိစ္စပါဗျာ ... မေမေ့အကြောင်း မင်းသိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကြောင့် ခက်တယ် ကိုကိုရာ ... လူလူချင်းပဲ"

သော်ကတော့ တုကို တွေ့တွေ့ချင်းပဲ စိတ်ဝင်စားနေမိသည်။

ရှင်လန်းတက်ကြွပြီး တောင့်ဖြောင့်နေတဲ့ ကောင်မလေးတစ်ယောက်။

သော် ဘာဖြစ်သွားတာလဲ။

တုနှိုင်းစံကို တွေ့တွေ့ချင်းပဲ ရင်ထဲငြိသွားရ၏။

ကိုကို့ဆီ ချဉ်းကပ်ပြီး မေးနေမိသည်။

"သော် ... မင်းစိတ်ဝင်စားရင် မေမေက ပြဿနာပိုရှာမှာပဲ ... တုက မာနကြီးတယ်၊ သူ့အမေဆီကနေ အထောက်အပံ့တွေတောင် လက်ခံတာ မဟုတ်ဘူး"

တု ...

တုနှိုင်းစံ အရမ်းကို ချစ်စရာကောင်းတဲ့ ကောင်မလေးပါ။

မင်းကတော့ လုံးဝမကြည့်ဘူး။

မင်း အလုပ်ကို အရှက်အကြောက်မရှိ လုပ်ဆောင်နေသည်။

"သော် ..."

"ကိုကို"

"တုကို မပတ်သက်ချင်နဲ့"

"ကိုကိုကလည်းဗျာ ... ညီက စေတနာနဲ့ပြောပြတာပါ။





ဘယ်လိုအကူအညီပေးရမလဲလို့"

"မလိုဘူး ... မင်းအထောက်အပံ့ကိုလည်း တုကလက်ခံမှာမဟုတ်ဘူး။ ကိုကိုတောင် ပိုက်ဆံကိုအတင်းလက်ထဲပေးမိတာ၊ ပုံ အရမ်းခံစားနေရတယ်"

"ကိုကိုက သတ္တိမှမရှိတာဘဲ"

"ဘာပြောတယ် သော်"

"အိမ်ခွဲနေလေ ... "

"တော်ပါပြီကွာ"

နိုင်က အိမ်ခွဲနေချင်ပေမယ့် မေမေက မျက်ရည်ကျနေ၍ နေနေဖြစ်တော့။

ညီ့ကိုလည်း မေမေက ချုပ်ကိုင်ဖို့ ကြိုးစားနေသည်။

"တုကိုတော့ ရှောင်ပါကွာ ... ကိုကိုလည်း အိမ်ခွဲနေဖို့ ကြိုးစားနေပါတယ်"

မေမေ ရောက်လာသည်။

ကိုကိုလည်း သူ့ဧနီးအခန်းထဲ ပြန်ဝင်သွား၏။

မေမေကတော့ သူ့ကို စေ့စေ့ကြည့်သည်။

"သားသော် ..."

"မေမေ"

"မင်း အစ်ကိုနားကပ်ပြီး ဘာတွေလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောနေတာပါ မေမေရာ ... ညီအစ်ကိုချင်းတောင် စကားပြောလို့ မရဘူးလား"

"မရဘူး"

"မေမေကလဲ ... "

ဒေါ်မေသက်ကတော့ ငယ်ရာကကြီးလာခဲ့တာပဲ။

သားတွေအကြောင်း အသိဆုံးပဲလေ။

ဟိုကောင်မလေးက သူ့အစ်မထက် ချောနေသည်။

"သားငယ်"

"ဗျာ ... မေမေ"

"မေမေနဲ့သား အပြင်ထွက်ရမယ်၊ မေမေ့သူငယ်ချင်း မစိုးအိမ်လေ ... သူ့သမီးလေး ရွှေအဆင်းနဲ့ မိတ်ဆက်ပေးမလို့"

"ရွှေအဆင်းတဲ့လား ... နာမည်ကတော့ စိတ်ဝင်စားစရာပဲ"

"လူကလည်း ချောတယ် ... ပညာတတ်၊ အမေရိကားမှာ ပညာသင်ခဲ့တာ"

မေမေကတော့လေ ကိုကို့ကြောင့် သူ့ကိုမျက်ခြေအပြတ်မခံ။

သော် စိတ်ဝင်စားနေတာက တုန့်နှိုင်းစံပဲ။

"မင်းအစ်ကိုရဲ့ လုပ်ရပ်တွေက မိဘဂုဏ်သိက္ခာမဲ့ရတဲ့အပြင်





သူ့ဘဝလည်း နိမ့်ကျသွားရတယ်သား"

မေမေ့ကို အတိုက်အခံ မပြောလိုတော့ပေ။

ကိုကိုက သူ့ဇနီးနှင့်ညီမကို ထိခိုက်အောင် မလုပ်ဖို့ ပြောသွားသည်။

"သား ... မင်းရွှေအဆင်းကို လက်ခံရလိမ့်မယ်၊ မေမေကတော့ သားကြီးကို အဖြစ်မျိုးအဖြစ်မခံနိုင်ဘူးနော်"

"မေမေကလည်းဗျာ ... သားက စိတ်ဝင်စားပါ့မလား၊ ဘာဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကိုများ"

အစ်မပုံတို့ညီအစ်မအား လုံးဝစိတ်မဝင်စားတဲ့ပုံစံ အပေါ်အပြင်သရုပ်ဆောင်ပြစ်လိုက်သည်။

"မင်း ... တကယ်ပြောတာလား သား ... "

"မေမေ့သားငယ်ပါ ... မယုံဘူးလား"

"မင်းတို့က ဖအေတူသားတွေပဲ"

ဒေါ်မေသက် မယုံမိ။

သားငယ်ကတော့ နိုင်ငံခြားပြန်ဆိုတော့ အဆင့်အတန်းရှိမှာပါလေ။

မိပုံ ...

နင့်ညီမကလည်း နင့်လိုပဲ ယောကျ်ားတွေကို စွဲဆောင်ဖို့ အားသောက်ဆိုင်မှာ စားပွဲထိုးလုပ်နေတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"သွားကြမယ်"

"ဟုတ်ကဲ့ ..."

မမပုံ အနေချောင်စေရန် သော် အလိုက်အထိုက် မေမေ့ကို ဆက်ဆံနေချင်း ဖြစ်သည်။

"အမေ့ သားငယ်လေးသာ ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံတွေ့လိုက်ရရင် အမေ သေမှာနော် ..."

သားတွေဘဝအတွက် မေမေအတွေးကြီးနေတာက လွန်လွန်းသည်။

သော်လည်း မနှစ်သက်။

ဘယ်လိုဖြောင်းဖျရမှန်းမသိ။

မမပုံကလည်း ရိုးသားဖြူစင်သူပါ။

"ဟွန်း ... တွေ့လား၊ သားငယ် ... ဘာမဟုတ်တဲ့ မိန်းမကို ဂရုတစိုက်တွေ လုပ်နေတာ"

"မေမေရာ ... ကိုကို သူ့ဟာသူ နေချင်သလိုနေပါစေ၊ ကိုကိုက အိမ်ထောင်ရှင်ဖြစ်သွားပြီပဲ"

"ဘာအိမ်ထောင်ရှင်လဲ ... မေမေက လုံးဝသဘောမတူနိုင်ဘူးနော်၊ မလွှဲသာလို့ ကြည့်နေရတာ ... မေမေ့ချွေးမ ဘယ်သူလဲလို့မေးရင် ဖြေရတာတောင် ဘယ်လောက်ရှက်ရလဲ ..."

သော် ဘာမှဆက်ပြောမနေတော့ဘဲ ကားကိုပဲ ဂရုတစိုက်





မောင်းနေသည်။

ရွှေအဆင်းတဲ့ ...

ဘယ်လိုမိန်းမမျိုးလဲ။

သူကတော့ ကိုကို့လိုပဲ အရမ်းချမ်းသာတဲ့ မိန်းမတစ်ယောက်ကို လက်မထပ်လိုပေ။

မေမေ့သူငယ်ချင်းဆီရောက်တော့ သူတို့ထက်တောင် ချမ်းသာတဲ့မိန်းမတစ်ယောက် ဖြစ်နေသည်။

"စိုးစိုးရေ ... ဒီမှာ သားငယ်သော်လေ၊ နိုင်ငံခြားကပြန်လာလို့ မင်းဆီခေါ်လာခဲ့တာ"

"ဟယ် ... မေ့သားငယ်က အရမ်းကို ခန့်ညားချောမောတာပဲလား ... ယောကျ်ားပီသလိုက်တာ"

သော်ကတော့ ယောက္ခမ တော်စပ်ရမယ့် မိန်းမ တစ်ယောက်ရဲ့ ခန့်ထည်ခန့်ညားမှုကို တွေ့လိုက်ရသည်။

စိန်တွေညွတ်နေအောင် ဝတ်ဆင်ထား၏။

ပြီးတော့ ...

သမီးကို ပေါ်တင်ကြီး ခေါ်နေသည်။

"ရွှေရေ ... ဒီမှာ လာပါဦး၊ အန်တီမေရဲ့သားငယ် နိုင်ငံခြားကနေရောက်လာတယ်တဲ့၊ လာနှုတ်ဆက်တာပါ"

"ရောက်လာတာလား ရွှေအဆင်းက ကုမ္ပဏီသွားတော့မလို့



www.burmeseclassic.com

www.burmeseclassic.com



လေ”

“အို ... ဟုတ်သားပဲ သားရေ ... မေမေက အလောတကြီး ခေါ်လာခဲ့မိတာ၊ ရွှေအဆင်းလေးက ကုမ္ပဏီကြီးတစ်ခုကို ဦးစီးနေတာလေ”

ရွှေအဆင်းဆိုတဲ့ မိန်းကလေးကလည်း မျက်နှာကိုချိုနေတာပဲ။

သူ လုံးဝ မနှစ်သက်မိ။

မေမေကတော့ ပြုံးရယ်နေသည်။

“ဟုတ်တယ် သက်ရေ ... သမီးက လုပ်ငန်းကြီးတွေလုပ်နေတာလေ၊ အခုလည်း အရေးတကြီး အစည်းအဝေးလုပ်နေတယ်”

“သွားပြီနော် ... ”

“အေးပါကွယ် ... ”

ရွှေအဆင်းက ထွက်သွားသည်။

တော်တော်စိတ်ပျက်စရာကောင်းတဲ့ မိန်းကလေးပဲ။

အခြောက်တိုက် ဘဝင်တွေမြင့်နေတယ်။

“မေမေ ... သားလည်း အလုပ်ကိစ္စရှိသေးတယ်လေ၊ ပြန်ကြရအောင် ... ကုမ္ပဏီဖွင့်ဖို့ နေရာသွားကြည့်ရမယ်”

သူ တမင်ပဲပြောပြစ်လိုက်သည်။

ဒီလောက် အခြေကြီးအနေကြီးတွေကို သူ အောက်ကျနေ





နိုင်ပေ။

သူ ထသည်။

“သား ... ”

“ပြန်မယ်လေ မေမေ ... အန်တီစိုး ... ခွင့်ပြုပါဦးနော်၊ သော်မှာလည်း အလုပ်တွေရှိနေလို့ပါ၊ မေမေ နေခဲ့ပါ ... သော်လည်း အခုမှ သတိရတာပါ”

သော် ထပြီးပြန်လာခဲ့တော့ မေမေလည်း ကြောင်တောင်တောင်နှင့် ကျန်ရစ်ခဲ့သည်။

မတတ်နိုင်တော့ဘူး။

သော်ကလည်း အဲဒီလို အနံ့ကြီးကွင်းကျယ် လုပ်တာမျိုးကြိုက်။

“ဟူး ... အခုမှပဲ အသက်ရှူချောင်သွားတော့တယ်၊ ရွှေအဆင်းတဲ့ နာမည်နဲ့တော့ တခြားစီပဲ ... အသားကမည်းကျုတ်ကျုတ် ... ”

သော် စိတ်ထဲကနေ မကျေမနပ်ပြောပြီး ကားကိုမောင်းလာခဲ့သည်။

“ဟာ ... ငါကားရပ်သွားတဲ့နေရာက တုရှိနေတဲ့စားသောက်ဆိုင်လေးပဲ”

သူ့စိတ်တွေက ဆန်းကျယ်လွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ စိတ်ကူးမထားတဲ့နေရာလေး ဖြစ်နေ၏။

မထူးတော့ဘူး ...

မနက်စာမှ မစားရသေးတာဘဲ။

သူဆိုင်ထဲ ဝင်လာခဲ့သည်။

"မင်းက တုန်နိုင်းစံလား"

"ဟုတ်ပါတယ်"

"ကိုယ်က ကိုကိုနိုင်ရဲ့ညီပါ ... သက်ပိုင်သော် ... "

"ဩော် ... ဟုတ်ကဲ့ ထိုင်ပါ ... ဘာများသုံးဆောင်လိုပါ

သူမကတော့ ဧည့်သည်တစ်ယောက်ကို ဆက်ဆံတဲ့ အတိုင်းပဲ ဆက်ဆံခဲ့သည်။

မမပုံရဲ့ အထောက်အပံ့ကိုထပ်၍ မယူတော့ဟု ခုံး ထား၏။

မမကို အေးချမ်းစေလို၍ဖြစ်သည်။

"ကိုယ့်အတွက် မနက်စာလေး စီစဉ်ပေးပါတု"

"ရှင် ..."

"ဒီဆိုင်မှာ ဘာကောင်းလဲ ... "

"အားလုံး အကောင်းဆုံးစီစဉ်ပေးထားပါတယ်ရှင် ... နှစ်သက်ရာ သုံးဆောင်နိုင်ပါတယ်"

ဘယ်လိုလူလဲ။





ကိုနိုင် ညီတဲ့။

မနေ့ညက တွေ့သားပဲ။

သူမကတော့ ဒီလိုလူမျိုးတွေနှင့် အကင်းရှင်းဆုံး နေလိုခဲ့သည်။

မမလို မဟုတ်။

အထင်လည်း မကြီးပါ။

ကိုနိုင်က စိတ်သဘောထားပြည့်ဝပေမယ့် ကိုနိုင့်အမေက မျက်နှာထားကြီးက မလိုလားဟန် ဖြစ်နေသည်။

"ပြောပါရှင် ... ဘာများသုံးဆောင်လိုပါလဲ"

သူက ဟင်းတွေအများကြီးမှာနေသည်။

ဈေးအကြီးဆုံးတွေပဲ။

သူ့ကိုယ်သူ သုံးနိုင်ကြောင်း ပြနေ၏။

တုကတော့ သိပ်ဂရုမစိုက်။

"မင်းအစ်မကိုခေါ်ပြီး ကိုယ် ညစာကျွေးမလို့"

"ဘာပြောတယ် ... ရှင် ဘာပြောတာလဲ၊ ကျွန်မ အစ်မကို ဘာဖြစ်လို့ ဒီဆိုင်မှာမှ ရွေးပြီး ညစာကျွေးရတာလဲ"

တု ဒေါသထွက်မိသည်။

ဘယ်လိုလူလဲ ...

မဆီမဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



မမကို မသိစေချင်ပေ။

တု ငွေစုနေတာပါ။

မမပေးထားတဲ့ ပိုက်ဆံကို မသုံးရက်၍ ဖြစ်သည်။

"မင်း ခဏလောက် ထိုင်ပါဦး ..."

"ထိုင်လို့မရပါဘူးရှင် ... စည်းကမ်းအရပါ၊ လူကြီးမင်းတို့ စိတ်ချမ်းသာသလိုသာ သုံးဆောင်ပါ"

သူမ ထွက်လာခဲ့သည်။

ဝန်ထမ်းတွေ နားနေခန်း ဝင်လာခဲ့တော့ မန်နေဂျာက ဘာ ဖြစ်လို့လဲဟု မေး၏။

သူမ အကျိုးအကြောင်း ပြောပြမိသည်။

"ကျွန်မအစ်မရဲ့ ခင်ပွန်းညီပါ၊ ကျွန်မအစ်မ ရောက်လာမယ် ဆိုလို့ ကျွန်မ ပြန်ဝင်လာခဲ့တာပါ"

"ဟုတ်လား ..."

"ဟုတ်ကဲ့ ... ကျွန်မ ဒီဆိုင်မှာလုပ်နေတာ ကျွန်မအစ်မ သိသွားလို့မဖြစ်ပါဘူး ... မနက်ဖြန်ကစပြီး ကျွန်မဆိုင်ပြောင်းပါရစေ နော်"

"တု ... မင်းက ဒီမှာနာမည်ကောင်းရတယ်၊ လူတွေစိတ်ဝင် စားမှုလည်းများတယ်"

"ကျွန်မ ပြောင်းမှဖြစ်မှာမို့ပါ ... အစ်မ သိသွားရင် မိုး





ကောင်းဖြစ်လိမ့်မယ် ... တောင်းပန်ပါတယ်နော်"

တု အကြောင်းတွေကို ဆိုင်ရှင်ကလည်းသိထားသည်။

ဆိုင်ရှင့်သမီးနှင့်က သူမအတန်းဖော်ပါ။

မမခင်ပွန်းဆွေမျိုးတွေ တွေ့သွားပြီဆိုတော့လည်း သူမ အလုပ်ဝင်လုပ်နေတာ မမသိသွားနိုင်သည်။

"ကျွန်မ ဆိုင်အမှတ်(၂)မှာ နေပါရစေနော် ... ဒီဆိုင်မှာပဲ နေရမယ်ဆိုရင် တု အလုပ်ပြောင်းမှဖြစ်မှာပါ"

"ကောင်းပါပြီတု ... မင်းက ပိုင်ရှင်သမီးနဲ့လည်း ပတ်သက် နေတယ်မဟုတ်လား ... မင်းကိုတော့ လက်လွှတ်မခံနိုင်ဘူး၊ မင်း အလုပ်ပြောင်းပါ"

"ကျေးဇူးတင်ပါတယ် မန်နေဂျာကြီးရယ် ... ဒါဆို တုပြန် တော့မယ်နော်"

"အေး ..."

"အနောက်ပေါက်ကပဲ ထွက်တော့မယ် ... မနက်ဖြန်က စပြီး တု ဆိုင်ပြောင်းမယ်နော်၊ တကယ်လို့ တုနှိုင်းစံရှိလားဆိုရင် မရှိဘူးပဲ ပြောပေးပါ ... တုနှိုင်းစံ နာမည်နဲ့အလုပ်မလုပ်ဘူးလို့နော်"

"ကောင်းပါပြီတုရယ် ... မင်းဘဝကိုလည်း နားလည်ပေးပါ သယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ နောက်ပေါက်ကနေ ခပ်သွက်သွက်လေး ထွက်လာခဲ့သည်။

မုန်းစရာကောင်းလိုက်တာ။

တမင်သက်သက် မမကို ခေါ်ကျွေးမှာပါ။

စိတ်ပုတ်တဲ့လူ ...

တုကိုများ ဘယ်လိုအစားထဲကထင်နေလဲ။

ရှင်တို့လို အသိုင်းအဝန်းတွေကို အထင်မကြီးပါဘူး။

တုက ကိုယ့်ဘဝကို ကိုယ့်အစွမ်းအစနဲ့ပဲ ထူထောင်ဖြစ်မယ်။

အပြင်ကို ရောက်လာပြီး သူ့ကားအကောင်းစားကြီးကို တွေ့သည်။

မနေ့ညက စီးလာကြတာပါ။

မမတော့ မခေါ်လာခဲ့ကြပေ။

မမ လူရာမှအသွင်း ခံရပ့ါမလား။

အဖွားကြီးက မလွယ်ဘူး။

တုကိုတောင် မလိုတမာ မျက်ဝန်းတွေနဲ့ကြည့်တာပါ။

ဘတ်စ်ကားဂိတ်ရောက်မှပဲ တု အသက်ကို ဝဝရှူသွင်းနိုင်သည်။

နိုး ( ၇ )

"စောစောက ဝန်ထမ်းကောင်မလေးရော တုနှိုင်းစံလေ"

"တုနှိုင်းစံနာမည်နဲ့ ဒီဆိုင်မှာ ဝန်ထမ်းမရှိပါဘူး"

"ဗျာ"

မန်နေဂျာကလည်း တုပြောထားခဲ့တဲ့အတိုင်း ပြောဖြစ်
က်သည်။

ဒီလူ စားစရာတွေ အများကြီးမှာပြီး ဘယ်သူမှလည်း
ာကြပေ။

"ဒီစားပွဲကိုတောင် လာပြီး ဟင်းပွဲတွေချပေးသေးတယ်
နှိုင်းစံပါ ... ဘယ်ရောက်သွားပြီလဲ"

"တုနှိုင်းစံနာမည်နဲ့ ဒီမှာအလုပ်လုပ်တဲ့ဝန်ထမ်း မရှိတာပါ။
စောက ဘယ်သူလဲ ... ဟိုမှာကောင်မလေးတွေ ကြည့်ပါ"

တုပြောတဲ့အတိုင်း ပြောနေရရှာပေမယ့် မန်နေဂျာ ဖြူဖြူရဲ့

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ တု ခဲအိုရဲ့ညီက ချောလိုက်တာဟု စိတ်ထဲကနေ ထင်နေမိသည်။

တု အစ်မယောက်ျားကလည်း ချောတာပဲ။

"ဒီမှာ ... ခင်ဗျား ဘာဖြစ်လို့ အကြောင်လာရိုက်နေတာလဲ၊ စောစောက တုနှိုင်းစံရှိတယ် ... ဘာလဲ ... အခု မရှိတော့ဘူးလား။ စောစောက လာဧည့်ခံတာ ဝိညဉ်လား"

ဖြူဖြူလည်း ဧည့်သည်နှင့် ပြဿနာဖြစ်မှာ မလိုလားပေ။

ဒုက္ခပါပဲ ...

ဒီလူက အပြုံးအပြုံ မေးနေသည်။

"တုနှိုင်းစံရော ဘာဖြစ်လို့လဲ ... သူက ပိတ်ထားလို့လား"

"သူ ပြန်သွားပါပြီ"

"ဘာဖြစ်လို့လဲ"

"သူ့အစ်မသိသွားမှာ အရမ်းကြောက်နေပါတယ်၊ မသိစေချင်ဘူးတဲ့ ... တုက သနားစရာကောင်းပါတယ် ... အရမ်းကြိုးစားနေတဲ့မိန်းကလေးပါ။ သူက ဆိုင်ပြောင်းပေးဖို့ တောင်းဆိုပါတယ်"

"ဟုတ်လား ... ကျွန်တော်က နှောက်လိုက်တာပါ။ ဘယ်သူမှ မလာပါဘူး"

"ရှင် ... "

"တုက ဘယ်ဆိုင်ကိုပြောင်းမှာလဲ"





"ပြောခွင့်မရှိပါဘူးရှင် ... တောင်းပန်ပါတယ်၊ တုရဲ့ကိုယ်ရေးကိုယ်တာပါ၊ တစ်ကောင်ကြွက်မလေး တုအပေါ် နားလည်ပေးပါရှင်"

စားသုံးသူနှင့်လည်း ပြဿနာမဟက်အောင် ဖြူဖြူ မျက်နှာငယ်လေးနှင့် တောင်းပန်နေရသည်။

"ကျွန်တော် တောင်းပန်တယ်လို့ ပြောပေးပါ ... တု ဆိုင်ပြောင်းချင်လည်းပြောင်းပါ၊ ကျွန်တော် မနှောက်ယှက်ပါဘူး၊ သူ့အစ်မကိုလည်း ပြောမပြပါဘူးလို့ ... "

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ရှင်၊ တုကိုလည်း သနားဦးပါ ... သူ့အစ်မကို ဒုက္ခမပေးချင်တာလည်း ပါပါတယ်"

"ခွင့်ပြုပါဦး"

"ဒီမှာရှင့် ... စားစရာတွေကရော ... "

"ထုတ်ပိုးပြီး တုနှိုင်းစံဆီကို ပို့ပေးလို့ရမလား"

"တုက အရမ်းမာန်ကြီးပါတယ် ... ဒီလိုမျိုး ပို့ပေးတာမျိုး လုပ်ဖို့ ပြောထားပါတယ်ရှင်"

"ဒါဆိုလည်း ဒီဆိုင်က ဝန်ထမ်းတွေကို ကျွေးပါတယ်၊ ခင်မင်အမှတ်တရပါ"

သူ ထွက်လာခဲ့သည်။

တုနှိုင်းစံ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း တော်တော် မာနကြီးတာပဲ။

မမပုံကိုလည်း ကိုကို ဒီလိုပဲ ခွဲရှိုရှိုလိုက်ခဲ့ရတယ်ထင်တယ်။

တု လစ်သွားပြီ ဖြစ်သည်။

"တုန္နိုင်းစံ ... မင်းကတော့ကွာ ကိုယ့်နှလုံးသားကို အတော်လေး လှုပ်ခတ်နိုင်တာပဲ"

တုန္နိုင်းစံမှာ ဖုန်းရှိတယ်။

သူ ဆက်သွယ်ချင်သည်။

စားသောက်ဆိုင်ကလည်း ပေးမှာမဟုတ်။

တုန္နိုင်းစံ ဘယ်မှာနေတာလဲ။

မေမေပြောတဲ့ ရပ်ကွက်နာမည်လေးကိုတော့ သူမှတ်မိနေသည်။

လိုက်သွားမယ် ...

မဖြစ်သေးပါဘူး ... တုန္နိုင်းစံ အထင်သေးမှာ ကြောက်ရတယ်။

သူ အိမ်ပြန်လာခဲ့သည်။

"တုန္နိုင်းစံရေ ... သော်ကတော့လေ မင်းကို အရမ်းချစ်မိသွားပြီထင်တယ်ကွာ ... မင်းနှုတ်ခမ်းဖူးဖူးလေးရယ်၊ နှာတံစင်းစင်းလေးရယ်၊ မျက်ဝန်းတောက်တောက်လေးတွေထဲက မာနတွေအားပါး ... မင်းရှိတဲ့နေရာကို အပြေးလာချင်တယ်"





သော့်စိတ်တွေကို ထိန်းချုပ်နေရသည်။

အိမ်ပြန်ရောက်တော့ မေမေက စောင့်နေ၏။

မေမေ့မျက်နှာက ဒေါကန်နေသည်။

"သော် ... မင်းဘယ်ကနေ ပြန်လာရတာလဲ"

"သူငယ်ချင်းအိမ် သွားတာပါ"

"သော် ... "

"ဗျာ"

"စိုးကို ဘယ်လောက်အထိ အားနာဖို့ကောင်းလဲ ... ရွှေဆင်းလေးကိုကြည့်စမ်း၊ လုပ်ငန်းတွေအများကြီးပဲ၊ ဘယ်လောက်တော်လဲ ... "

"တော်ပါပြီ မေမေရာ ... သူက အနံ့ကြီးကွင်းကျယ်ပါ၊ သားတော့ မကြိုက်ဘူး"

"သော် ... မင်းဘာစကားပြောတာလဲ၊ မေမေ ရွေးချယ်တဲ့ [illegible]နော်"

"ဖြည်းဖြည်းပေါ့ မေမေရာ ... သားအိမ်ထောင်ရေးကို စိတ်[illegible]စားသေးပါဘူး၊ ထပ်ရှာပါဦးဗျာ ... ရွှေအဆင်းနဲ့မဖြစ်ဘူးထင်[illegible] မေမေ"

ဒေါ်မေသက်လည်း ရွှေအဆင်းရဲ့ အပြုအမူအပြောအဆိုတွေ [illegible]နှစ်သက်မိ။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးချမ်းသာတာပဲ ရှိတာပါ။

ထပ်ရှာရမယ်။

တုနှိုင်းစံကို စိတ်ဝင်စားသွားမှာ ကြောက်နေမိသည်။

"သားငယ်လေးကတော့ မေမေရဲ့ မျှော်လင့်ချက်ပါကွယ် မေမေ အသေဖြောင့်ပါရစေ"

"မေမေရာ ... ဘာတွေပြောနေတာလဲ၊ အိမ်ထောင်ဘက်တွေဆိုတာလည်း အတိတ်ဘဝက ရေစက်တွေရှိကြလို့ပါ၊ ဒီလိုပဲ တစ်နေရာရာကနေ တွေ့ကြ ဆုံကြ လက်ထပ်ကြရတာပဲ"

"ဘာပြောတယ်သား ... မင်း ဘယ်တုန်းက ဖူးစာရှင်တွေ ဘာတွေ သိနေရတာလဲ"

"ဒါကတော့ သားတို့ဗုဒ္ဓဘာသာ လူမျိုးတိုင်း သိနေကြတာပဲ"

သော်ကတော့ မေမေ့ကို တမင်ထိန်းထားရခြင်းဖြစ်သည်။

ကိုကို့ဇနီးနှင့်လည်း တင်းတင်းမာမာနေပြ၍ မေမေ စိတ်ချသွား၏။

သော်လည်း ယုံကြည်ပါတယ်။

ဖူးစာရှင် အစစ်တွေမှသာ လက်ထပ် ပေါင်းသင်းနေထိုင်ကြတာပါ။

"ချစ်ပွင့်ပုံကိုလည်း မင်းဘာမှ အရောတဝင်နေထိုင်စရာ





မလိုဘူး သော် ... မေမေတော့လေ နေ့စဉ် စိတ်သောကတွေ ဘယ်လောက်အထိ ခံစားနေရလဲ၊ မေမေ့သားကြီးဘဝ ဂုဏ်သိက္ခာမဲ့ရတယ်"

သော်က မေမေကိုတားဆီးကန့်ကွက်ပြောဆိုချင်ပေမယ့် မပုံကို ပို၍မဲ့မည်စိုးကာ မေမေစကားအတိုင်း လိုက်နေရသည်။

"ဟုတ်တယ်နော် မေမေ ... အဲဒါတော့ သားလည်းထောက်ခံတယ်၊ ကိုကို မလုပ်သင့်ဘူး ... ဘာအဆင့်ရှိလို့လဲ"

"ဟုတ်တယ်သား ... မေမေ စိတ်ဆင်းရဲရတယ်၊ ချွေးမအဖြစ် ဘယ်တော့မှ လက်မခံနိုင်ဘူးသား"

"သားကတော့ ရွှေအဆင်းလိုမိန်းကလေးမျိုးကိုတောင် လက်ထပ်ဖို့ စိတ်မဝင်စားဘူး၊ မိန်းမက သားကိုလာကြောမှာ လုံးဝ မကြိုက်ဘူး မေမေ ..."

"အင်း ... ကောင်းတယ်၊ သားအနေနဲ့ မြင့်သထက်မြင့်တာကိုပဲ စိတ်ဝင်စားသင့်တယ်၊ မေမေ့သားတွေ အနုတ်စုတ် ဂုတ်စုတ် ဘဝ ..."

"မေမေ"

မေမေ့အသံ ကျယ်သွား၍ မမပုံ ကြားသွားမှာ အားနာသွား၍ တားမိသည်။

ကိုကိုနှင့်မမပုံ ထွက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အပြုံးက ချက်ချင်းညှိုးရော်သွားရသည်။

"မေမေ ... ကိုကို့ကိုတော့ အားနာဖို့ကောင်းပါတယ်၊ ကို
က လိမ်မာတဲ့သားတစ်ယောက်ပါ"

"ဒါကြောင့်မို့ပေါ့"

ကိုကိုက ဘယ်သူ့မှ နှုတ်မဆက်ဘဲ မိန်းမလက်ကိုဆွဲ
ထွက်သွားသည်။

"တွေ့လား သားငယ် ... အဆင့်မရှိတဲ့မိန်းမကိုများ အ
တယူနဲ့ လူတောမတိုးနိုင်တဲ့ ဟာမလေး"

"မေမေ ... ကိုကို့မိန်းမက ရုပ်ရည်လည်းချောမောပါတ
ပညာတတ် မဟုတ်လား ... မေမေက မြေတောင်မြှောက်ပေးလို
ရင်ရော ဘယ်လိုလဲ ... "

"မလုပ်ပါဘူး ... ဒင်းက မေမေ့စည်းစိမ်ဥစ္စာတွေ
အချောင်ထိုင်ပြီး ခံစားနေတာ မေမေ လက်မခံနိုင်ဘူး သား
မင်းအပေါ်တက်တော့ ... အဖုက်မလုပ်နဲ့"

သော်လည်း ခက်နေသည်။ ကိုကိုကိုတော့ ပြောထားတ
မရီးကို အားနာနေမိ၏။ မေမေ့ကို ဖျောင်းဖျလို့လည်းမရ။ သူ
တိုင်ပင် တုန့်ငြိမ်းစံအား ချစ်မိနေသည်။

"မင်း သွားလေ ... "

"ဟုတ်ကဲ့ ... သားလည်း လုံးဝအဖက်မလုပ်ချင်ပ





မေမေ ... ကိုကိုနဲ့ပတ်သက်နေလို့တာပါ"

သားငယ်ကိုယ်တိုင် အဖက်မလုပ်ချင်ပဲ ချစ်ပွင့်ပုံကို အထင်
သေးနေ၍ တော်သေးသည်။

သားငယ်ကို အတင်းအပေါ်ထပ်သို့ တက်စေခဲ့၏။

ချစ်ပွင့်ပုံ ပြန်ဝင်လာသည်။

"ချစ်ပွင့်ပုံ"

"ရှင် ... မေမေ"

"ညည်း သိပ်ပြီး သူဌေးကတော်ရုပ် ဖမ်းမနေနဲ့၊ လုပ်စရာရှိ
တာလုပ် ... "

"ဟုတ်ကဲ့ပါ မေမေ ... "

"သွား"

မေမေ့အသံကို သော် အပေါ်ထပ်ကနေ ကြားနေရသည်။

ပြဿနာပဲ ...

မေမေက နှိမ်ချဆက်ဆံနေတာ သူ အားနာနေမိ၏။

တားဆီးလို့လည်း မရ။

မမပုံကို သနားလိုက်တာ။

သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။

"တု ... ကိုယ်ချစ်တာလည်း တုပဲ ... မေမေနဲ့ဘယ်လိုလုပ်
ရမလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



တုမျက်နှာလေးကိုပဲ သော် မြင်ယောင်နေသည်။

"တုရယ် ... ကိုယ် အရမ်းချစ်တယ်၊ မင်းနဲ့ ဆုံမိကြဖို့ ကိုယ် ပြန်လာခဲ့တာထင်တယ်၊ တု မျက်နှာလေးကိုပဲ ကိုယ်တွေ့ချင်တယ်"

တု ဆိုင်ပြောင်းသွားသည်။

မာနတွေနှင့် ရိုးသားဖြူစင်လွန်း၏။

တုကို တွေ့ချင်နေသည်။

"သားရေ ... မေမေ အပြင်ကိုသွားစရာရှိသေးတယ်၊ မောင် ရော ..."

"သား နောက်မှသွားမယ် ... မေမေ သွားပါ"

"အေး"

မေမေ အပြင်ထွက်သွားတော့မှ သူ စိတ်သက်သာရာ ရသွားသည်။

သော် အောက်သို့ ဆင်းလာခဲ့၏။

မမပုံကို တောင်းပန်စကားတွေ ပြောချင်သည်။

သူ အောက်ထပ်သို့ ဆင်းလာခဲ့၏။

မမပုံက သန့်ရှင်းရေးတွေ လုပ်နေသည်။

"မမပုံ ..."

"ဟင် ... မောင်လေး ... အဲ ..."





"မောင်လေးပဲ ခေါ်ပါ မမပုံ ... မေမေ့ကြောင့် သော်လည်း အားနာပါတယ်၊ တောင်းပန်ပါတယ်နော် ... မေမေ ယုံကြည်အောင် မမပုံနဲ့ ခပ်စိမ်းစိမ်းနေပြရတာပါ"

"မောင်လေးရယ် ... မမပုံ နားလည်ပါတယ်၊ မမအတွက် အာမှ စိတ်အနှောက်အယှက် မဖြစ်ပါနဲ့ ... တောင်းပန်ပါတယ်"

"မမပုံ ..."

"ဟင်"

"ညီမလေး ရှိတယ်ဆို"

"ရှိပါတယ်"

"ငွေကြေး အထောက်အပံ့ လိုအပ်ရင်လည်း သော် ထောက်ပံ့ပေးနိုင်ပါတယ်"

"မလိုပါဘူး မောင်လေးရယ် ... မညီမလေး လုံလောက်မယ်ထင်ပါတယ် ... မောင်လေးကို ကျေးဇူးတင်ပါတယ်နော်"

ပုံကလည်း မောင်လေး ခပ်စိမ်းစိမ်းနေထိုင်တာပဲ ကျေနပ်သည်။

မေမေက မလွယ်ဘူး။

ပုံ့ကို ဖိနှိပ်ထားဖို့ပဲ ကြံစည်နေခဲ့၏။

မောင့်ညီလေးကိုလည်း ချွေးမ ရွေးချယ်နေသည်။

"မမအိမ်မှုကိစ္စတွေ လုပ်ရတာ မောင်မသိပါစေနဲ့၊ မမလည်း



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမိဘတွေကို စိတ်ချမ်းသာစေချင်လို့ပါ”

မမပုံရဲ့ စေတနာ မေတ္တာဖြူစင်မှုကို သော် သိလိုက်ရသည်။

တန်ဖိုးရှိတဲ့ မိန်းမတွေပဲ။

မမေ လွန်တယ်။

လူတစ်ယောက်ကို နှိမ်ချဆက်ဆံတာမျိုး မကြိုက်။

တုကလည်း အရမ်းချောမောလှပသူပါ။

ရိုးသားစွာနှင့် ဝင်ငွေ ရှာနေသည်။

“မောင်လေး လုပ်စရာရှိရင်လည်း မမပုံကို အားမနာပါနဲ့နော် ခိုင်းပါ … မမကတော့ အောက်ခြေကလူလေ၊ ဘာမှအပန်းမကြီးသလို အောက်ကျတယ်လို့လည်း မထင်ပါဘူး”

“မမရာ … သော်တော့လေ မမကို အရမ်းလေးစားတယ် ညီမလေးကိုတော့ ပြစ်မထားပါနဲ့ … စောင့်ရှောက်ပေးပါ”

“အေးပါကွယ် … မမလည်း ကျေးဇူးတင်ပါတယ်၊ မမေ နေရာမှာလည်း မမကိုယ်ချင်းစာတယ်လေ၊ သားတွေကို ရှေ့တိုးပြီး တန်ဖိုးထားတဲ့ အမေပဲ … ”

သော်ကတော့ မမပုံကို အထင်ကြီးလေးစားမိသည်။

ဖြူစင်သူတွေပါ။

စီးပွားရေးတက္ကသိုလ်က ဘွဲ့ရထားတဲ့ မမပုံမှာ အထင်သေးစရာတွေ ဘာရှိနေလို့လဲ။





လှပချောမောပြီး ကျက်သရေနှင့် ပြည့်စုံနေသည်။

“မမပုံကိုတော့ မောင်လေးသော် လုံးဝအားမနာနဲ့နော်၊ ခပ်စိမ်းစိမ်းလေးပဲနေပါ … မမေ့ကိုလည်း စိတ်အေးစေချင်ပါတယ်”

“သော့်ကိုလည်း ခင်ခင်မင်မင်နေပေးပါ မမပုံ … ကိုယ့်မောင်လေးတစ်ယောက်လိုလေ … ”

“စိတ်ချပါကွယ် … မမပုံကတော့ မောင့်ဆွေမျိုးတွေက မမပုံရဲ့ ဆွေမျိုးသွေးသားတွေလိုပါပဲ … ”

သော်ကတော့ တုကို မရမနေ အရယူဖို့ ကြိုးစားမှာမို့ မမပုံနှင့်လည်း အဆင်ပြေစေရန် ပြောနေမိသည်။

တုကလည်း ကြိုးစားနေသူပဲ။

ကိုယ်ကျင့်တရား ပျက်ပြားနေတာမဟုတ်။

မမေက ဆင်းရဲနွမ်းပါးတာနှင့်ပဲ အထင်သေးနေတတ်၏။

သော့်နှလုံးသားတွေကို တုက အပြီးအပိုင် ဖမ်းစားထားသွားနိုင်ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"ဟဲ့ … တု၊ နင့်လူက အရမ်းကို ခန့်ညားချောမောပြီး အရပ်အမောင်းကလည်း မြင့်မြင့်မားမားနဲ့ ကြည့်လို့ကောင်းလိုက်တာ"

"မမ မန်နေဂျာကြီးနော် … ပေါက်ကရတွေ လျှောက်ပြောမနေနဲ့နော်၊ သူတို့လို အတန်းအစားတွေကို စိတ်မဝင်စားဘူး၊ အထင်လည်း မကြီးဘူး"

မမပုံရဲ့ ခင်ပွန်းညီဆိုတာကို တု လုံးဝအထင်မကြီးမိ။

မမပုံတောင် ဘယ်လောက်အထိ အခက်အခဲတွေနှင့် ရင်ဆိုင်နေရပြီလဲ။

ညီမဆီတောင် မလာနိုင်တော့။

တုကတော့ ကိုယ့်ဘဝကိုယ် ထူမတ်နိုင်အောင်ပဲ ကြိုးစားနေသည်။

"စားစရာတွေကို မှာပြီး မစားဘူး၊ တုကို နှောက်တာပါဟဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တုဆီ ပို့ခိုင်းတယ် … မမက ငြင်းပြစ်လိုက်တာလေ”

“မလုပ်ပါနဲ့ မမရယ် … တုလေ တစ်ယောက်ထဲနေရတဲ့ဘဝ မှာ လူအထင်အမြင်သေးရမယ့် အလုပ်တွေ မလုပ်ချင်ဘူး၊ တု ပညာ ရေးလည်း မဆုံးသေးပါဘူး၊ ကိုယ်ကျင့်တရားတစ်ခုပဲ တုတန်ဖိုး ထား ထိန်းသိမ်းရမှာပါ”

“တုလေးက တကယ့်ကို လေးစားဖို့ကောင်းတယ် … တုလို မိန်းကလေးမျိုး ရှားလိုက်တာကွယ်”

“တုက တမင်ကြီးကျယ်ခမ်းနားနေတာ မဟုတ်ပါဘူး မမ ရယ် … အခြေအနေအရပါ၊ တုကိုယ်တု ထိန်းမဖြစ်မှာလေ၊ သူတို့ အတန်းအစားတွေက တုတို့ကို အပျော်ပဲ ကြံစည်မှာပါ … မမကိုယ် တိုင်တောင် ဘယ်လောက်ဖိနှိပ်ခံနေရရှာမလဲ”

မမက ရိုးသားသူပါ။

လူတွေအပေါ်လည်း သည်းခံတတ်သည်။

တု သိပါတယ်။

မမပုံ ချမ်းချမ်းသာသာနေထိုင်ရရင်တောင် တုကိုတော့ ထောက်ပံ့ပေးကမ်းခွင့်ရှိမှာ မဟုတ်။

အစ်ကိုနိုင် မိခင်က ရှိနေသေး၏။

တု နားလည်မှုရှိစွာဖြင့် ဝင်ငွေရစေရန် ရှာဖွေနေခြင်း ဖြစ် သည်။





“တု အင်ဂျင်နီယာ ဖြစ်မှဖြစ်မယ်ထင်တယ် မမမန်နေဂျာ ရယ် … တစ်ဝက်တစ်ပျက်မှာ အထောက်အပံ့မရှိမှာ ကြောက်တယ်၊ ဒါကြောင့် တု ကြိုတင်ငွေရှာနေတာပါနော်”

“ဒီလောက်လည်း စိတ်မပူပါနဲ့တုလေးရယ် … မင်းကို ကူညီ စောင့်ရှောက်ပေးမယ့်သူတွေ ပေါ်လာဦးမှာပါ … ”

တု ဆိုင်ပြောင်းဖို့အတွက် သူငယ်ချင်းတွေကို လာပြီး နှုတ် ဆက်ခြင်းဖြစ်သည်။

သူမကြောင့် အကောင်းဆုံး ဟင်းလျာတွေ စားသောက်ရ ကြောင်း နောက်ပြောင်နေကြသည်။

“ဟွန်း … ဘယ်လိုလူမှန်းမသိပါဘူး၊ ပိုက်ဆံတွေ ပေါ်နေ တယ်ထင်တယ်”

တုကတော့ အထင်မကြီးပါဘူး။

အခုတွေ့တဲ့ မိန်းကလေးတစ်ယောက်ကို အငမ်းမရ ခင်မင် ရင်းနှီးဖို့ ကြိုးစားနေသည်။

အထင်မကြီးပါဘူး။

မမပုံကိုတောင် တားဆီးလို့မရ၍ ကြည့်နေရခြင်းဖြစ်သည်။

“တု သွားမယ်နော် … အားလုံးကို ကျေးဇူးတင်ပါတယ်၊ တုအပေါ် စိုင်းပြီး စောင့်ရှောက်ပေးကြလို့ပါ”

“တုရယ် … ညည်းလေးရှိတော့ ဆိုင်က စိုပြေတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တော့ မကောင်းဘူးဟယ်"

"တူရှိတဲ့နေရာကိုတော့ မပြောပါနဲ့နော် ... မမသိသွားမှာ ကြောက်လို့ပါ"

"အေးပါကွယ်"

"တုံ သွားပြီနော် ..."

တူ ပစ္စည်းတွေယူပြီး ထွက်လာခဲ့သည်။

ဒီဆိုင်က တူနှင့်ပို၍ ရင်းနှီးကြ၏။

ဆိုင်သစ်တွင် သူမ နေသားကျပါ့မလား။

ဒါပေမယ့် တူ သတ္တိရှိသည်။

ရင်ဆိုင်နိုင်၏။

တစ်ယောက်ထဲ နေတတ်တဲ့အကျင့် လုပ်နေခဲ့သည်။

"မမပုံရယ် ... တူနေတတ်ပါတယ်၊ တစ်ခါတလေတော့လည်း မမကို သတိရပြီး ငိုချင်တယ်၊ ညီအစ်မနှစ်ယောက်ထဲ နေခဲ့ကြတာ နှစ်တွေအကြာကြီး မဟုတ်လား"

မမပုံကို သတိရမိသည်။

ရှင့်ကြောင့်လေ ...

ကျွန်မ အလုပ်ပြောင်းရတာပါ။

မြန်မြန်လေး ကျွန်မနဲ့အဝေးဆုံးကို ထွက်သွားစမ်းပါ။

ဒေါသတွေဖြစ်ရ၏။





သူမ ဆိုင်သစ်ကိုရောက်သွားတော့လည်း တူကို ကြိုဆိုကြသည်။

"ဟိုဘက်ဆိုင်က ဖုန်းဆက်ထားတယ်နော် တူနှိုင်းစံ အားငယ်ပါနဲ့ ... မင်းကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်"

"ကျေးဇူးတင်ပါတယ်နော် ..."

သူမ ဘယ်နေရာပဲရောက်ရောက် သင့်တင့်အောင် နေထိုင်တတ်သည်။

ဆိုင်သစ်မှာလည်း တူအားကြိုးမာန်တက် အလုပ်လုပ် ပေးတတ်၏။

တူကို ကြိုက်နှစ်သက်ကြသည်။

"တူနှိုင်းစံက အရမ်းကြိုးစားတယ်၊ အားကိုးရပါတယ်"

တူ သူငယ်ချင်းဆိုင်လည်းဖြစ်နေ၍ မျက်နှာမပျက်စေရန် သူမ ကြိုးစားသည်။

ထိုဆိုင်က သူမနေထိုင်တဲ့ရပ်ကွက်နှင့် အတော်လေး ဝေးသည်။

တူ နည်းနည်းလေး စောစောပြန်ပါရစေဟု ခွင့်တောင်းပြီး ဆိုင်နှင့်ခပ်လှမ်းလှမ်းမှာရှိနေတဲ့ ဘတ်စ်ကားဂိတ်ကို လျှောက်လာခဲ့သည်။

"တူနှိုင်းစံ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် ... ရှင် ..."

"ကိုယ်က သူငယ်ချင်းအိမ်ကိုလာတာပါ၊ မင်းက ဒီဆိုင်ကို ပြောင်းလာတာပေါ့လေ"

"ဒီမှာ ... ကျွန်မကိုလိုက်ပြီး နှောက်ယှက်နေတာလား"

"မင်း ဘယ်လိုပြောလိုက်တာလဲတု ... ကိုယ်က မမပုံ ညီမလေးမို့ လာပြီးပတ်သက်တာပါ ... ယဉ်ကျေးမှုအရ နှုတ်ဆက်တာလေ"

ဟုတ်တော့လည်း ဟုတ်သားပဲ။

မမပုံက သူတို့အိမ်မှာနေတာပါ။

တုလည်း လူမှုရေးက ရှိသေးသည်။

တော်ကြာ ...

အဲဒီလူက မမပုံကို သွားပြောရင် ဒုက္ခပါပဲ။

"တုနှိုင်းစံ ... ကားပေါ်တက်ပါ၊ မင်းသွားချင်တဲ့နေရာကို လိုက်ပို့ပေးမယ်လေ"

"ရပါတယ် ... ကျွန်မ ဘတ်စ်ကားနဲ့ပဲ သွားမှာပါ၊ မမပုံ နေကောင်းလား ..."

"ကောင်းပါတယ် ... မင်း သတိရနေတယ်လို့ ပြောပေးရမလား"

"မပြောပါနဲ့ရှင် ... မမပုံကို ဘာမှမပြောပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ အလုပ်လုပ်တဲ့အကြောင်းလည်း ဘာမှမပြောပါနဲ့"





"မပြောစေချင်ဘူးလား ..."

"ဟုတ်ကဲ့"

"မင်း ... ကိုယ့်ကားပေါ်တက်ပါ လိုက်ပို့ပေးပါရစေ"

"အမိပ္ပါယ်မရှိတာဘဲ ... ဘာဆိုင်လို့လဲ ... ကျွန်မကို ပတ်ဝန်းကျင်ကနေ တစ်မျိုးမြင်မှာ ကျွန်မ အရမ်းကြောက်တယ်၊ ကျွန်မက တစ်ယောက်ထဲနေရတာပါ ... မမသိသွားရင်လည်း ကြိုက်မှာ မဟုတ်ဘူး ... သွားပါတော့"

အရေးထဲ မမက ဖုန်းဆက်နေသေးသည်။

"တု ... နေကောင်းလား ညီမလေး၊ အဆင်ပြေရဲ့လားကွယ် မမပုံ အရမ်းသတိရနေတယ် ... စိတ်လည်းပူတယ် တုရယ်"

"စိတ်မပူပါနဲ့တု အဆင်ပြေပါတယ် ... ငွေလည်းလုံလောက်ပါတယ်နော်"

"တု"

"ရှင်"

"မမပုံ အထောက်အပံ့ကိုပဲ လက်ခံနော်၊ ပညာရေးကို ဂရုစိုက်၊ တု ဘွဲ့ရမှ မမစိတ်အေးရမယ် ... ညီမလေးဆီ မနက်ဖြန် လာခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မလာပါနဲ့မမရာ ... တု အဆင်ပြေပါတယ်၊ ငွေလည်း လောက်တယ်၊ မမပဲ အဆင်ပြေအောင်နေပါ ... တုအတွက် မပူပါနဲ့"

"နုရော လာအိပ်သေးလား"

"အိပ်တယ် ... နုတို့မိသားစုက တုကို ဂရုစိုက်ပါတယ် ... တခြားသူငယ်ချင်းတွေကလည်း တုကို ကူညီကြတယ်လေ"

မမပုံနှင့် စကားပြောနေတုန်း နောက်ဘက်မှ အော်ဟစ်သံကြီးတစ်ခုက ကျယ်လောင်စွာ ထွက်ပေါ်လာတာ တုဖုန်းထဲမှာ ကြားလိုက်ရသည်။

"ဟဲ့ ... ချစ်ပွင့်ပုံ၊ ညည်း ခိုးကြောင်ခိုးဝှက်နဲ့ ဘယ်သူ့ဆီ ဖုန်းဆက်နေတာလဲ ... ညည်းညီမဆီလား ... ပေးစမ်းဖုန်း ... ရာရာစစ ..."

"အန့်တီ"

မမယောက္ခမကြီးက ဖုန်းကိုဆွဲယူပြီး ပိတ်ပစ်လိုက်သည်။

"ဟင် ... မမပုံ ... မမ"

"ဘာဖြစ်လို့လဲ တု"

"မမပုံ ဖုန်းကိုလုပြီး တစ်ယောက်ယောက်က ပိတ်ပစ်လိုက်တယ် ... မမကိုလည်း အော်လိုက်တာ ကြောက်စရာကြီး ... ယောက္ခမပဲ ဖြစ်မယ်"

မေမေပဲ။





သော် အရမ်းအားနာပြီး မျက်နှာတွေ ထူပူသွားရသည်။ တုမျက်ဝန်းတွေက စိမ်းတောက်မာထန်သွားရ၏။ မေမေက ဒီလောက်အထိ မလုပ်သင့်ဟု ထင်မိသည်။

"ကိုယ် တောင်းပန်ပါတယ်တု ... ကိုနိုင့်အစားပေါ့၊ ကိုကိုဆော ကိုယ်ရော မမပုံကို စောင့်ရှောက်နေပါတယ် ... မေမေကတော့ ..."

တု ဘာမှဆက်မပြောချင်တော့ပါဘူး။

မမပုံလို အဆင့်နိမ့်တဲ့မိန်းမကို သူဌေးတွေက ချွေးမအဖြစ် ဆက်ခံမှာတဲ့လား။

တု သိပါတယ် ...

စောစောက မမကို ဟားဆီးနေခဲ့တာပဲ။

လက်မခံနိုင်။

တု ဒေါသဖြစ်မိသည်။

မမထံ ဖုန်းဆက်ပေမယ့် ဖုန်းပိတ်ထားပါသည်ဟုပဲ ဖြေနေသည်။

"တောက် ... မမပုံ ဘယ်လိုအဖြစ်တွေနဲ့ ရင်ဆိုင်နေရလဲ၊ ကျွန်မအစ်မမှာ ကိုယ်ဝန်ရှိတယ်နော် ... ကျွန်မအစ်မ တစ်ခုခုဖြစ်ခဲ့ရင်တော့ ကျွန်မ လုံးဝသည်းမခံနိုင်တော့ဘူး"

"တု"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်လည်း နောက်ထပ် ကျွန်မကိုလာပြီး မပတ်သက်ပါနဲ့ ကျွန်မက မမတုလို သည်းခံတတ်တာမဟုတ်ဘူး၊ ငြိမ်ခံနေဖို့ဆိုတာ ဝေလာဝေးပဲ"

"ကိုယ် တောင်းပန်ပါတယ် တုရယ် ... ကိုကိုကလည်း မမပုံ ကို ဂရုစိုက်ပါတယ်၊ မေမေ ပြောဆိုတာ မခံပါဘူး ... မမပုံဘက်က အကာအကွယ်ပေးနေတာပါ"

"ကျွန်မအစ်မ ဘာမှမဖြစ်ပါစေနဲ့ ... ရှင့်အစ်ကိုကိုလည်း ပြောပြပေးထားပါ ... ကျွန်မ အရမ်းစိတ်ပူနေပြီ၊ ကျွန်မအစ်မက အရမ်းရိုးသားဖြူစင်တယ်နော်"

"ဟုတ်ပါတယ်တုရယ် ... ကိုယ် လက်ခံပါတယ်၊ မမပုံက အရမ်းရိုးသားဖြူစင်သူပါ ... ကိုယ်လည်း ဂရုတစိုက် စောင့်ရှောက် ပေးပါ့မယ် ... စိတ်မပူပါနဲ့ ..."

"ပြီးရော ..."

ဘတ်စ်ကား ရောက်လာသဖြင့် တုက ခွေ့ခနဲ တက်သွား သည်။

သော်ကတော့ မေမေ့လုပ်ရပ်ကို မနှစ်သက်မိ။

မမပုံ သနားပါတယ်။

သော်လည်း သနားမိ၏။

ပြဿနာကို ဘယ်လိုရှင်းရမှန်းပင် မသိတော့။





သော်ကိုယ်တိုင်ပင် တုကို ချစ်မိစွဲလမ်းမြတ်နိုးမိနေသည်။

သော် အိမ်ပြန်လာခဲ့၏။

မမပုံတစ်ယောက် ထုံးစံအတိုင်းပဲ ကိုကို ပြန်လာခါနီးမှ ရေချိုးအဝတ်အစားလဲ၍ သူမအခန်းထဲမှာ အနားယူခွင့်ရသည်။

"သားငယ် ... ဘယ်ကနေ ပြန်လာတာလဲကွယ် ... မေမေ လေ ဈေးမအရှာထွက်တာ သားနဲ့အရမ်းလိုက်ဖက်မယ့် သတို့သမီး လောင်းလေးကို တွေ့လာခဲ့တယ်"

သော် စိတ်ပျက်မိသည်။

သော် ငြင်းရမှာလည်းအခက်။

မေမေ့ကိုလည်း မပြောရက်။

သားတွေအတွက် မေမေ အကောင်းဆုံးတွေပဲ ဖြစ်စေချင် ...

သော် ဆန့်ကျင်နေလျှင်လည်း မမပုံကို ပြဿနာရှာနေမှာ စိုးပူသည်။

"သော်နဲ့မေမေ မိတ်ဆက်ပေးမယ် ... ခင်နန္ဒာတဲ့ ... ကိုယ် ပိုင်ဆေးရုံကြီး ဖွင့်ထားတယ်၊ ဒေါက်တာခင်နန္ဒာတဲ့ ... "

သူကတော့ တုကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင် စားဘဲ ဖြစ်နေသည်။

ခံစားလို့လည်း မရ။



www.burmeseclassic.com

www.burmeseclassic.com



သော်တာ မိန်းကလေးတွေကို စိတ်မဝင်စားခဲ့။

တုနှင့်တွေ့မှပါ။

"သော်"

"ဗျာ ... မေမေ"

"မင်း ဘာတွေစဉ်းစားနေတာလဲ သော် ... မေမေပြောနေတာတွေ ကြားလား"

"သား အလုပ်ကိစ္စတွေဆီ စိတ်ရောက်သွားလို့ပါ။ သားက ကုမ္ပဏီအသစ်ဖွင့်မှာဆိုတော့ နေရာထိုင်ခင်းကို စဉ်းစားမိသွားတာပါ"

"အမလေး သားရယ် ... ဒါက ဘာအရေးကြီးလို့လဲ၊ မေမေကတော့ အိမ်ထောင်ဖက်ကို အရင်ဆုံးရွေးချယ်ထားစေချင်တယ်။ မေမေ စိတ်ပူတာက မေမေ့ချွေးမလောင်း ရှာဖို့ပဲ"

"မေမေ ရှာပါ ... သားလိုက်ကြည့်မယ်လေ၊ လုပ်ငန်းအခြေကျပြီးမှ အိမ်ထောင်ရေးစဉ်းစားချင်တယ် မေမေရာ နော် ..."

"မင်းအစ်ကိုလို အဖြစ်မျိုးတွေကို မေမေထပ်ပြီး ကြုံတွေ့ရမှာ ကြောက်နေတယ်သားရယ် ... နိမ့်ကျတဲ့ မိန်းမကိုမှ ရွေးခဲ့တယ်။ ပြီးတော့ ... တန်ဖိုးထားနေလိုက်တာ မေမေမြင်လေ ခံစားရလွန်းလို့ အိပ်တောင်မပျော်ဘူး။ မေမေ သားငယ်ကိုတော့ ဒီလိုမျိုးအဖြစ် မခံနိုင်ဘူး ... ခင်နန္ဒာက သင့်တော်တယ်၊ ဆရာဝန်မလေးပေါ့



သူတို့တော့ မေမေ မတွေ့ရသေးဘူး ..."

"လူချင်းမတွေ့ရသေးဘဲ မေမေ ဘယ်လိုလုပ်ရှာလဲ"

"အောင်သွယ်ကနေ မနက်ဖြန်တွေ့ရမယ်ထင်တယ်၊ မေမေက သားဓာတ်ပုံနဲ့ အရည်အချင်းတွေ ချမ်းသာကြွယ်ဝမှုတွေ ပြောပြလိုက်တယ် ... သူတို့က သဘောကျတယ်လေ"

လောလောဆယ်တော့ မေမေ့ဆန္ဒအတိုင်း လိုက်လျောနေနိုင်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"သားတွေ့ရမယ်နော် ... ချွေးမလောင်းလေးက ခင်နန္ဒာတဲ့ ဆရာဝန်မလေး၊ မိဘတွေကလည်း ပုဂ္ဂလိက ဆေးခန်းကြီးပိုင်တယ်၊ အစ်ကိုတစ်ယောက်ထဲရှိပြီး အမေရိကားမှာတဲ့ ..."

မေမေ ဘာတွေပဲအမွှန်းတင်ပြောပြော သူချစ်မိသွားရတာက တုနှင်းစံပင်။

မေမေ ဘယ်လောက်ပဲ ချွေးမလောင်းရှာရှာ၊ ဖူးစာရှင်ဖြစ်မှ ပေါင်းဖက်နိုင်သည်ဟု ထင်သည်။

"မေမေကတော့ ဆရာဝန်မလေးဆိုကတည်းက အရမ်းသဘောကျနေပြီ၊ မိဘတွေကလည်း ဆရာဝန်တွေလေသားရယ်၊ ဘယ်လောက်များ ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေလဲ ..."

မေမေကတော့ ပီတိအပြုံးတွေနှင့် ဝေနေသလောက် သော် စိတ်ညစ်နေသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တုကို သူ စွဲလမ်းနှစ်သက်နေတာကို ဘယ်လိုလုပ်ရမလဲ။

တုမျက်နှာလေးကိုပဲ တမ်းတလွမ်းဆွတ် တွေ့မြင်လိုနေသည်။

"မနက်ဖြန် သားဘာအလုပ်မှ မလုပ်နဲ့တော့ ... အိပ်ရေးဝအောင်အိပ်ပါ။ မေမေတို့ စားသောက်ဆိုင်မှာ ချိန်းထားတယ်၊ ညနေခြောက်နာရီလေ ... ညစာ စားရင်း သီးသန့်အခန်းထဲမှာ တွေ့ဆုံကြမယ်"

"ဟုတ်ကဲ့ပါ မေမေ"

မေမေနှင့် တွေ့ဆုံဖို့ အလိုက်အထိုက် နေပြလိုက်တာအကောင်းဆုံးပဲ။

သူ အကြောင်းတစ်ခုခုပြပြီး ငြင်းပြစ်ရမယ်။

မေမေအနေနှင့် မမပုံကို အာရုံမစိုက်နိုင်ရန် သော် မေမေ့ဆန္ဒနှင့် ထပ်တူ ပါဝင်သရုပ်ဆောင်နေသည်။

( ၉ )

မေမေ ဇွတ်အတင်းခေါ်နေ၍သာ သော်လိုက်လာရသည်။ ...ထဲမှာ မပါပေ။

မမပုံကြောင့်ပါ။

သူ့ရင်ထဲမှာက တုနှင်းစံပဲ ရှိနေ၏။

မေမေ ဆရာဝန်မလေးဆိုပြီး သဲသဲလှုပ်လှုပ်။

သော်ကို အနောက်တိုင်း ဝတ်စုံအား အသေသပ်ဆုံး ဝတ်...စေသည်။

"မေမေတို့က ဒီလိုအခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်...နော်သား ... အမိအရ ဖမ်းရမယ်"

"မေမေရာ ... အရှမ်းကြီး ငမ်းငမ်းတက်လိုချင်နေတဲ့ပုံဖြစ်...ရင် သိက္ခာကျစရာတွေ ဖြစ်လိမ့်မယ်နော်၊ သားလိုယောက်ျား...ယောက်က မိန်းမတွေကို ခေါင်းခေါက်ရွေးယူလို့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်တာပေါ့ သားရယ် ... ဒါပေမယ့် ခင်နှ
လို မိန်းကလေးမျိုးက ရခဲတယ်၊ မေမေကတော့လေ သားကြီးနိုး
ထဲက ကြောက်နေပြီ ... ဘာအဆင့်မှမရှိတဲ့ မိန်းမတွေနဲ့ တွေ့သွား
မှာစိတ်ပူတယ်၊ ချွေးမအမြန်ဆုံး ရှာနေတာလေ"

ဒေါ်မေသက်ကတော့ သားတွေကို မယုံကြည်တော့ဘူး။

ချွေးမ အဆင့်မြင့်မြင့် ရှာနေသည်။

"မင်းနော် ... မေမေ့စကားကို နားထောင်၊ ဒီတစ်ခါ မင်း
မင်းအစ်ကိုနောက်လိုက်ရင် မေမေ သေလိမ့်မယ်၊ အခုတောင် နှလုံး
က မကောင်းချင်တော့ဘူး"

ဖူးစာဖက်ဆိုတာရော မေမေ ထည့်မစဉ်းစားတော့ဘူး
လား။

သူကတော့ စိတ်ပျက်နေသည်။

ဘယ်လိုငြင်းပစ်ရမလဲဆိုတာပဲ စဉ်းစားနေ၏။

မေမေ့ဆန္ဒအတိုင်း ဝတ်ဆင်နေရသည်။

"အဆင့်ရှိတဲ့ ချွေးမပဲ ရှာရမယ် သားငယ်ရေ ... မေမေ့သား
တွေ ဂုဏ်ငယ်စေမယ့် လူတောထဲမတိုးတဲ့ ချွေးမ ဘာလုပ်ဖို့လဲ
သားငယ်ကိုတော့ အဲဒီလိုမဖြစ်စေရဘူး"

မမပုံ ရှေ့မှာ မေမေက အသံကျယ်ကျယ်နှင့်ပြောနေသည်

သော် အားနာသွားရ၏။





မေမေကသွားရင် ကောင်းကောင်းမသွားဘူး။

ကိုကိုက ပြန်မလာသေးပေ။

ယောက်ျားကို အတို့အထောင် လုပ်တတ်တဲ့ မိန်းမဆိုလျှင်
ဩသနာတွေတက်ပြီ။

သော် အမြန်ဆုံး ကားထဲ ဝင်ထိုင်လိုက်ရသည်။

"မေမေ"

"ဟင်"

"မမပုံရှေ့မှာတော့ ပေါ်တင်ကြီး မပြောပါနဲ့၊ ကိုကိုသိသွား
င် ခက်မယ် ... ကိုကိုတို့ကယူပြီးသွားကြပြီပဲ ..."

"ကြားကြားဟော့ ... မေမေက တမင်ကြားအောင်ပြောတာ
ခင်းဆင်းသွားအောင် မောင်းချတာတောင် ဆင်းမှာမဟုတ်ဘူး၊
ယ်ကပ်နေတာ ... သူ့အိမ်မှာက ထမင်းငတ်နေတာလေ"

မေမေ့ကြောင့်လည်း ခက်ပါတယ်။

သော် ဆက်မပြောတော့။

အောင်သွယ်တွေကတစ်ဆင့် မေမေက ချွေးမရှာနေတာ
ည်း စိတ်ပျက်မိနေသည်။

"မေမေကတော့လေ အရမ်းပျော်တာပဲ ... မေမေ့သားငယ်
ကြောင့်လေ၊ လိမ္မာတဲ့သား ... မေမေ့စကားကို နားထောင်တယ်"

သူနှင့်မေမေက စားသောက်ဆိုင်ကို ရောက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားက ဆီးကြိုနေသည်။

"မမသက် သားယယ်လား ... အမလေး ချောလိုက်တာ

ခန့်လိုက်တာ၊ အောင်သွယ်တော် မျက်နှာရတာပေါ့ကွယ်"

"ကျေးဇူးပဲငွေရယ် ... မိန်းကလေးဘက်က မလာသေး

လား"

"မမသက်တို့လာပြီးမှ ဖုန်းဆက်ခေါ်ရမှာပါ ... မိန်းက

ရှင်ဘက်ကဆိုတော့ နည်းနည်းလေး ပဲပေးတာပေါ့လေ၊ ဝင်သွား

သီးသန့်ခန်း စီစဉ်ပေးထားပါတယ်"

"အေးအေး ... အဆင်ပြေအောင် စီစဉ်ပေးပါကွယ် ငွေရ

ပွဲစားမနာမည်က ငွေတဲ့။

သူကတော့ ငွေတွေပဲ မြင်နေသည်။

မေမေ့ကို ရိတ်တော့မယ်ထင်တယ်။

သီးသန့်ခန်းထဲ ဝင်လာခဲ့ကြသည်။

"သား"

"မေမေ"

"ဒီဆရာဝန်မလေးကိုတော့ မင်းရွေးချယ်လိုက်ပါ ... အ

ကြီးတာက ဂုဏ်ဒြပ်တွေ ပြည့်စုံနေဖို့ပဲ၊ မေမေ့သားယယ်က ဘ

ညာနဲ့ ဘယ်လိုကြီးကျယ်ခမ်းနားတဲ့အသိုင်းအဝန်းနဲ့ လက်ထ

တယ်၊ ဒါတွေ ... မေမေ မက်မောတယ်"





သူကတော့ စိတ်ညစ်နေသည်။

သူချစ်ရတာက တုန့်နှိုင်းစံပဲ။

မမပုံရဲ့ညီမလေး။

မေမေ့အကြိုက်လိုက်ပြီး ဆက်ဆံနေရတာပဲ စိတ်ပျက်နေသည်။

တံခါးက ကျွီခနဲ မြည်သွားပြီး မိန်းမကြီးနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဝင်လာကြ၏။

မေမေက ပြာပြာသလဲ ဆီးကြိုသည်။

"လာကြပြီလားရှင် ... ထိုင်ပါ ... "

ပွဲစားမကြီး ဒေါ်ငွေက မိန်းကလေးကို သူ့နားမှာထိုင်စေသည်။

သူ ကြည့်မိတော့ အထိတ်တလန့်ပင် ဖြစ်သွားရ၏။

အသားအရည်က မဲကျုတ်ကျုတ်။

သွားက ခေါသေးတယ်။

ငွေကြေးကတော့ ချမ်းသာလွန်းသည်။

စိန်တွေညွတ်အိနေ၏။

မေမေ့အကြိုက်ပဲ။

"သူလေးလေ ... ဒေါက်တာခင်နန္ဒာ၊ ဒီမှာက နန္ဒာ့မေမေ ဒေါ်သီဂီတဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် … ကျွန်မက ဒေါ်မေသက်ပါ၊ ဒါက ကျွန်မရဲ့သားငယ် သက်ပိုင်သော်ပါ … နိုင်ငံခြားမှာ ပညာသင်လာပြီး အခုတော့ ကုမ္ပဏီထူထောင်ဖို့ကြိုးစားနေပါတယ်"

သူ စိတ်ပျက်ပြီး ဘယ်သူ့ကိုမှမကြည့်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားရသည်။

"ဟင်"

ကိုယ်သင်းရနံ့လေး မွှေးမွှေးလေး။

ပြီးတော့ သွယ်တန်းဖောင်းအိနေတဲ့ လက်ချောင်းလေးတွေ။

သူ မော့ကြည့်မိတော့ စားစရာတွေလာပို့တဲ့ မိန်းကလေး

"တုန်နှိုင်းစံ …"

တကယ့်ကို မထင်မှတ်တာပါ။

မေမေကတော့ တုန်နှိုင်းစံကို တွေ့လိုက်သည်နှင့် သူ့ကို အကဲခတ်သလိုကြည့်ပြီး ချွေးမလောင်းကို အမွှန်းတင်ပြောဆိုနေသည်။

"ကျွန်မဘက်ကတော့ သမီးလေးနန္ဒာကို လက်ခံပါတယ်၊ သမီးလေးလို ချစ်လည်းချစ်မိပါတယ်၊ မကြာခင် လူကြီးချင်းစေ့စပ်ပြီး ကြီးကျယ်ခမ်းနားတဲ့ လက်ထပ်ပွဲ ကျင်းပချင်ပါတယ်"

ဖိုးလပြည့်စာပေ



တူနှင့်စားပွဲထိုး ကောင်မလေးတွေက စားစရာတွေ ပြင်ဆင်ပေးနေသည်။

"ဆရာဝန်မလေးဆိုတော့ သားနဲ့လည်းလိုက်ဖက်တင့်တယ်တော်ကျက်သရေတွေ တိုးစေပါတယ်ရှင် … ကျွန်မသားကြီးတုန်းကတော့ အဆင့်အတန်းမရှိတဲ့ မိန်းကလေး အမိဖမ်းလိုက်လို့ ကျွန်မရင်ကျိုးမတတ် ခံစားခဲ့ရပါတယ် … ကျွန်မရင်ထဲမှာ ချွေးမအဖြစ်ဘယ်လိုမှ မသတ်မှတ်နိုင်ပါဘူး … ရှံ့လို့ …"

"မေမေ …"

"ကျွန်မသားငယ်ကိုတော့ ဒီလိုအဖြစ်မျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာကြောက်တယ်၊ ကျွန်မ ရင်ကျိုးရမှာပါ … ဒါကြောင့် အမြန်ဆုံးလက်ထပ်ပွဲလုပ်ပေးချင်ပါတယ်၊ သမီးလေးဘက်က လိုအပ်တာတွေ တောင်းဆိုပါနော် …"

တု နားထောင်နေရင်း ဒေါသတွေက ပေါက်ကွဲတော့မတတ်ဖြစ်သွားရသည်။

မမပုံရဲ့ညီမ ရှိနေတာ သိသိကြီးနှင့်ပြောနေတာ လွန်လာပြီ။

"ယောက်ျားတွေကို ဖမ်းချင်တဲ့မိန်းကလေးတွေက တစ်ပုံကြီးပဲ … ကျွန်မသားကြီးအတွက် ဘာဆက်လုပ်ပေးရမှန်းတောင်မသိတော့ပါဘူး၊ စိတ်ဆင်းရဲနေရတယ် … ဆင်းဆင်းရဲရဲ နိမ့်နိမ့်ကျကျ မိန်းမကိုမှ လက်ထပ်ခဲ့ရတယ် …"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ဘာတွေပြောနေတာလဲဗျာ ... သားတို့ကို ပြောပါ ..."

တုကို သူအားနာလာမိသည်။

တု မျက်ဝန်းလေးက ဒေါသတွေနှင့် မာထန်တင်းတည်းသည်။

သူ ဘယ်လိုတောင်းပန်ရမလဲ။

"ပျော်ပျော်ရွှင်ရွှင် သုံးဆောင်နိုင်ပါပြီရှင် ... လိုအပ်တာရှိ ပြောပါ"

"ညည်းတို့သွားကြတော့ ... လိုအပ်မှခေါ်မယ်"

"ဟုတ်ကဲ့ပါရှင် ..."

တု ချာခနဲ လှည့်ထွက်လာခဲ့သည်။

တမင် ချိုးချိုးနှိမ်နှိမ် ပြောဖြစ်လိုက်တာပဲ။

တုရှိနေမှန်း သိသိကြီးနှင့် မမပုံ ဘယ်လောက် အထိ အနှိမ်ခံနေရပြီလဲ။

မမပုံက တုထက်ပင် ဖြူစင်သူပါ။

တု နားနေခန်းထဲဝင်လာပြီး ဒေါသတွေ ပေါက်ကွဲနေသည်။

"မတွေ့ချင်လို့ ဆိုင်ပြောင်းလာခဲ့ကာမှ တွေ့ဖြစ်အောင် တွေ့ရသေးတယ် ... ဘယ်လိုလူတွေလဲ ..."

ဟိုလူ သက်ပိုင်သော်ဆိုလား။





သူမကို ထိကပါး ရိကပါး ပြောနေတတ်သေးသည်။

"ရှင့်ကိုများ တုနိုင်းစံက အထင်ကြီးမယ်ထင်နေလား၊ ဝေးသေးတယ် ..."

မမပုံအတွက် တု ဘယ်လိုများလုပ်ပေးရမလဲ။

ယောက္ခမရဲ့ နှိမ်ချဆက်ဆံခြင်းကို ခံနေရတာတော့ သေချာသည်။

ဒေါသ ဖြစ်လိုက်တာ။

ဘယ်လိုလူတွေလဲ ...

တုတို့ကိုများ မတူမတန်သလိုလိုနဲ့ နှိမ်ချပြောဆိုနေလိုက်တာ။

"ကျွန်မအစ်မကို ထိလို့ကတော့ ကျွန်မ လုံးဝလက်မခံနိုင်ဘူး ... ခွင့်မလွှတ်ဘူး၊ တုနိုင်းစံအကြောင်း ကောင်းကောင်းသိစေရမယ်"

တုတစ်ယောက်ထဲ ဒေါသတကြီး ကြိမ်းမောင်းနေမိသည်။

ခေါင်းကိုက်တယ်ဆိုပြီး သူမ အနားယူဖြစ်လိုက်၏။

မဝင်ချင်တော့ပါဘူး။

"မမပုံရယ် ... အရမ်းအနှိပ်စက်ခံနေရလားဟင် ... သနားလိုက်တာ"

တုကတော့ မမပုံကို အရမ်းသတိရလာပြီး ဖုန်းဆက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တု ညီမလေး ... ဘာဖြစ်လို့လဲ ..."

"မမပုံ ..."

"ပြောလေ ..."

"အဆင်ပြေရဲ့လားဟင် ... တုကို အမှန်အတိုင်းပြောပြစမ်းပါ ... မမပုံကို ယောက္ခမက ဘယ်လောက်အထိ နှိမ်ချဆက်ဆံနေလဲဟင်"

"တု ဘာတွေလာပြောနေတာလဲ ... မမအဆင်ပြေပါတယ်၊ ယောက္ခမကြီးကလည်း ကောင်းပါတယ် ... မောင်ကလည်း တုသိတဲ့အတိုင်း မမကို အရမ်းချစ်တယ်"

မမပုံကို မေးရင်တော့ ဒီအတိုင်းပဲဖြေမှာ ဖြစ်သည်။

တု စိတ်မချ။

မမပုံအသံတွေ အားအင်တွေမရှိသလို ပျော့စိစိ။

ကိုယ်ဝန်ကလည်းရှိနေတော့ တု စိတ်ပူမိနေသည်။

"တု ..."

"ဟင် ..."

"ညီမလေး စာပဲကြိုးစားပါ။ ဘွဲ့ရမှ မမစိတ်အေးရမှာလေ၊ ထူးချွန်အောင် ကြိုးစားစေချင်တယ်ကွယ်"

တုကတော့ မမကျန်းမာရေးပဲ ဂရုစိုက်ပါ။

တုအတွက် ထည့်မစဉ်းစားပါနဲ့ဟုပြောပြီး ဖုန်း ပိတ်ပြစ်





လိုက်သည်။

"ရှင်ကြီး ကျွန်မအစ်မကို နှိပ်စက်နေပြီဆင်တယ် ... ကျွန်မအစ်မက အရမ်းပဲ ရိုးသားဖြူစင်တာပါ"

တု တွေးမိတိုင်း ဒေါသဖြစ်နေရသည်။

မမအတွက် ဒေါ်မေသက်အား လက်တုန့်ပြန်ပြစ်ချင်နေ၏။

ငွေကြေးချမ်းသာတဲ့လူတွေမှ ချွေးမတော်ချင်နေတာလား။

စိန်တွေညွှတ်နေအောင် ဝတ်ထားတာနဲ့ပဲ ဂုဏ်တွေအရမ်းတက်ပြီလို့ သတ်မှတ်နေသည်။

ရှင်ကရော အသားမဲချင်မဲ၊ သွားခေါချင်ခေါ၊ ဆရာဝန်ဆိုတဲ့ ဂုဏ်ပုဒ်ကိုတော့ မက်မောသားပဲ။

တာဝန်ချိန်ပြီးသည်နှင့် တု အဝတ်အစားလဲပြီး ကားဂိတ်သို့ ထွက်လာခဲ့သည်။

"တု"

"ဟင် ... ရှင် ... ရှင်"

"ကားပေါ်တက်ပါ ... ကိုယ်တို့အေးအေးဆေးဆေးစကားပြောကြရအောင်"

"ရှင်နဲ့ကျွန်မက ဘာများပြောစရာရှိလို့လဲ"

"ကိုယ်တို့က ပတ်သက်မှုရှိနေကြတဲ့သူတွေလေ ..."

တု ပထမတော့ ဒေါသတကြီးနှင့် တုန့်ပြန်ပြောဆိုပြစ်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ကူးပြီးမှ သူ့ကားပေါ်တက်လိုက်သည်။

တုအား တိတ်ဆိတ်တဲ့ စားသောက်ဆိုင်လေးတစ်ခုရဲ့ ကမ်းစပ်စားပွဲလေးမှာ ထိုင်ကြ၏။

တု ဆုံးဖြတ်လိုက်တာက ဒေါ်မေသက်ရဲ့သားငယ်အား သူမ အရ ယူပြလိုက်ဖို့ပဲ ဖြစ်သည်။

"တု"

"ပြောပါ ..."

"မေမေပြောတဲ့စကားတွေနဲ့ ပတ်သက်ပြီး တုကို အရမ်းအားနာမိပါတယ် ... တောင်းပန်ပါရစေ ... မမပုံနဲ့ပတ်သက်ပြီး တု အရမ်းခံစားရမယ်ဆိုတာ နားလည်ပါတယ် ..."

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲလေ ... မမဘဝပဲပေါ့ ကျွန်မက ဘာတတ်နိုင်မှာလဲ ... အချစ်မှာ မျက်စိမပါဘူးဆိုတဲ့ စကားကို ရှင် ယုံကြည်လား ..."

"ယုံကြည်တာပေါ့ ... ကိုယ် အရမ်းလက်ခံထားတဲ့စကားပဲ ကိုယ်က ဖူးစာရှင်တွေအဖြစ် အတိတ်ဘဝထဲက သတ်မှတ်ထားပြီးသားဆိုတာကိုတောင် လက်ခံထားတယ်"

တု ဒေါသတွေကို လျှော့ပြစ်လိုက်သည်။

ဘာဆက်လုပ်သင့်လဲဆိုတာပဲ စဉ်းစားနေမိ၏။

သားတွေကို တုတို့လို နိမ့်ကျတဲ့ အဆင့်မရှိတဲ့ မိန်းကလေး





နှင့် လက်ထပ်ယူမိမှာ အကြောက်ကြီး ကြောက်နေသည်။

"ရှင့်သားငယ်ကို မမပုံတို့လို မိန်းကလေးမျိုးတွေနဲ့ တွေ့ဆုံမှာကြောက်လို့ မဟုတ်လား ... ဒေါ်မေသက် တန်ဖိုးထားတဲ့သားကို ကျွန်မအရယူပြမယ် ... စောင့်ကြည့်နေပါ"

ကိုသက်ပိုင်သော်ရဲ့ မျက်ဝန်းတွေက တုထံ အကြင်နာဘွေ နက်စွာ စူးစိုက်ကျရောက်နေသည်။

တု သိနေ၏။

ရှင် ဘာကြောင့်လဲ ...

ကျွန်မဘဝကို ဖျက်စီးဖို့လား။

ရှင် လက်ထပ်မှာက တခြားတစ်ယောက် မဟုတ်လား တ်ပိုင်သော်။

"ကိုယ်ကတော့ ကိုယ် မချစ်မနှစ်သက်တဲ့ မိန်းမ တစ် ကို လက်မထပ်နိုင်ဘူးတု"

"ရှင့်အမေ ဆန္ဒက အဓိကကျတာ မဟုတ်ဘူးလား၊ ဒါက ... တုနဲ့မဆိုင်ပါဘူး ... ကျွန်မအစ်မက အေးချမ်းတယ်၊ ရှင် ကို ဖြားယောင်းသွေးဆောင်ယူခဲ့တာ လုံးဝမဟုတ်ဘူးနော်"

"ကိုယ်သိပါတယ်တု ... ကိုကိုကလည်း အရမ်းချစ်ပါတယ်၊ နေဖို့ပြောခဲ့တာ မမတုက လက်မခံဘူး၊ ကလေးရဲ့အနာဂတ် တ်တဲ့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"လူလူချင်းပဲ ဘာများမတူမတန်ဖြစ်နေရတာလဲ ... ကျွန်
အစ်မကို လုံးဝမထိခိုက်ပါစေနဲ့ ... မကြာခင် သူဌေးချွေးမရတော့မှ
လေ၊ ကျွန်မအစ်မကို ပြန်ခေါ်ထားချင်တယ် ... အခြောက်တိုက်
အနိမ့်ခံရတာမျိုးတော့ ကျွန်မ လုံးဝအဖြစ်မခံနိုင်ဘူးနော်"

"တုရယ် ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်က ဒေါက်တာ
ခင်နန္ဒာ့ကို လက်မထပ်ပါဘူး ... ကိုယ်ငြင်းပယ်ပစ်မှာပါ၊ အချစ်မ
ဘဲနဲ့ ငွေတွေ ဂုဏ်တွေကြောင့်တော့ ဘယ်လိုမိန်းမမျိုးကိုမှ ကိုယ်
လက်မထပ်နိုင်ဘူး တု ..."

"အဟက် ..."

"မရယ်ပါနဲ့တု"

"ကျွန်မ ပြန်တော့မယ်"

"တု ..."

သူမပြောပြီး ထွက်လာတော့ သူလည်း နောက်မှလိုက်
သည်။

တုကို လိုက်ပို့ပါရစေဟု တောင်းတောင်းပန်ပန် ခဲယဉ်
တောင်းဆိုနေ၍ လက်ခံလိုက်၏။

ပွဲက အခုမှ စတင်ပြီဟု ထင်သည်။

( ၁၀ )

"မမ ဘာဖြစ်လို့ အရမ်းပိန်ချုံးသွားရတာလဲ ... ယောက္ခမ
နှိပ်စက်နေလို့လား"

"တု ... ဘာတွေပြောနေတာလဲ၊ မောင်ကြားသွားရင် အား
ရာကြီးဟယ် ... တိုးတိုးပြောစမ်းပါ ..."

"မမ"

"ဘာလဲ"

"နောင်တတွေ ရနေပြီလား"

"ဘာဖြစ်လို့ ရရမှာလဲဟဲ့ ... မောင်က ငါ့ကိုအရမ်းချစ်တယ်"

အစ်ကိုနိုင် ချစ်တာတော့ တု ယုံကြည်နေမိသည်။

ဒါပေမဲ့ ... ယောက္ခမကြီးကတော့ ဘယ်လောက်အထိ
ဆက်ဆံနေလဲ။

မမပုံကို ကြည့်ရတာ တုအားမရ။



www.burmeseclassic.com

www.burmeseclassic.com



ချော့ချော့လေးပဲ ရှိသည်။

"တုအစ်မက အနားယူပါဆိုလည်း ပြောလို့မရဘူးကွာ နိုင်တောင် စိတ်မချဘူး ... အားမရလို့လေ၊ အိမ်ခွဲနေမယ် သော့လဲ လက်မခံဘူး ..."

"မမ အားရှိပွဲမလား ... တု စိတ်ပူတယ်၊ မမ အိမ်မှာခ လောက်ပြန်နေပါလား"

"ရပါတယ် တုရယ် ... မမပုံက ကိုယ်ဝန်ကြောင့်ပါ၊ တု သာ မမစိတ်ပူရတာ ... ညီမလေး ပညာရေးကို ကြိုးစားနော် ... နောက်ဆုံးနှစ်ရောက်နေပြီ၊ ထူးထူးချွန်ချွန်နဲ့ အောင်မြင်အော ညီမလေး ကြိုးစားပါ"

တုကတော့ တက်ကြွကျန်းမာနေ၍ ပုံ စိတ်အေးရသည်။

ယောက္ခမကြီးက ပုံ့ကိုပညာရှိနှိပ်စက်နေတာကို မောင်နှ ညီမလေးတို့ကို အသိမပေးခဲ့။

"မမ အားတင်းထားပါ ... ကိုယ်ဝန်ကလည်း အားရှိမှဖြ မယ်၊ တု အရမ်းစိတ်ပူတယ် ... မမက နေရတာကာ အနှစ်နာ တတ်တယ်၊ ကြိတ်မှိတ်ခံစားမနေစမ်းပါနဲ့နော် ..."

မမလည်း စိတ်ပူတယ် တုရယ်။

ရင်သွေးလေးကို ယောက္ခမကြီးက အသိအမှတ်မပြုချင်ဘူး

မမအလုပ်တွေ လုပ်ရလွန်းလို့ ပင်ပန်းပြီး သေရတော့မယ်





င်တယ်။

မောင်ကတော့ မမကို ချစ်ခင်မြတ်နိုးဂရုစိုက်ပါတယ်တု။

မောင့်အမေက သားကြီး ထွက်သွားရင် သေမလားဘဲ။

မမကြောင့်တော့ မောင့်အမေ စိတ်ထိခိုက်ကြေကွဲရမှာ မမ နိုးရိမ်ဆုံးပဲ။

"တု ... မမပြန်တော့မယ်၊ ကိုယ်ဝန်နဲ့ဆိုတော့ မမ ခဏ ခဏ မလာနိုင်တော့ဘူး၊ ပိုက်ဆံကိုယူထားပါ၊ နောက်မှ တုအလုပ် မှ ပြန်ဆပ် ... ချေးတဲ့သဘောပဲ ထားလိုက် ..."

"တု မလိုပါဘူး၊ မမပေးတဲ့ပိုက်ဆံတွေ အများကြီးပဲဟာ၊ ယူသွားပါ ..."

"ယူထားပါ ညီမလေးရယ် ... အကယ်လို့ မမတစ်ခုခုဖြစ် သွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ ... နိမိတ်မရှိတာ၊ မမက ဘာဖြစ်ရမှာလဲ ... တု တွက် မမရှိနေဖို့ လိုအပ်တယ်နော် ... ငွေကြောင့် မဟုတ်ပါဘူး၊ ယ့်အစ်မကို ကျေးဇူးဆပ်ချင်လို့ ..."

မမပုံကို တုဖက်လိုက်တော့ အသားတွေက ပျော့စိအေး နေသည်။

စိတ်ထဲမှာတစ်မျိုးကြီးပဲ။

ရင်တွေ ထိတ်သွားသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တော့ဘူး ...

မအေနှာကို တုအမြန်ဆုံး ရောက်မှဖြစ်မယ်။

"ဖယ်တော့ တု ... မမပြန်ရမယ်"

"ပုံရယ် ... မင်း ဘာဖြစ်နေတာလဲ၊ အေးအေးဆေးဆေး ညီမလေးနဲ့ နေပါဦး ... အိမ်ကို ဘာဖြစ်လို့ဒီလောက်အထိ ပြန်ချင်နေရတာလဲ"

မောင့်မေမေက အမြန်ဆုံးပြန်ခဲ့ဖို့ မှာလိုက်သည်။

မလာရင် ညည်းအသေပဲတဲ့။

ငါ့သားကို ညည်းတို့ရပ်ကွက်ထဲ ခေါ်မသွားနဲ့တဲ့။

မသဒီဘူးတဲ့ ...

ပုံကတော့ ပြဿနာတွေ မဖြစ်စေချင်ပေ။

ပြန်ချင်နေ၏။

မောင်က မပြန်ပေ။

ပုံ ဒီမှာပြန်နေချင်ရင် ပြန်နေတဲ့။

မောင်ပါ လိုက်နေမယ်တဲ့။

ဘုရားရေ ...

မဖြစ်နိုင်တာ။

မိုးအထိ မီးလောင်သွားနိုင်သည်ဟု ထင်သည်။

"ပြန်ကြမယ်မောင် ... အပိုတွေလျှောက်ပြောမနေစမ်းပါနဲ့





ပုံ နားချင်တယ်၊ ပုံ့ရင်သွေးလေးက မောင့်သွေးမို့ထင်တယ်၊ အိမ်ငုတ်လေးထဲမှာ ခဏလေးတောင် မနေချင်တော့ဘူး"

မမပုံ လိမ်ညာဟန်ဆောင်နေတာပါ။

တု သိတာပေါ့။

မိဘတွေ အမွေအနှစ်အိမ်လေးကို မမပုံ ဘယ်လောက်အထိ နှစ်သက်လည်းဆိုတာ တုသိသည်။

"တုလေး လိမ်မာနော် ... မမစိတ်အေးချင်တယ်၊ တုလေး အင့်တင့်တယ်တယ် ရပ်တည်စေချင်ပါတယ် ... မမရဲ့ အကြီးမားဆုံးဆန္ဒ သိလား ... "

"အင်းပါ ... မမပုံ ကျန်းကျန်းမာမာနဲ့ ရှိနေဖို့ကလည်း တုရဲ့ အကြီးမားဆုံးဆန္ဒပဲနော် ... "

"ဟုတ်ပါပြီကွယ် ... "

ပုံ ပြန်လာခဲ့သည်။

ညီမလေးကို စိတ်မချတဲ့ ခံစားမှုတွေက ထူးထူးခြားခြား ဖြစ်ပေါ်နေရသည်။

ရင်လေးလိုက်တာ ...

ငွေလည်း လိုလိုလောက်လောက် ထောက်ပံ့ပေးခဲ့ဖို့ သက်ကျားကို ပြောမိသည်။

"ညီမလေး အလုပ်တွေဘာတွေ မလုပ်နဲ့နော် ... ပညာရေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား … မမကတော့ အင်ဂျင်နီယာမလေးအဖြစ် မြင်ချင်တယ်”

ပုံ ပြန်ရောက်တာ စောတာတောင် ယောက္ခမကြီးက မျက်နှာမသာမယာနှင့် တင်းနေသည်။

သူ့သားကို အဆင့်နိမ့်ကျအောင် လုပ်နေတာလားဟု မောင် မသိအောင် ကြိမ်းမောင်းနေသေးသည်။

“ပုံ”

“ဟင်”

“အိပ်တော့ကွာ … တု ပြောသလိုပဲ၊ ပုံ့ကိုကြည့်ရတာ အား မရဘူး၊ မောင်မရှိတဲ့အချိန်တွေမှာ ပုံ့ကို မေမေ ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လားပုံ”

“ဆက်ဆံပါတယ် … မောင့်ကိုချစ်တော့ ပုံ့ကိုလည်း ချစ်တယ်လေ … ”

ပုံ နေမကောင်းဘူး မောင်ရယ်။

စိတ်ထဲမှာ အရမ်းခံစားနေရတယ်။

မောလိုက်တာ …

နှလုံးတွေလည်း တုန်နေတယ်။

မောင့်ကို ဖက်လိုက်တော့ မောင်က တုန့်ပြန်၍ဖက်ထားသည်။

“မောင် … ”





“ပြောလေ … ပုံ”

“ပုံ စိတ်ပူတာကလေ ပုံ့ညီမလေး တုကိုပဲ … တုပညာရေး တစ်ဝက်တစ်ပျက်နဲ့ တစ်ခုခုဖြစ်သွားမှာ အရမ်းစိတ်ပူတယ်၊ မောင် မြစ်မထားပါနဲ့နော် … စောင့်ရှောက်ပေးပါ”

“ပုံ … မင်းဘာတွေပြောနေတာလဲကွာ … ညီမလေးတုက အမွှမ်းအစရှိတယ်၊ ထက်မြက်တယ် … ဘဝကို ရပ်တည်နိုင်တယ်၊ မောင် စိတ်ပူတာက ပုံ့ကိုပဲ … အခက်အခဲတွေ ကြိတ်မှတ်မခံစားနေပါနဲ့ … မောင့်ကို ရင်ဖွင့်ပါ … ”

“ဟင့်အင်း … ဘာမှမရှိပါဘူး၊ အိပ်တော့မယ်နော်”

မောင်က နှုတ်ဆက်အနမ်းလေးကို ဖွဖွလေးနမ်းရှိုက်သည်။

သူမကို ချစ်မြတ်နိုးလွန်းတဲ့ မောင်ပါ။

ပုံ့စိတ်တွေ လေးနေတယ်။

မောင့်မျက်နှာကို စူးစိုက်ကြည့်ရင်း ပုံအိပ်ပျော်သွားသည်။

“ချစ်ပွင့်ပုံ … ဟဲ့ ချစ်ပွင့်ပုံ … ညည်းက စည်းစိမ်တွေယူနေတာပေါ့လေ … ထစမ်း … ”

“ဒုန်း … ”

“အား … ”

သူမ လန့်ပြီး မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ မောင့်အမေက မားမားကြီးရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် အိပ်နေတာ ဘယ်အချိန်ရှိနေပြီလဲ ချစ်ပွင့်ပုံ ... နင့်ယ
တောင် အလုပ်သွားပြီ ... "

"ဟင်"

သူမ ဆတ်ခနဲ အိပ်ရာကနေ ထလိုက်သည်။

နေတောင် အတော်မြင့်နေပြီပဲ။

"မေမေ ... "

"ဘာမေမေ ... "

"ဟုတ်ကဲ့ တောင်းပန်ပါတယ်နော် အန်တီသက် ...
ကလည်း မနိုးဘူး ... "

"ထ ... လုပ်စရာရှိတာလုပ်၊ အချောင်မခိုနဲ့ ... ဒီညနေ
ချွေးမလောင်းကို ထမင်းစားဖိတ်ထားတယ် ... သန့်ရှင်းရေး
ထား၊ ငါ့ချွေးမလောင်းက နင့်လို အနုတ်စုတ် ဂုတ်စုတ်မဟုတ်
နော် ... ဒေါက်တာမ ... မိဘတွေကလည်း အရမ်းချမ်းသာတ
နင် အပြင်ထွက်မလာနဲ့နော် ... "

"ဟုတ်ကဲ့ ... "

ပုံ အိပ်ရာကထပြီး မျက်နှာသစ် အဝတ်အစားလဲရ
အိမ်သန့်ရှင်းရေးတောင် ပုံလုပ်နိုင်ပါတော့မလား။

ခေါင်းက မူးတူး မိုက်တိုက်နှင့် ဖြစ်နေသည်။

"သန့်ရှင်းရေးလုပ်စမ်းပါ ... ညည်း မာယာများမနေနဲ့





ညက ညည်းညီမအိမ်သွားတာ ငါ့သားကို ညည်းညီမအတွက် ပိုက်ဆံ
ဘယ်လောက်ပေးလိုက်လဲ ... "

"မများပါဘူး ... ညီမလေးကို နောက်ဆုံးအကြိမ် ထောက်ပံ့
တာပါမေမေ ... နောက်မပေးတော့ပါဘူး"

"နင်က ငါ့သားကို ဘယ်လိုများမြှူဆွယ်ဖြားယောင်းထား
လည်းမသိဘူး ... မွန်နေတယ်၊ အသုံးမကျတဲ့ သားကြီး ... "

ပုံ ဘာမှဆက်ပြောမနေတော့ဘဲ အလုပ်တွေကိုလုပ်နေမိ
သည်။

"ညည်းကလည်း ငါ့သားအနားကနေ တုတ်နဲ့ကော်ချတာ
တောင် ခွာမယ့်ကောင်မ မဟုတ်ဘူး ... ပေကပ်နေတယ်၊ ငါ့သား
ဆေးမိနေတာပဲဖြစ်မယ် ... အောက်လမ်းနည်းတွေနဲ့ပဲ ပြုစားထား
သလား စုန်းမရဲ့ ... "

"အား ... "

ယောက္ခမကြီးစကားကြောင့် ပုံ့ ရင်ဘတ်ဆီမှ စူးခနဲ
အောင့်တက်သွားသည်။

"အား ... ကျွတ် ... ကျွတ် ... "

"ဟဲ့ ... ဘာဖြစ်တာလဲ ... "

"အား ... အောင့်တယ် ... အမလေး အောင့်လိုက်တာ
မောင့်ဆီဖုန်းဆက်ပေးပါ ... ပုံ့ကို ကယ်ပါဦး အန်တီသက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး ... ညည်းက ဟန်ဆောင်မနေစမ်းပါနဲ့အေ မာယာကိုများတယ်၊ ငါ့သားကြီး ဘယ်လောက်အလုပ်များနေလဲ လုပ်စရာရှိတာ ဆက်လုပ်စမ်းပါ"

"အန်တီသက် ... ကျွန်မ တကယ်ပဲ အောင့်နေတာပါ ဆေးရုံကို ပို့ပေးပါနော် ... တောင်းပန်ပါတယ်၊ အသက်တောင် ရှူလို့မရတော့ဘူး ... ရှိခိုးပါတယ် ... မောင့်ဆီ ဖုန်းဆက်ပေးပါ"

"သေလေ ... ညည်းသေပေါ့၊ ငါ့သားကြီးကို ဂုဏ်မဲ့အောင် ကြံစည်နေတဲ့မိန်းမ ... "

"အန်တီသက် ... တောင်းပန်ပါတယ်နော် ... ပုံလေ ပုံ"

မောလိုက်တာ ...

ပုံ အသက်ရှူလို့ပင် မဝတော့။

ရင်ဝမှာ မီးတောက်တွေနှင့် လောင်မြိုက်နေသလို ပူလောင်နေသည်။

မောင့်အမေက ထွက်သွားပြီဖြစ်သည်။

"တု ... ညီမလေး ... မောင်ရေ ... ပုံ့ကို ကယ်ပါဦး ... အား ... "

ပုံ့မျက်ဝန်းတွေက ပြာဝေလာသည်။

အသက်ရှူလို့ မဝတော့ဘူး။

ပုံ သေရတော့မယ်ထင်တယ်။





မောင့်ကို လက်ထပ်ရတာ ပုံ နောင်တမရပေမယ့် ကြောက်နေမိသည်။

"မောင်ရေ ... ပုံ့ကိုလာကယ်ပါဦး၊ မောင့်အမေ အရမ်းရက်စက်တယ် ... အမလေး ... "

ပုံ့ ဦးခေါင်းကို ကျောက်တုံးကြီးနှင့်ဖိလိုက်သလို လေးလံလာပြီး၊ ပုံ အသိဉာဏ်တွေအားလုံး အမှောင်တိုက်ကြီး ဖုံးလွှမ်းသွားသည်။

"မမပုံ ... မမကြီးပုံ"

အိမ်ဖော်ကောင်မလေးအိက အပြေးအလွှားရောက်လာသည်။

မမပုံကို ခေါ်မရတော့ ...

သနားလိုက်တာ။

မေမေကြီးက ရက်စက်လွန်း၏။

မမပုံ နေမကောင်းဖြစ်တာကိုလည်း ရက်စက်စွာ ဥပေက္ခာပြုသွားသည်။

"မမပုံ ... မမကြီး ... အမလေး ခေါ်လို့လည်းမရတော့ဘူး၊ သုပ်ကြပါဦး ... မမပုံ သေပြီထင်တယ် ... လာကြပါဦး ... "

အိမ်ဖော်ကောင်မလေး အော်သံကြောင့် ခေါ်မေသက် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက အဲဒီလောက်အထိဖြစ်သွားမယ်မှန်း ထ...
မထားခဲ့။

ချစ်ပွင့်ပုံ သေပြီထင်တယ်။

မိမိစိတ်ထဲမှာ ဟန်ဆောင်မာယာများပြတာဟု ထင်... ကျောခိုင်းထွက်လာခဲ့၏။

မတတ်နိုင်ဘူးလေ။

ခင်းသေတော့လည်း သေပေါ့။

ငါ့သားအနားမှာ တွယ်ကပ်ချင်တဲ့ကောင်မ။

ခင်းကိုယ်ဝန်လည်း ပျက်စီးပြီ။

ခင်းသွေး မကျန်တော့။

အိမ်ဖော်ကောင်မလေး အိအား နှုတ်ပိတ်လိုက်သည်။

"အိအိ ..."

"ရှင်"

"နင့်ပါးစပ်ကို ပိတ်ထားနော်၊ သေတာကတော့ သူ့ဟာ... သေတာပါ ... ငါ့သားနဲ့လက်ထပ်ထဲက ရောဂါသည်မပဲ ... ငါ... နင့်ကို ကျွေးမွေးစောင့်ရှောက်ထားရတာနော်၊ နင်လိမ်မာရင် နင့်... ရွှေတွေပါ ဆင်ပေးမယ် ... ကြားလား ..."

"ဟုတ်ကဲ့ပါ"

မေမေကြီးကိုလည်း အိ မဆန့်ကျင်ရဲပါဘူး။





အိမ်မှာ ခိုကပ်စရာအိမ်မှ မရှိတာ။

ငယ်စဉ်လေးထဲက ဒီတိုက်ကြီးထဲမှာပဲ မိဘမဲ့အဖြစ် ကြီး...လာရတာပါ။

မေမေကြီးကို ကြောက်ပါတယ်။

"နင်တို့အစ်ကိုကြီး ဘယ်လောက်အထိ ဂုဏ်မဲ့ခဲ့ရလဲ၊ လူ...ထဲတောင် မတိုးရဲဘူး ... ညည်းသစ္စာရှိပါ၊ မေမေကြီး ညည်း...တစ်လျှောက်လုံး ကောင်းကောင်းမွန်မွန်နေထိုင်စားသောက်...အောင် လုပ်ပေးမယ်"

"ဟုတ်ကဲ့ပါ မေမေကြီး ... အိ နားလည်ပါတယ်၊ မေမေကြီး...ကို နားထောင်ပါ့မယ်"

"ပြီးရော ..."

ဒေါ်မေသက် ဆရာဝန်ကို ဖုန်းဆက်ခေါ်ပြီး စစ်ဆေးစေခဲ့...။

"နှလုံးအရမ်းအားနည်းနေပါတယ် ... နှလုံးဖောက်ပြီး သေ...တာပါ"

"ဖြစ်မှဖြစ်ရလေ ... သမီးလေးရယ် ... မေမေ့သားကို ဘယ်...ပြောပြရမလဲ ... သမီးကို အရမ်းချစ်ရှာတဲ့ သားကြီးကို ဘယ်လို...ပေးရမလဲ သမီးရယ် ..."

ချစ်ပွင့်ပုံကို ဖက်ပြီး ဒေါ်မေသက် ကြေကြေကွဲကွဲ ငိုပြ၏



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးတော့ ...

သားကြီးဆီကို အကြောင်းကြားလိုက်၏။

သားကြီး အရူးတစ်ယောက်လို ကယောင်ကတမ်းတွေနှင့် ရောက်လာပြီး ချစ်ပွင့်ပုံကို ဖက်၍ငိုကြွေးနေသည်။

"ပုံရယ် ... ဘယ်လိုဖြစ်ရတာလဲ၊ မောင့်ကိုထားခဲ့ပြီလား ကွာ ... မောင် ဘယ်လိုဖြေရမလဲ၊ မင်းကို အခုလိုဖြစ်မှာစိုးရိမ်လို့ မောင်စိတ်မချတာ ... မေမေ ဘယ်လိုဖြစ်ရတာလဲ၊ ပုံ့ကို ဆေးခန်း ကို မပို့ပေးဘူးလားဗျာ ..."

"မေမေလည်း မသိဘူး ... ပုံက ဘာမှမပြောတာဘဲ၊ သား ကြီးမိန်းမက ဘာမှမဖြစ်ဘူးပဲ ပြောနေတယ်၊ မေမေလည်း အရမ်း စိတ်မကောင်းဖြစ်နေတယ် ... ဘာပဲဖြစ်ဖြစ် ပုံ့ကိုယ်ဝန်က မွေး သားကြီးသွေး ရှိနေတယ်လေ"

မေမေ့ကိုလည်း နိုင် လုံးဝမယုံပေ။

ပုံ့ကို သူ့ကွယ်ရာမှာ ကြိတ်ပြီး နှိပ်စက်နေသည်ဟု ထင် သည်။

ပုံကရိုးသားလွန်းတဲ့ မိန်းကလေးပါ။

နိုင် လုံးဝမဖြေနိုင်ပေ။

ပုံကိုချစ်တယ်။ သူ တန်ဖိုးထားရတဲ့ချစ်သူ။





ပြီးတော့ ...

သူ့ရင်သွေးလေးပါ သေဆုံးရသည်။

နိုင် ရူးသွပ်မတတ် ခံစားရ၏။

ချစ်ဇနီးခန္ဓာကိုယ်ကိုအတင်းအကြပ် ဖက်တွယ်ထားမိသည်။

"ညီမလေးတုကို ဘယ်လိုအသိပေးရမလဲပုံရယ်၊ မောင့်ကို ပြောပါဦးကွာ ..."

ညီလေးသော်လည်း ရောက်လာပြီးငိုသည်။

ပုံ သေဆုံးရတာ ဘာကြောင့်လဲ ...

နိုင် ထင်မထားမိ။ ပုံ အားနည်းနေတာကို သူ လုံးဝ ဂရု စိုက်မိ၍လည်း နောင်တတွေ ရနေခဲ့၏။

ဒါပေမယ့် ... ဘာတတ်နိုင်တော့မှာလဲ။

သူ့ရင်တွေ ဟက်တက်ကွဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com

…း ( ၁၁ )

"မမပုံကို ဘယ်သူသတ်တာလဲ … တုလား … ကျွန်မကို
…ာက်ပံ့ချင်လို့ သူ့မွေးသားနဲ့ လက်ထပ်ခဲ့တာလား"

တု မကျေနပ်ဆုံးက မမပုံရဲ့ ယောက္ခမကြီးကိုပင်။

မမပုံ စိတ်သောကတွေရောက်အောင်လုပ်နေတဲ့ ဒေါ်မေ
…်လား။

မမပုံရဲ့နှလုံးတွေ အားနည်းသွားစေခဲ့တာ တရားခံ ဘယ်သူ
…

တု မျက်ရည်တွေက မျက်ဝန်းတွေထဲမှာတင် တစ်ဆို့နေ
…ည်။

"တု ငိုလိုက်လေ … ကြိတ်ပြီး တင်းမထားပါနဲ့ အားရပါးရ
…ငိုလိုက်ပါဟာ"

သူငယ်ချင်းနုက သူမခန္ဓာကိုယ်လေးအား ထိန်းမတ်ရင်း

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သတိပေးနေသည်။

သူမ ငိုလို့မရ။

မွန်းကြပ်နေ၏။

မမပုံနှင့်တူနိုင်းစံ သံယောဇဉ်တွယ်တာစရာ ဒီအစ်မပဲ ရှိ...ပါ။

တုကို စိတ်မချဘူးဆို။

မမ ဘာဖြစ်လို့ တစ်ယောက်ထဲ ထားခဲ့ရတာလဲလို့။

"တု ငိုလိုက်ပါလား ... မမပုံက နင့်ကိုအင်ဂျင်နီယာဘွဲ့ အထူးချွန်ဆုံး ရစေချင်တာလေ၊ နင် ကြိုးစားပြဖို့ပဲ လိုအပ်တာ... တုရယ် ... "

အင်ဂျင်နီယာဘွဲ့လည်း တုမယူချင်တော့ဘူး။

တု ဂုဏ်ယူဝံ့ကြွားပြစရာ မမပုံမှ မရှိတော့တာဘဲ။

တုရဲ့ ဝမ်းနည်းကြေကွဲမှုတွေက မျက်ရည်တွေအဖြစ် မျက်...ဝန်းတွေထဲကနေ ပြုတ်ကျမလာဘဲ ရင်ကို နာကျင်စူးနင့်နေ...သည်။

"မမပုံအတွက် တု ဘာလုပ်ရမလဲ ... တု ဖြေသိမ့်လို့မရ... ဘယ်လိုလုပ်မိမှ တုစိတ်တွေကို ဖြေလို့ရမှာလဲဟင် ... "

မမပုံအလောင်းက မသေခင်ဝေဒနာတွေ ခံစားခဲ့ရပုံ... ဘယ်သူကမျှား ဆေးခန်းကိုအချိန်မီ မပို့ရတာလဲ။





ကိုယ်ဝန်ကလည်း နုသေး၍ သွေးခဲအဖြစ်ပဲ ရှိနေသည်တဲ့။

"ပုံရယ် ... မောင်ဘယ်လိုဖြေရမလဲကွာ၊ ပြောစမ်းပါဦး ... ဒီလိုမှန်းသိထားရင် မင်းအနားကနေ မောင်တစ်ဖဝါးမှ မခွာပါဘူး"

မမပုံ ခင်ပွန်းလည်း ကြေကွဲဝမ်းနည်းပူဆွေးနေသည်။

ကိုနိုင်ကိုတော့ တု ယုံကြည်တယ်။

မမပုံကို အရမ်းချစ်ခဲ့တာလေ။

ကိုသော်လည်း နာကျင်ကြေကွဲနေရ၏။

တု မကျေနပ်တာက မမပုံရဲ့ယောက္ခမကြီး ဒေါ်မေသက်ပဲ။

"ကဲ ... သင်္ဂြိုလ်ဖို့ အချိန်ရောက်နေပြီ၊ ဖယ်ကြတော့ ... သားငယ် မင်းအစ်ကိုကို ခေါ်ထုတ်ပြီး ပြန်တော့ ... "

"ကိုကို နေပါစေ ... မီးသင်္ဂြိုဟ်ပြီးတဲ့အထိ နေပါစေမေမေ၊ ...သားလိုက်ပါ ... "

"ခေါ်သွားစမ်းပါ သော် ... သားကြီး တစ်ခုခုဖြစ်သွားမှာ ...စိတ်ပူရတယ်"

"ကျွန်တော် မသွားနိုင်ဘူး မေမေ ... ပုံကို အချိန်ရသ...လောက်ကြည့်မယ် ... တစ်ဝကြီး ကြည့်ပါရစေ၊ ပုံက အရမ်းဖြူစင်...သူပါ"

ဒေါ်မေသက်က မကျေမနပ်နှင့် အံကြိတ်ရင်း မျက်နှာကို ...တွန့်မဲ့ပြီး နောက်ဆုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



**မေတို** သတို့တ်ပြီး တု အိမ်ကို ပြန်ရောက်သွားတော့ မမပုံ

**ေဘာတွေကြီး**က သူ့အရိုင်ဘာနှင့် တုတို့အိမ်မှာပဲ အသုဘ ရက်လည်

**ဆွမ်းကပ်**ဖို့ ပိုက်ဆံလာပေးသည်။

"မေမေကြီးကဲ့ မှာလိုက်ပါတယ် တုနိုင်းစံ ... သူ့သားတွေ

နဲ့ ပတ်သက်စရာမသိုတော့ဘူးတဲ့၊ ကင်းကင်းရှင်းရှင်းနေထိုင်ဖို့ မှာ

လိုက်ပါတယ်"

"ဘာပြောတယ် ..."

"သူ့သားတွေကို လုံးဝမပတ်သက်ပါနဲ့တဲ့၊ ထောက်ပံ့ခိုင်းတာ

မျိုးတွေ ဘာတွေ မလုပ်ပါနဲ့တဲ့ ..."

ကားဒရိုင်ဘာက ထွက်သွားသည်။

ဘယ်လောက်များ အတွက်ကြီးပြီး လူမဆန်တဲ့ မိန်းမကြီးလဲ

လူလူချင်း အဆင့်အတန်း ခွဲခြားပြီး မမပုံ အသုဘတော

ရက်မလည်သေးဘူး။

တုရဲ့ နာကြည်းမှုတွေက တုရင်ထဲမှာ ကြီးမားတဲ့ အစိုင်အခဲ

ကြီး ဖြစ်သွားရသည်။

"ကောင်းပါပြီ ... ရှင်က သားတွေနဲ့ မပတ်သက်ပါနဲ့ ဟုတ်

လား ... ကျွန်မတို့လို နိမ့်ကျတဲ့မိန်းမတစ်ယောက်နဲ့ ငြိစွန်းသွား

မှာ အရမ်းကြောက်နေတာလား ... ပတ်သက်ပြမယ်၊ ရှင့်ချွေး

အဖြစ် ရှင်နေတဲ့တိုက်ကြီးပေါ် တက်လာပြမယ် ..."





သူမ လုံးဝခွင့်မလွှတ်နိုင်ဘဲ ဖြစ်သွားရသည်။

မမအသုဘ ရက်လည်ဆွမ်းကို သူမ အိမ်လေးမှာပဲ ဆွမ်းကပ်

ဒါန်းခဲ့၏။

ကိုနိုင်ရော၊ ကိုသော်ရော ... သူမအိမ်လေးမှာ ကပ်တဲ့

ဆွမ်းဆီပဲ လာရောက်ခဲ့ကြသည်။

"တုကို နောက်ထပ် ထောက်ပံ့ကူညီတာမျိုးတွေ လုပ်ရော

ဆိုတော့ပါဘူး ကိုနိုင် ... တု ရပ်တည်နိုင်ပါတယ်၊ ရပ်ကွက်ထဲမှာ

ပြီး ကိုနိုင့်အမေ ပြောဆိုမှာကြောက်ပါတယ်၊ တုလည်း ကိုယ့်

နဲ့ ကိုယ်နေတာပါနော် ..."

"ကိုနိုင်လည်း အမေရိကားကို အပြီးအပိုင်ထွက်သွားတော့

မယ်တု ... မင်းလိုအပ်တာရှိရင် အကူအညီတောင်းပါ။ မင်းအစ်ကို

ယောက်လိုပဲ သတ်မှတ်ထားပေးပါလား ... ပွဲအတွက် အစစ

ရာကိုနိုင် တောင်းပန်ပါတယ်ကွာ ..."

နိုင် ထွက်သွားတော့မယ်။

မေမေကြောင့်ဆိုတာလည်း နိုင် သိသည်။

မေမေကို အသိမပေးဘဲ ထွက်သွားဖို့ ဆုံးဖြတ်ထား၏။

ပုံကလွဲပြီး သူ့နှလုံးသားထဲမှာ ဘယ်လိုမိန်းကလေးမျိုးကိုမှ

မထိုးနိုင်တော့ကြောင်း သူအသိဆုံးဖြစ်သည်။

"ပုံ့ဆန္ဒအတိုင်း တုကို စောင့်ရှောက်ပေးထားချင်တယ်၊ တု



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုပဲလေ ...”

“တု ဘယ်တော့မှ စိတ်မာတတ်မကျပါဘူး ကိုနိုင်၊ စိတ်ချပါ”

ကိုနိုင်ကတော့ သူမအား ညီမလေးတစ်ယောက်လို စောင့်ရှောက်ဖို့ ဆန္ဒရှိသည်။

နောက်တစ်ပတ်လောက်အကြာမှာတော့ ကိုနိုင် နိုင်ငံခြားကို ထွက်သွားတော့၏။

ကိုသော်လည်း တုဆီ မကြာခဏ ရောက်လာတတ်သည်။

“ကိုကိုက မှာသွားတယ်တု ... မင်းကိုစောင့်ရှောက်ဖို့တဲ့ တု အလုပ်မလုပ်ပါနဲ့တော့ ... မမပုံရဲ့ ဆန္ဒပဲလေ ...”

“ရှင့်အမေကရော ကျွန်မဆီ ဒရိုင်ဘာကိုလွှတ်ပြီး သူ့သားတွေနဲ့ လုံးဝမပတ်သက်ဖို့ ပြောခဲ့တယ်လေ ... ကျွန်မတို့ရပ်ကွက်ထဲ ကိုယ်တိုင်လာပြီး ဆဲဆိုဆူပူ ကြိမ်းမောင်းရင် ကျွန်မပိုပြီး အရှက်ရမှာနော် ...”

“မေမေကလား ... မင်းဆီလာပြောတယ် ဟုတ်လား”

“ဟုတ်တယ်လေ ...”

“မေမေကလည်းဗျာ ... အဓိပ္ပါယ် မရှိတာဘဲ”

မေမေက သော့်ကိုလည်း နောက်ထပ်မပတ်သက်ဖို့ သတိပေးထားသည်။

ခင်နန္ဒာနှင့် လက်ထပ်ပေးဖို့လည်း အမြန်ဆုံး စီစဉ်နေသည်





အသုဘ ဖြစ်သွားလို့ပါ။

သေသွားတဲ့ မမပုံကိုလည်း ပြောဆိုကြိမ်းဆဲနေသည်။

“ရှင်လည်း နောက်ထပ်မလာပါနဲ့၊ ကျွန်မကို ထောက်ပံ့စရာမလိုဘူး ... ကျွန်မမှာ အလုပ်ရှိတယ်၊ မမပုံ ပေးထားတဲ့ငွေတွေလည်း ရှိပါတယ်”

“တု”

“ပြောပါ ...”

“မင်းကို လက်ထပ်ပါရစေ”

“ဘာပြောတယ် ... ဘာလဲ ကျွန်မကို သနားလို့လား၊ လက်ထပ်မယ်ဆိုတာ တိတ်တိတ်ပုန်းလား”

“တုရယ် ... အဲဒီလိုမပြောပါနဲ့ကွာ ... မင်းကို ချစ်တယ်၊ ကိုယ်စတွေ့တွေ့ချင်းပဲ ချစ်မိသွားရတာပါ ... ကိုယ့်အမေက သဘောမတူပေမယ့် ကိုယ်လက်ထပ်မယ် ... ကိုယ် မိန်းမတစ်ယောက်ကို မိဘအထောက်အပံ့မပါဘဲ တာဝန်ယူနိုင်တယ်တု”

သော်က တု ဆင်ထားတဲ့အကွက်ထဲ ဝင်လာခဲ့ပြီပဲ။

ကောင်းလိုက်တာ။

“ရှင်နဲ့စေ့စပ်တော့မယ့် မိန်းကလေးကရော ... ကျွန်မက သူ့ထက်အများကြီး နိမ့်ကျနေတယ်နော် ...”

“ခင်နန္ဒာကို လက်မထပ်ပါဘူး၊ ချစ်လည်း မချစ်ဘူး၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝအတွက် ငွေကြေးက ရှာလို့ရတယ်လေ၊ အချစ်တွေနဲ့ မိသား
ဘဝလေးကို တည်ဆောက်ချင်တာပါ။ ကိုယ်ကတော့ တုကိုပဲ ချစ်
တယ် ... လက်ထပ်မယ် ... "

"ကျွန်မအစ်မနေရာမျိုးတော့ ကျွန်မ ဘယ်တော့မှနေမှာ
မဟုတ်ဘူးနော် ... အနှိပ်ခံဘဝမျိုးနဲ့လေ ... "

"မနေရပါဘူး တုရယ် ... ကိုယ်သိပါတယ်၊ မမပုံလိုမျိုး ဘ
ကို အဆုံးရှုံး မခံနိုင်ပါဘူး ... ကိုယ်တို့ အိမ်ခွဲနေမယ်"

ဒေါ်မေသက် ဘာတတ်နိုင်သေးလဲ။

သားတစ်ယောက်ထဲ သူ့အနားမှာရှိတာမို့ ပြန်ခေါ်ထားမှာ
သေချာသည်။

တု အရမ်းကြီး လိုက်လျောလို့တော့ မဖြစ်သေးပါဘူး။

"မဖြစ်နိုင်ဘူးထင်ပါတယ် ကိုသော်ရယ် ... ရှင်က တု့
ထက် မြင့်မားပါတယ်၊ တုကြောင့် ရှင့်ကို မထိခိုက်စေချင်ပါဘူး
ရှင့်ဘဝ နိမ့်ကျရမှာမျိုးလေ ... "

တုကတော့ မမပုံလို တေးအေ ကြိတ်မှိတ်ခံစားနေမှာ
မဟုတ်ဘူးနော် ကိုသော်။

အချစ်ဆိုတာကို တု မယုံကြည်ပေ။

ချစ်သူလည်း မထားဖူးခဲ့ဘူး။

တု ပညာရေးကိုပဲ ဦးစားပေး ကြိုးစားခဲ့သူပါ။

ဖိုးလပြည့်စာပေ



"တုကို တစ်ယောက်ထဲ ထားဖို့ ကိုယ်လုံးဝ စိတ်မချဘူး၊
လက်ထပ်ကြမယ်တဲ့ ... ကိုယ်လည်း မေမေသဘောတူတဲ့ မိန်းမ
ကို လက်မထပ်နိုင်ဘူး"

"မဖြစ်နိုင်ပါဘူး ကိုသော် ... တုလည်း တစ်ယောက်ထဲနေ
မှာ အားငယ်ပါတယ်၊ မမပုံရှိစဉ်ကနဲ့ မတူဘူးလေ၊ မမကိုလည်း
အရမ်းလွမ်းတယ်၊ ကြေကွဲရတယ် ... တု
သတ္တိရှိတယ်ဆိုတာတောင် စိတ်က ပျော့ညံ့သွားချင်တယ်"

"ကိုယ်နဲ့လက်ထပ်ပြီးရင် တုဆန္ဒအတိုင်း လွတ်လပ်ပျော်ရွှင်
သွားနေပါ၊ ကျောင်းလည်း ဆက်တက်နိုင်တာပဲ ... တု အထူးချွန်ဆုံး
အင်ဂျင်နီယာမကြီးဖြစ်အောင် ကြိုးစား ... မောင် ထောက်ပံ့မယ်"

"ရှင်"

မောင်တဲ့။

ရှင်ကတော့ တကယ့်ကို အပိုင်ကြီး တွက်ထားတော့တာပဲ။

တု ရယ်ပြစ်ချင်မိနေသည်။

ကိုသော်ကတော့ မိန်းကလေးတစ်ယောက် အားကိုးချစ်ခင်
နှစ်သက်သွားနိုင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းတွေ
တာ အပြည့်ပဲ။

တု ရင်ထဲမှာ မမပုံအတွက် နာကြည်းမှုတွေပဲ ပြည့်နှက်နေ
လေသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တုကိုချစ်တယ် … မောင့်အချစ်တွေကို အကြွင်းမဲ့ယုံကြည်ပေးပါ တုရယ် နော် … "

"အကြွင်းမဲ့တောင်လား … "

"ဟုတ်ပါတယ်တု … ကိုယ် မင်းကို အကာအကွယ်ပေးပါ့မယ်၊ ပျော်ရွှင်အောင်ထားပေးပါ့မယ် … အရာအားလုံး မင်းဆန္ဒတွေအတိုင်းပဲ ဖြစ်စေရပါစေမယ်တု … ကိုယ် ကတိပေးပါတယ်"

"ရှင် … ယောကျ်ားနော်"

"ဟုတ်ပါတယ် … တုကို ဘယ်လောက်ချစ်မြတ်နိုးရတယ်ဆိုတာ မောင် … ဘယ်လိုသက်သေပြရမှန်းတောင် မသိတော့လောက်အောင်ပါပဲ တု … "

မေမေ သဘောတူတဲ့မိန်းမကို သော် မချစ်နိုင်ပေ။

ခံစားလို့လည်း မရ။

တုကိုတော့ မြင်မြင်ချင်းပဲ သော် ချစ်မိသည်။

ချစ်တာမှ သွေးနှလုံးသားတွေအထိ နက်ရှိုင်းစွာ တိုးဝင်မြတ်နိုးနေရ၏။

တုနှင့်အမြန်ဆုံး လက်ထပ်လိုတဲ့ဆန္ဒတွေ ဖြစ်နေသည်။

"တုနဲ့မောင် လက်တွဲပြီး … မိသားစုဘဝလေးကို တည်ဆောက်ကြရအောင်ကွာနော် … "

တု လက်လေးကို ဆုပ်ကိုင်မိသွားသည်။





တုက ဆတ်ခနဲ ရုန်းဖယ်ပြစ်၏။

သော် လန့်သွားရသည်။

"ကျွန်မကို အထင်သေးတာလား ကိုသက်ပိုင်သော် … ကျွန်မက မမတုလိုလည်း မဟုတ်ဘူး၊ ပျော့ညံ့ညံ့နဲ့ အရာရာ ကြိတ်မှိတ်ခံစားနေမှာ မဟုတ်ဘူး … ကျွန်မကိုလာပြီး နှိပ်ကွပ်နေမယ်ဆိုရင်လေ … "

"မောင်တို့ အိမ်ခွဲနေမှာပါ၊ မေမေနဲ့ မနေပါဘူး … မောင်တို့မိသားစုဘဝကို မောင်တို့ဆုံးဖြတ်ချက်နဲ့ပဲ တည်ဆောက်မယ်"

"ရှင်က ကတိတွေ အရမ်းပေးနေပါလား … ရှင့်လို အရည်အချင်းရှိနေတဲ့ ယောကျ်ားတစ်ယောက်အတွက် မိန်းမတော့ မရှားလောက်ပါဘူးနော်"

"တုရယ် … မောင့်ကို ယုံပေးပါကွာ၊ မောင့်ရင်ထဲက စကားတွေပါ"

"ရှင့်အမေရဲ့ဆန္ဒကို ရှင်ဆန့်ကျင်ရဲတဲ့ သတ္တိရှိလို့လား၊ ကျွန်မကို လက်ထပ်ပြီးမှ ရှင့်အမေက မတူမတန်ဘူး၊ သူ့သားအနာဂတ်ကို ခိမ့်ကျနေပါတယ်ဆိုရင်ရော … "

ကျွန်မက ရှင့်အမိန့်ကို နာခံမယ့်မိန်းမတစ်ယောက် မဟုတ်ဘူးနော်"

"တု ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါ့မယ် … တုဆန္ဒက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆန္ဒပါ၊ ကိုယ်တို့ လက်ထပ်တဲ့အခါ မောင့်ရဲ့ ကတိစကားဖွေ
ပါ စာချုပ်တစ်ခု ချုပ်ကြမယ်လေ ... ”

သော် မိန်းကလေးတွေနှင့် ပတ်သက်လာလျှင် အထက်စီး
ကနေ မာနတွေနှင့် ပြောဆိုဆက်ဆံတတ်ပေမယ့် တုနှင့်တွေ့တော့
သော်ကပဲ အောက်ကျခံပြောဆိုနေခဲ့သည်။

တုကို ချစ်မိသွား၍ ဖြစ်၏။

မေမေနှင့်အတူ နေထိုင်ဖို့ မဖြစ်နိုင်ဘူးဆိုတာလည်း သိနေ
သည်။

“တု”

“ရှင်”

“မောင့်ကို လက်ခံပေးပါကွာ ... မေမေက မကြာခင် မောင့်
ကို ခင်နှင်းနဲ့ လက်ထပ်ဖို့ စီစဉ်လိမ့်မယ်၊ မောင် တားဆီးမှဖြစ်မယ်
တုနဲ့လက်ထပ်ပါရစေ ... ”

တုလည်း ဒီအကွက်ကို ဆင်ထားခဲ့တာပဲဖြစ်သည်။

တု မျက်နှာလေးက အရမ်းကို ကြောက်ရွံ့ထိတ်လန့်နေ
သည်။

မျက်နှာလေးကို သော်က အရေးတယူနှင့် တုအနားတိုးကပ်
လာ၏။

တွေတွေဝေဝေလေး စဉ်းစားနေတဲ့တု။

ဖိုးလပြည့်စာပေ



“ကျွန်မ စဉ်းစားပေးပါ့မယ် ... ကျွန်မတို့အတွက် အနှောက်
အယှက်တွေက အများကြီးရှိလာနိုင်တယ်လေ၊ ရှင် နေထိုင်ဖို့ ဘယ်
သူတာဝန်ယူပေးနိုင်မလဲ ... အသေအချာ စဉ်းစားပါဦးနော်”

“လောလောဆယ်တော့ မောင့်သူငယ်ချင်းပိုင်တဲ့ လုံးချင်း
တိုက်လေးမှာ နေကြမယ် ... တု မျက်နှာမငယ်စေရပါဘူး၊ မောင်
ဘာကျားကတိပါ ... ခင်နှင်းနဲ့ လူကြီးချင်း စေ့စပ်တော့မယ်၊
အစ်ပတ်အတွင်း မောင်နဲ့တု လက်ထပ်ကြမယ်နော်”

သူမ သဘောတူလိုက်သည်။

မမပုံအတွက်ပါ။

အပြစ်မဲ့တဲ့ မမပုံနှင့် ရင်သွေးလေးတို့ ရိုးသားစွာ သေဆုံးရ
ခြင်း မဖြစ်နိုင်ဟု ထင်မိ၏။

အဆင့်နိမ့်ကျတဲ့ မိန်းကလေးတွေကို အထင်သေးနှိမ်ချချင်
သူ ဒေါ်မေသက် ...

တုကိုမျှား ဒရိုင်ဘာနှင့် လူလွှတ်ပြီး တားဆီး ပိတ်ပင်ခဲ့သေး
သည်။

www.burmeseclassic.com

www.burmeseclassic.com

**အခန်း ( ၁၂ )**

သားငယ်နှင့် ချစ်ပွင့်ပုံရဲ့ ညီမ တုန့်နှင်းစံတို့ လက်ထပ်လိုက်ပြီဆိုတဲ့သတင်းက ဒေါ်မေသက် ရင်ကို ကွဲအက်မတတ် နာကျင်ခံစားရသည်။

အမိဟွာယ် မရှိလိုက်တာ။

ဒင်းက ငါ့သားကို အပိုင်ချိုင် ပြစ်လိုက်တာပဲ။

သားကြီးကလည်း မိမိအနားကနေ ထွက်သွားပြီ။

မိမိ မျှော်လင့်ချက်တွေကို ရိုက်ချိုးပြစ်ကြတဲ့သားတွေ။

ခွင့်လွှတ် မထားနိုင်ဘူး။

ဒင်းအစ်မနောက်ပဲ ဒင်းလိုက်ရမယ်။

ဒေါက်တာ ခင်နှင်းဆီလည်း သားငယ် လက်ထပ်သွားတဲ့အကြောင်း ဖုန်းဆက် အကြောင်းကြားသင့် မကြားသင့် စဉ်းစားနေရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒင်းအစ်မ သေတာတောင် မမှတ်သေးဘူး ... ငါ့သားငယ်ကိုများ ဒင်းတို့က တန်ရာတန်ရာ မမှန်းကြဘူး၊ ငါ့သားငယ်ကို သွားခေါ်ရမယ်"

ဒေါ်မေသက် အမွေလည်းမဖြတ်နိုင်ပါဘူး။

သားငယ်ကို ပြန်ခေါ်လာဖို့ပဲ ဆုံးဖြတ်ထားသည်။

သားငယ်နှင့် တုနှိုင်းစံတို့ ဟန်းနီးမွန်းထွက်သွားတဲ့ တစ်ပတ်အတွင်း မိမိရင်တွေ မီးတောက်မတတ်ပင်။

သဘောမတူနိုင်ဘူး။

ခွဲပစ်ရမယ်။

နင်လည်း နင့်အစ်မလို သေစေရမယ်။

အစ်မသေတာ ဘယ်လောက်ကြာသေးလို့လဲ။

ညီမက သားငယ်ကို အရယူပြသည်။

"ရှက်လိုက်တာနော် ... ပတ်ဝန်းကျင်မှာ ဘယ်လိုမျက်နှာပြရမှန်းတောင် မသိဘူး ... သေပစ်ချင်တယ် ..."

ဟန်းနီးမွန်းထွက်ပြီး တစ်ပတ်ကြာမှ သားငယ်က မိမိထံ ဖုန်းဆက်သည်။

"မေမေ ... သားကို ခွင့်လွှတ်ပေးပါ၊ သားချစ်တဲ့ မိန်းကလေးနဲ့ လက်ထပ်လိုက်တာပါ"

"သား ... အမလေး သားငယ်ရယ် ... မေမေရင်ကွဲပါပြီ"





ပတ်ဝန်းကျင်မှာ မေမေ ဘယ်လိုမျက်နှာပြရမလဲ၊ အစ်ကို့ဇနီး ကွယ်လွန်သွားတာ မကြာသေးဘူးလေ"

"မေမေ သဘောတူတဲ့မိန်းကလေးနဲ့ သားလက်မထပ်နိုင်ဘူး မေမေ ... ခွင့်လွှတ်ပေးပါ၊ တုကို သားချစ်လို့ အတင်းအကြပ်လက်ထပ်ခဲ့တာပါ"

"ဘာပြောတယ်"

"တုက သားငယ်ကို ဖြားယောင်းသွေးဆောင်ခဲ့တာ မဟုတ်ဘူး ... သားရဲ့တောင်းဆိုမှုပါ၊ ပတ်ဝန်းကျင်ကို ဘာများ ဂရုစိုက်စရာလိုလဲ မေမေရာ ... ဖူးစာဖက်တွေဖြစ်တော့လဲ ..."

"တော်စမ်း သက်ပိုင်သော် ... မင်းအာတွေပြောနေတာလဲ၊ ဖြစ်လာရင် ပတ်ဝန်းကျင်အသိုင်းအဝန်းဆိုတာ ရှိတယ်ပဲ၊ မေမေ့ကို သေစေချင်တာလား သားငယ်ရယ် ... မေမေ့ဆီ ပြန်လာခဲ့ပါတော့"

"မဖြစ်ဘူး မေမေ ... တုဆန္ဒပဲ၊ သားချစ်သူကို လက်ခံပေးပါ၊ မေမေ့ကို ဆန့်ကျင်တာ မဟုတ်ရပါဘူးဗျာ ..."

"သားငယ် ... သားငယ် ... အမလေး ..."

သားငယ်က အနူးအညွတ် တောင်းပန်ပြီးပြောရင်း ဖုန်းပိတ်လိုက်သည်။

ဒေါ်မေသက် ရင်ကွဲမတတ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ။

အိမ်ခွဲနေမယ်တဲ့။

မိမိ အချိုသတ်မှုဖြစ်မယ်။

တုနှိုင်းစံ နင်က ဘာကောင်မလဲ။

ရာရာစစ။ ငါ့သားငယ်ကို မှန်းရဲတယ်။

လောလောဆယ်တော့ ခွဲပြစ်ဖို့ မရနိုင်ဘူးဆိုတာ မိမိ သိသည်။

အရေးထဲ ပွဲစား မငွေက ဖုန်းဆက်နေ၏။

သားသမီးရေးကိစ္စ စီစဉ်ကြရအောင်တဲ့။

ဒေါ်မေသက် အသိမပေး၍မဖြစ်တော့သည့် အခြေအနေ ဖြစ်သွားသည်။

"မငွေ ... သားက လက်ထပ်သွားပြီ၊ သူချစ်တဲ့ မိန်းကလေးနဲ့တဲ့၊ ခင်နန္ဒာတို့ဘက်ကို အကြောင်းကြားပေးပါဦး ... "

"ဘယ်လိုဖြစ်တာလဲ မမမေ ... ကောင်မလေးဘက်က လူကြီးလူကောင်း ဂုဏ်သရေရှိ အသိုင်းအဝန်းနော် ... မမမေ အတင်းအကြပ်ရှာခိုင်းလို့ ကျွန်မ ရှာပေးရတာ အားနာစရာကြီး ငွေတော့ နာမည်ပျက်ပါပြီ ... "

"မတတ်နိုင်တော့ဘူး ငွေရေ ... သားငယ်က တရားဝင် လက်ထပ်ပြီးသွားပြီတဲ့၊ ဟန်းနီးမွန်းကတောင် ပြန်လာပြီ"





"မမမေ သားတွေကလည်း အသုံးမကျလိုက်တာ၊ ဘယ်လို ဆင့်ကိုမှ ယူကြတာလဲ"

မငွေလို မိန်းမကတောင် မိမိသားတွေကို ဝေဖန်သွား၍ သဲဆတ်ဆတ်ခါအောင် နာကျင်သွားရသည်။

ဒေါသထွက်လိုက်တာ။

တုနှိုင်းစံကို အမုန်းကြိတ်ပစ်ချင်လာ၏။

ဒင်းအစ်မ လမ်းစဉ်ကို ဒင်းလိုက်ကိုလိုက်ရမယ်။

သားငယ်ရှိနေတဲ့ လိပ်စာကို စုံစမ်းပြီး မိမိလိုက်သွားသည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ အန်တီ ... "

"ဘာ"

"အန်တီက ဘယ်သူပါလဲ"

တုနှိုင်းစံဆိုတဲ့ ကောင်မ တစ်ကိုယ်လုံး စိန်တွေညွတ်အိနေသည်။

သားကြီးမိန်းမကမှ ညိုးညိုးမှိန်မှိန် နေသေးတယ်။

ဒေါ်မေသက် အသိကင်းမဲ့သွားမလားလို့တောင် ထင်မိသွားသည်။

ဘုရား ... ဘုရား ...

ဒင်းအစ်မနဲ့တခြားစီပဲ။

မျက်နှာကျောက တင်းတင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အန်တီ ... ဘယ်သူ့ကိုတွေ့ချင်လဲလို့ မေးနေပါတယ် သူများအခန်းကို ဘဲလ်လာတီးပြီး ကျွန်မတံခါး ပိတ်တော့မယ်"

"ဟဲ့ နေဦး ... ဒီမှာ သက်ပိုင်သော် ရှိလား ..."

"မရှိပါဘူး ... မောင်က အလုပ်ကိစ္စနဲ့ အပြင်ထွက်သွားတယ် ပြီးတော့ ကျွန်မစီးဖို့ ဖိနပ်မှာလိုက်တယ် ... သူ့ကိုခိုင်းလိုက်တာရှေ အများကြီးပဲ ..."

"ဘာပြောတယ် ... ညည်းကများ ငါ့သားကို ..."

"သြော် ... အန်တီက မောင့်အမေလား ... စိတ်မရှိပါနဲ့နော် ကျွန်မက မသိလို့ပါ ... ဝင်ပါ ..."

မောင့်အမေဆိုတာ သိသားပဲ။

တု တမင် မသိချင်ယောင်ဆောင်ပြီး ပြောနေခြင်းဖြစ်သည်

မောင့်မေမေရဲ့ မျက်ဝန်းတွေက ရွံ့ရှာမုန်းတီးမှုတွေအပြည့်

တုနှိုင်းစံက ချစ်ပွင့်ပုံလို ရီးအ သည်းခံနေမှာတော့ မဟုတ် ဘူးနော်။

မောင့်အမေက ဧည့်ခန်းမှာ ပေါင်နှစ်ချောင်းကို ချိတ်ထိုင်ရင်း သူမအား အထင်သေးတဲ့မျက်လုံးတွေနှင့် ကြည့်သည်။

"မင်း ဘယ်လိုမိန်းကလေးလဲ တုနှိုင်းစံ ... မင်းအစ်မသေ တာ ဘယ်လောက်ကြာသေးလို့လဲ၊ မင်းလုပ်သင့် မလုပ်သင့် မစဉ် စားနိုင်တော့ဘဲ ငါ့သားကို အငမ်းမရ ယူရလား ..."





"တုက အငမ်းမရ ယူရတယ်လေ ... အန်တီ့သားလို သောက်ပွားမျိုး ရတုန်းယူလိုက်တာပါ ..."

"ဘာပြောတယ် ... ညည်း ရိုင်းလှချည်လား၊ ငါက အမေဟဲ့၊ ဒင် ရှိသေမှု မရှိလိုက်တာ ..."

"ကျွန်မအမေကလွဲပြီး ဘယ်လိုလူမျိုးကိုမှ အမေ မခေါ်နိုင် ပါဘူး"

"တုနှိုင်းစံ ... ညည်း ... ညည်း ..."

အမလေး ...

သားငယ်မိန်းမကျမှ အကြောတင်းတင်းလေးပါလား။

မိမိ ဘာဆက်လုပ်ရမလဲ။

ဒီကောင်မလေး မလွယ်ဘူး။

သားငယ်ကို ချုပ်ကိုင်ထားပုံပင်။

"ဟွန်း ... တိုက်ခန်းတစ်ခုလုံးလည်း ညစ်ပတ်ပေရေနေ တာပဲ ... မိန်းကလေးဖြစ်ပြီး ညည်း ဘာမှမလုပ်ဘူးလား"

"ဟင့်အင်း ... အိမ်မှုကိစ္စတွေလုပ်တာ ကျွန်မ လုံးဝဝါသနာ ပါဘူး၊ ကျွန်မ အင်ဂျင်နီယာ ဘွဲ့ရဖို့ ပညာရေးပဲ အာရုံစိုက်ထားရ သို့ပါ"

"ညည်း ... ငါက သက်ပိုင်သော်ရဲ့အမေနော် ... ညည်း လေးမစား မရှိမသေနဲ့ ဘယ်လိုဆက်ဆံနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောတတ်သလိုပဲ ပြောတာပါ၊ လူကြီးသူမကို မသေ လုပ်တာတော့ မဟုတ်ပါဘူး ... "

ဒေါ်မေသက် ဒေါ်သတကြီးနှင့် တုန်နိုင်းစံကို ဘယ်လိုနှ ကွပ်ရမလဲ စဉ်းစားနေတုန်း သားငယ် ပြန်ရောက်လာသည်။

"မောင် ပြန်လာပြီလား၊ တုမှာလိုက်တာတွေရော ပါလာ ဟင် ... ဒီမှာ အန်တီ ရောက်နေတယ် ... "

ကောင်မ မျက်နှာက ချိုအီသွားလိုက်တာ။

ဒေါ်မေသက်ပင် ဘာဆက်ပြောရမှန်း မသိတော့။

သားငယ် လက်ထဲမှာ အထုပ်တွေ တပွေ့တပိုက်နှင့် ဖိန လည်း ပါသည်။

"ဟယ် ... ဖိနပ်လေးက လှလိုက်တာ၊ မောင်က တကယ် ရွေးတတ်တယ်၊ တုမှာတာတွေ အကုန်ပါရဲ့လား မောင် ... "

ဒေါ်မေသက် ဘယ်လိုလုပ်ရမလဲ။

သားငယ် ဒီအလုပ်မျိုးတွေ ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး မိမိသားတွေကို ရွှေလိုဥပြီး မွေးထားခဲ့တာပါ။

"သားငယ် ... မင်းဈေးဝယ်တတ်နေပြီလား၊ အမလေး မှဖြစ်ရလေကွယ် ... အိမ်က အိမ်ဖော်ကို လွှတ်ပေးပါ့မယ်၊ မင်း အခန်းကလည်း ရှုပ်ပွပေရေနေတာပဲ မြင်လို့တောင် မကောင်းဘူး

အဆင့်မရှိလိုက်တာ။





အောက်တန်းကျတယ်လို့ ပြောပြစ်ချင်တာ။

တုန်နိုင်းစံက သားကို ချုပ်ကိုင်ထားနိုင်ပုံ ရနေသည်။

ဖိနပ်တောင် ဝယ်ပေးရတယ်လို့။

ယောက်ျားတစ်ယောက်ကို ဘုန်းကံ နိမ့်ကျအောင် လုပ်နေ

ဒေါ်မေသက် စိတ်ထဲမှာ ခံပြင်းနေသည်။

"မေမေ ... ထိုင်နေပါ၊ တုက ပညာရေး တတိုင်းတာစနဲ့ဆို တော့ ဘာမှမလုပ်နိုင်ဘူးလေ၊ ရပ်ကွက်ထဲက သန့်ရှင်းရေးသမား တော့ ခေါ်ထားပါတယ်၊ မနက်ဖြန် လာမှာပါ"

"မင်းအတွက် စားသောက်ရေးကရော သား ... "

"ဝယ်စားပါတယ်၊ အလွယ်တကူ ချက်စားလို့ရတဲ့အထုပ် တွေလည်း ဝယ်ထားပါတယ် ... မပူပါနဲ့ မေမေ ... "

"သားငယ် ... မေမေနဲ့ပြန်လိုက်ခဲ့တော့ ... "

"ဘယ်ဖြစ်မလဲ မေမေ ... တုက ရှိသေးတယ်၊ မဖြစ်ပါဘူး သားတို့ အဆင်ပြေပါတယ်"

"မဖြစ်ဘူး ... မင်းတို့လင်မယား နှစ်ယောက်လုံး ပြန်လိုက်ခဲ့ မေမေ့မှာ ဒီသားတစ်ယောက်ထဲရှိတာပါ၊ မင်းကပါ အဝေးမှာနေ မေမေ ဘယ်လိုလုပ်ရမလဲ ... တစ်ယောက်ထဲ သေရမှာလား"

မေမေ့ကိုမြင်တော့လည်း သော် စိတ်မကောင်း ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဆီမှာ မာနတွေ အတ္တတွေ လူတွေအပေါ် အထ
သေး နှိမ်ချချင်တဲ့စိတ်တွေ ရှိမနေရင် ကောင်းမှာပဲဟု သော် တွေး
နေ၏။

တုက မမပုံနဲ့မတူဘူး။

မဟုတ်မခံ ဇတ်ဇတ်ကြဲမလေးပါ။

မေမေနှင့် အတူတူနေလို့ မဖြစ်ဘူးဆိုတာ သိနေသည်။

"မေမေ ပြန်ပါ ... မကြာမကြာ သားတို့ လာလည်ပါ့မယ
မေမေ့ကို ပြစ်မထားပါဘူး၊ ပြန်ပါနော် ... "

"မင်းမိန်းမကိုလည်း မေမေ လက်ခံမယ်လို့ ပြောထားပြီး
ပဲ၊ လိုက်ခဲ့ပါ ... မေမေ သားငယ်ကို မခွဲနိုင်ဘူး၊ ပြန်လိုက်ခဲ့ပါသား
ရယ်နော် ... "

"မဖြစ်ဘူး မေမေ ... သားတို့နှစ်ယောက်လုံး ကိုယ့်ခြေ
ထောက်ပေါ် ကိုယ်ရပ်တည်ကြဖို့ တိုင်ပင်ထားပါတယ်၊ မေမေ စိ
မပူပါနဲ့ ... "

ဒင်းက ငါ့သားကို တော်တော်လေး ဖြားယောင်းသိမ်းသွင်း
ထားနိုင်တာပဲ။

သားကြီးမိန်းမနှင့် လုံးဝဆန့်ကျင်ဘက် အကြောက်အထ
မရှိ။

ယောက်ျားကို ဘယ်လိုချုပ်ကိုင်ထားရမလဲဆိုတာ သိ





တဲ့ မိန်းမလည်မ။

ဒင်းရုပ်ရည်ကလည်း ချစ်ပွင့်ပုံထက် လှပအိစက်နေ၍ သား
စွဲမက်မယ်ဆိုရင်လည်း စွဲမက်စရာပဲ။

ဒေါသတွေကို မျိုသိပ်လိုက်သည်။

နေဦးပေါ့ တုန္နိုင်းစံ။

ညည်းအစ်မ လမ်းစဉ်ကို ညည်းလည်း မလွဲမသွေ လိုက်ရ
မယ်။

"သားငယ်ရယ် ... မေမေ့ကို ပြစ်မထားပါနဲ့ကွယ်၊ မေမေ
တစ်ယောက်ထဲလေ ... သားတွေကို မေမေ ဘယ်လောက်ချစ်
လည်းဆိုတာ သားသိပါတယ်နော်"

ဒေါ်မေသက် မျက်ရည်ကျတော့ သားက ပြာပြာသလဲနှင့်
မိမိကို နှစ်သိမ့်တော့ ချွေးမနှုတ်ခမ်းက တွန့်မဲ့သွားသည်။

မိမိတွေ့အောင် တွန့်ပြတာပါ။

"အဟင့် ဟင့် ... အဟင့် ... မေမေ ဘယ်လိုနေရမလဲ၊
သားတွေက ရက်စက်လွန်းတယ် ... အမေဆိုတာ အစားပြန်မရနိုင်
ဘူးနော် ... "

မိန်းမက အစားပြန်ရနိုင်တယ်ဟု ဆက်ပြောမလို့ ချွေးမက
ထပြီး အခန်းထဲဝင်သွားသည်။

လှုပါးဝလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်း မရှိတဲ့မိန်းမ။

အောက်တန်းစားမ။

နင် ... ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်။

ငါ့သားကိုများ နင် ကြိုးကိုင်ချင်တိုင်း ကိုင်ထားလို့ရမယ် မထင်နဲ့။

"မေမေ ပြန်ပါဗျာ ... သားတောင်းပန်ပါတယ်နော်၊ သား လာမှာပါ ... မေမေ့အိမ်မှာတော့ သားလိုက်မနေနိုင်ပါဘူး၊ ခွင့်လွှတ် ပေးပါမေမေ ... သား ကန်တော့ပြီး တောင်းပန်ပါတယ်"

သားငယ်က မိမိအား ထိုင်ကန်တော့နေ၍ မိမိ မျက်ရည် မဆည်နိုင်အောင် ဖြစ်ရသည်။

သားငယ်က မအေကို ချစ်သူ။

ဘယ်တော့မှ မိမိဆန္ဒကို ကလန်ကဆန် မလုပ်ခဲ့။

"မေမေ ပြန်မယ် ... သား စိတ်ချမ်းသာအောင်ပါ၊ ဒါပေမဲ့ မေမေ့ဆီတော့ မကြာခဏ လာတွေ့ပါသားရယ် ... "

"စိတ်ချပါမေမေ ... သားလာပါ့မယ်၊ မေမေ ကျန်းမာအောင် နေပါ ... "

"ကောင်းပါပြီ သားရယ် ... မေမေ ပြန်တော့မယ်နော်၊ ငါ့ သားငယ်လေးက မေမေ အချစ်ရဆုံးပါ"

ဒေါ်မေသက် ချုံပြစ်ပြီး သားပါးကိုနမ်း၍ ပြန်လာခဲ့သည်။





ကားပေါ်ရောက်မှ ဒေါသတွေပေါက်ကွဲရ၏။

လူပါးဝလွန်းတဲ့ ကောင်မ။

စိစိညက်ညက်ကြေအောင် လုပ်ပြစ်ချင်တယ်။

အောက်တန်းစားမ။

ငါ့သားတွေရဲ့ဘဝကို အညို့ကြီးကြီးနဲ့ နင်းခြေဖျက်ဆီးပြစ်ဖို့ ကြံစည်နေကြတဲ့ ကောင်မတွေ။

သားကြီးဆီကလည်း ဖုန်းလာသည်။

"မေမေ ... ညီလေး အိမ်ထောင်ကျသွားပြီဆိုတော့ သား တို့လို မလုပ်ပါနဲ့မေမေ ... လွှတ်ထားပေးလိုက်ပါ"

"ဘာပြောတယ် သားကြီး ... မင်းညီက မေမေ့ရင်ကို ဟက်တက်ကွဲအောင် လုပ်ပြစ်လိုက်တာလေ၊ တုန့်ငိုင်းစံကို လက်ထပ်တာ ခင်းယုတ်မာတာပဲ ... "

"အဲဒီလိုမတွေးပါနဲ့ဗျာ၊ ညီကိုယ်တိုင်က ချစ်လို့ လက်ထပ်ခဲ့တာ နိုင် သိပါတယ် ... တုက မေမေထင်သလို စိတ်ဓာတ်အောက် တန်းမကျပါဘူး"

"မင်းကတောင် ဒီဟာမဘက်ကနေ လိုက်နေတာလား၊ အမေ တစ်ယောက်လုံးကိုတောင် မင်းတို့ ဥပေက္ခာပြုထားတယ် ပေါ့လေ ... သားမိုက်တွေ ရင်နာတယ်"

"မေမေ သားတောင်းပန်ပါတယ်၊ မေမေ့သားတွေကို ချစ်

www.burmeseclassic.com



တယ်ဆိုရင် မေမေ့သားတွေဆန္ဒကို လိုက်လျောပေးပါ"

"မပေးနိုင်ဘူးဟဲ့ ... ဒီကောင်မက အပိုင်ချိုင်ပြစ်တာ၊ ဒင်း အစ်မလိုပဲလေ ... မေမေ လုံးဝခွင့်မလွှတ်ဘူး၊ လက်မခံဘူး ... ဒင်းလည်း ဒင်းအစ်မနောက် လိုက်စေရမယ် ... "

ဒေါ်မေသက် ဖုန်းကို ဒေါသတကြီး ပိတ်ပြစ်လိုက်သည်။

ဒေါသတွေ ဖြစ်လိုက်ရတာ။

တုန့်နှိုင်းစံ ...

ညည်းက အကြောပိုမှာပြနေတယ်။

တစ်နေ့တော့ မေသက်အကြောင်း နှင့် ... ကောင်းကောင် သိစေရမယ်။

အိမ်ဖော်မလေး အိကာ မိမိအနားရောက်လာ၍ မိမိ အထိတ် တလန့် ဖြစ်သွားရကာ အော်ဟစ်မောင်းထုတ်ပြစ်မိပြီးမှ ပြန်ခေ ထားရသည်။

ခန်း ( ၁၃ )

"မောင် တောင်းပန်ပါတယ်တုရယ် ... မေမေကလေ သား တွေအပေါ် အချစ်ကြီးလွန်းတာပါ ... မေမေ့အိမ်မှာ မောင်လည်း နေပါဘူးကွာ၊ တုနေချင်တဲ့နေရာမှာ မောင် လိုက်နေမယ်၊ တုကို မောင် အရမ်းချစ်တယ် ... တု ပျော်သလိုနေပါ၊ မောင့်အချစ်တွေကို ယုံပါ တုရယ်နော် ... "

"မောင့်အမေက တုကို အရမ်းအထင်သေးလွန်းတယ်၊ မတူ တန်သလိုပဲ ... ဒါကြောင့် မောင့်ကို တု လက်မထပ်ချင်တာပါ၊ မေပုံလည်း အရမ်းခံစားရမှာပါ၊ နှလုံးအားနည်းပြီး သေရတာလေ"

"ဟုတ်ပါတယ် ... မောင် သိပါတယ်၊ မေမေ့ကို မောင် ပြောမှာပါ၊ တုနေတတ်သလို နေနော် ... မေမေ့ဆီလည်း တု လိုက် သွားစရာမလိုပါဘူး၊ တု ပညာရေးကိုပဲ အာရုံစိုက်နော်"

မောင်ကတော့ တုကို ချစ်လွန်းသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂရုလည်း စိုက်တတ်၏။

တုကသာ မောင့်ကိုချစ်ဖို့ အတော်လေးကြိုးစားနေရဆဲ ဖြစ်သည်။

မမပုံကြောင့်ပါ ...

မမပုံ သေဆုံးရတာ မောင့်မေမေ စိတ်သောက ရောက်အောင်လုပ်လို့ဟု ထင်ထား၏။

တု ရင်တွေနာကြည်းမှုတွေနှင့် မောင့်ကို အချစ်တွေ မပေးနိုင်ဘဲ ဖြစ်နေသည်။

"တု"

"ဟင်"

"မောင့်ကို ချစ်ရဲ့လားကွာ၊ တုဘက်က အေးစက်လွန်းတယ် မောင့်အမေကြောင့်လား ... မောင့်အမေ အတွေ့နည်းနည်းကြီးတာ မောင်သိပါတယ်"

"နည်းနည်းလား ... အများကြီး အတွေ့ကြီးတာ၊ ချွေးမကို ဘယ်လိုဆက်ဆံရတာလဲ မောင် ... သူ့သားတွေက ရွှေထွက်နေလို့လား"

"ဟုတ်ပါတယ် ... မောင်သိပါတယ်၊ ကဲပါကွာ ... စိတ်ညစ်စရာအကြောင်းတွေကို တွေးမနေပါနဲ့တော့၊ တု ဘာစားမလဲ ... မောင် ခေါက်ဆွဲပြုတ်ပေးရမလား"





"အင်း ... စားမယ် ပြုတ်ပေး"

"အိုကေ ... မောင့်ချစ်ဇနီးလေး စားဖို့ ကြက်ဥလေးနဲ့ ခေါက်ဆွဲပြုတ်ပေးမယ် ... ခဏလေးပဲ စောင့် ... "

"အမြန်နော် အမြန် ... သုံးမိနစ်ပဲ စောင့်မယ်၊ မောင် ကြာသွား ... "

"အိုကေပါ"

မောင် ပြေးထွက်သွားသည်။

တု လုပ်ရပ်တွေက မှားယွင်းသွားပြီလားဆိုတာ တွေးမိနေမယ့် ယောက္ခမကြီး ဒေါ်မေသက်ကို မုန်းတီးမိသည်။

အဆင့်အတန်း ခွဲခြားလွန်း၏။

မမပုံကို ဘယ်လောက်အထိများ နှိမ်ချဆက်ဆံနေမလဲ။

တု အိမ်ခွဲနေတာထက် ဒေါ်မေသက်နှင့် ယှဉ်ပြိုင်နိုင်ရန် တူတူနေဖို့ ဆုံးဖြတ်ထားမိသည်။

မောင် တကယ်ပဲ သုံးမိနစ်လောက်အကြာမှာပဲ ခေါက်ဆွဲကြော် ပန်းကန် ရောက်လာ၏။

ဒါပေမဲ့ ...

ဖြူဖွေးနေအိမ်နေတဲ့ မောင့်လက်ဖမိုးပေါ်တွင် အနီကွက်ကြီး တစ်ခုက ထင်းနေသည်။

"ဒါက ဘာဖြစ်တာလဲ မောင်၊ ... "



www.burmeseclassic.com

www.burmeseclassic.com



"အပူလောင်တာလေ ... တုပဲ သုံးမိနစ်ပဲစောင့်မယ်ဆို၊ မောင် သုံးမိနစ်ကျော်သွားမှာကြောက်လို့ အမြန်လုပ်ရင်း ရေနွေး ပူလောင်တာလေ ... "

"တကယ်ပါပဲဟယ် ... မောင်ကလေ နိုင်းရတာတောင် စိတ်ပျက်တယ်"

"နောက်တစ်ခါ သတိနဲ့လုပ်ပါ့မယ်ဗျာ ... နိုင်းပါ ... နိုင်းပါ စိတ်မပျက်လိုက်ပါနဲ့ အချစ်လေးရယ် ... "

တု စိတ်မကောင်း ဖြစ်သွားပေမယ့် ယောင့်တက်သွားမှာ ကြောက်၍ တု မသိချင်ယောင်ဆောင်ပစ်လိုက်သည်။

မောင်က သူဌေးသားပဲ။

မောင့်အမေက ရွှေလိုဥထားမှာပါပဲ။

တုကတော့ မောင့်အချစ်တွေကို ယုံကြည်မိလာသလိုလို အချစ်တွေက သူမ နှလုံးသားထဲအထိ တိုးဝင်လာခြင်း မရှိသေး။

"မောင်"

"ပြောလေ တု ... "

"တုလေ ... အိမ်ခွဲမနေတော့ပါဘူး၊ မောင်လည်း ပင်ပန်းပါတယ်၊ မောင့်မေမေတို့ အိမ်မှာက အလုပ်သမားတွေလည်း ရှိတယ် အားလုံးအဆင်ပြေနိုင်တာပဲ ... "

"မဖြစ်ဘူးတု ... အလုပ်သမားတစ်ယောက်တော့ မောင်တို့





ခေါ်ထားမယ်လေ၊ မေမေက အတ္တကြီးတယ်၊ တုကို အလွယ်တကူ လက်ခံမှာမဟုတ်ဘူး ... တု စိတ်ဆင်းရဲမှာ ကြောက်လို့ပါ"

"တုကတော့ ရှောင်နေမှာပါ၊ မောင့်ဘဝကို မနှိမ့်ကျစေချင်ဘူးပါကွယ် ... တုက မမပုံလိုတော့ မပျော့ညံ့ပါဘူး၊ စိတ်ညစ်စရာတွေကိုလည်း ရင်ထဲမှာ ကြာကြာသိမ်းထားတတ်တာမှ မဟုတ်တာ ... ပြီးတော့လေ ... တု ကားမောင်းသင်ချင်တယ်၊ ကိုယ်တိုင်ကားလေးမောင်းပြီး ကျောင်းတက်ရင် ပိုကောင်းမယ် ထင်တယ်လေ"

"ကောင်းတယ် တု ... နောက်ဆို မိသားစုအတွက် မောင်လည်း စီးပွားရေးတွေ လုပ်ရမယ် ... မောင် သင်ပေးမယ်နော်"

"အဲဒါကြောင့် မောင့်မေမေတို့ဆီမှာ သွားနေချင်တာပါ၊ တုတို့ အပိုအလုပ်တွေ မရှုပ်တော့ဘူးလေ ... အလုပ်သမားတွေက သူစိမ်းဆိုတော့ ကြောက်တယ်"

သော်ကတော့ မမပုံလိုဖြစ်မှာ စိတ်ပူမိသည်။

မေမေက ကွဲအောင်လုပ်မှာပဲ။

တုကို ချွေးမအဖြစ် ဘယ်တော့မှ လက်ခံမှာ မဟုတ်ပေ။

နှစ်ယောက်ထဲ နေထိုင်ဖို့ကျတော့လည်း တုပြောတဲ့အတိုင်း ဟုတ်နေသည်။

"အတူတူနေလိုက်တော့ မောင့်မေမေလည်း စိတ်ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်တယ်လေ ... မောင်တို့အိမ်မှာပဲ အတူတူပေါင်းနေကြ
ကောင်းပါတယ် မောင်ရယ် ... နော် ... "

"ညနေ မမေနဲ့တွေ့လိုက်မယ်၊ တုနေချင်လည်းနေ
မောင်က တု စိတ်ညစ်နေမှာပဲ စိတ်ပူတယ်"

"နေကြည့်တာတော့ မမှားပါဘူး မောင်ရယ်နော်"

စိတ်မပူပါနဲ့ ကိုသက်ပိုင်သော်။

ရှင့်အမေပဲ စိတ်ဆင်းရဲရမှာပါ။

တု ဘယ်လိုမှ စိတ်မညစ်တတ်ပါဘူး။

မမပုံနဲ့တော့ လုံးဝတခြားစီပဲနော် ... သတ္တိရှိတယ်။

"တု ... ကျောင်းသွားဖို့ ပြင်လေ၊ မောင် လိုက်ပို့ပေးမယ်"

"အင်း ... "

သော်ကတော့ ကုမျက်နှာလေး ညှိုးသွားတာကိုပင်
မထိုင်တတ်။

သူ့အချစ်တွေကို ယုံကြည်စေချင်သည်။

တု စိတ်ချမ်း သာစေချင်၏။

တုကို ကျောင်းလိုက်ပို့ပြီး သူ ကုမ္ပဏီဖွင့်ဖို့ကိစ္စတွေ လုပ်
သည်နှင့် မမေ့ဆီ ဝင်လာခဲ့သည်။

မမေကတော့ ဖက်ပြီး ငိုသည်။

"အမလေး သားရယ် ... မမေဖြင့် လွမ်းလိုက်ရတာ၊





ရာထဲလဲနေတယ်၊ မမေ သေရင်တောင် အသက်မှီပါ့မလား"

"မမေကလည်း ဘာတွေပြောနေတာလဲဗျာ ... နိမိတ်မရှိ
တွေ သားတို့ကို နားလည်ခွင့်လွှတ်ပေးလိုက်ပါ"

"အမလေး ... မမေ့လို အဆင့်အတန်းက ဘယ်လိုလုပ်
နိမ့်ကျတဲ့ မိန်းမကို ချွေးမတော်နိုင်မှာလဲ သားရယ် ... မမေ
ကျိုးမတတ် ခံစားရတယ်လေ"

ဒေါ်မေသက်ကတော့ ချွေးမကိုတော့ လက်မခံနိုင်ပါဘူး။

သေကွဲမကွဲရင် ရှင်ကွဲ ကွဲရမယ်။

"မမေ"

"သားရယ်"

"သားတို့ မမေနဲ့အတူတူ လာနေပါ့မယ်၊ မမေ လက်ခံ
ဆိုရင်ပေါ့ ... "

"လက်ခံပါတယ် သားရယ် ... လာနေပါ၊ မမေ့သားလေး
မမျက်စိအောက်မှာပဲ နေစေချင်တာပါ"

တုနှိုင်းစံ ညည်းက တောင်းဆိုတာလား။

ဘာသဘောလဲ ...

ကျုပ်ကိုနိုပ်ကွတ်ဖို့လား။

မေသက်အကြောင်း ညည်းကောင်းကောင်း သိစေရမယ်။

"သားငယ်လေးရယ် ... မမေကတော့ သားငယ်ရဲ့ဇနီးက



www.burmeseclassic.com

www.burmeseclassic.com



လည်း မေမေ့သမီးအဖြစ် လက်ခံပါတယ်၊ မေမေ့ကိုတော့ 
မထားကြပါနဲ့"

"ဒါဆိုလည်း တုနဲ့တိုင်ပင်ပြီး သားတို့ပြောင်းလာပါ့မယ်၊ 
သုံးပစ္စည်းတွေလည်း သိပ်မဝယ်ရသေးဘူးလေ"

"ပြောင်းလာခဲ့တော့ ... အမြန်ဆုံးသာ ပြောင်းလာခဲ့

ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြပြီပေါ့ တုရှိုင်းစံ။

ညည်းက ငါ့သားယယ်ကိုမျှား။

ရင်ဝမှာ မီးတောက်နေသည်။

"သား ပြန်တော့မယ် မေမေ ..."

"မနက်ဖြန်ပဲ ပြောင်းလာကြတော့နော် သားယယ်"

"ဟုတ်ကဲ့ ..."

သော်ကလည်း မေမေ့ထံမှ လက်ခံသဖြင့် တုဆီဝမ်း
အားရ ပြန်လာခဲ့သည်။

"တု ... မေမေက ပြောင်းလာခဲ့တဲ့၊ မောင်ပြောသ
မေမေက မောင့်ကိုချစ်ပါတယ်လို့ ... တုကလည်း မေမေ့သမီး
တဲ့ ..."

ဟွန်း ...

ဘာသမီးလဲ ...

ဒေါ်မေသက် ဘယ်လောက်မှန်းတီးနေလိုက်မလဲ။





ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတဲ့ မိန်းမတစ်ယောက်ကို ချွေးမ
ဖြစ် လက်လွှတ်သွားရလို့လေ။

တုကတော့ ဒေါ်မေသက်ကို ပညာပေးချင်သည်။

မမပုံအတွက်ပါ။

သူမကိုလည်း အဆင့်မရှိတဲ့ ချွေးမအဖြစ် ပြောဆိုသူပဲ။

"မောင် ..."

"တု"

"ဘာမှမစိုးရိမ်ပါနဲ့နော် ... တုဘက်က အောက်ကျခံပြီး
ရင်တောင်မှ အဆင်ပြေအောင် အတတ်နိုင်ဆုံး နေပေးပါ့မယ်"

"တုရယ် ... မောင့်မေမေအကြောင်းလည်း မောင်သိပါ
ယ် ... မေမေက အတ္တကြီးတယ်၊ ဒါကလည်း သားတွေကိုချစ်တဲ့
နဲ့ပါ၊ မောင် တောင်းပန်ပါတယ် ... တု သည်းခံပေးပါ"

"အင်း"

"တုကို မောင် ချစ်တယ်"

"မောင်"

"ဟင်"

"တုကို ကားမောင်းသင်ပေးဦးလေ"

"ဟုတ်သားပဲ ... ဒီညနေကစပြီး မောင်သင်ပေးမယ်နော်"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



တု ကိုယ်တိုင် သူ့သားယေပေးတဲ့ ကားစီးပြီး ကျောင်းသွား

တက်ရင် ဘယ်လောက်များ ဒေါ်မေသက် ခံပြင်းဒေါသထွက်ရမလဲ

တုရင်ထဲမှာ နာကြည်းမှုတွေနှင့် ပြည့်နှက်နေသည်။

နောက်နေ့ကျတော့ တုတို့ မောင့်အိမ်ကို ပြောင်းလာကြသည်။

ဒေါ်မေသက်အကြည့်တွေက တု ဝတ်ထားတဲ့လက်ပေါ်

ရတနာတွေဆီ သဲကြီး မဲကြီး စူးစိုက်ကျရောက်နေသည်။

"သားယေတို့ ပြောင်းလာကြပြီပဲ ... အမလေး ... မေမေ

ဖြင့်လေ ပြောင်းမလာပါ့မလားလို့ စိတ်ပူလိုက်ရတာ၊ သားတို့ နေဖို့ပဲ။

အခန်းလည်း အဆင်သင့်ပြင်ပေးထားတယ်၊ ဟဲ့ ... အိတို့၊ မပိုက်

ပန္နည်းတွေ ဝိုင်းသယ်ကြစမ်း ... "

တုကတော့ ပန္နည်းလေးတစ်ခုပင် မကိုင်ခဲ့။

သူ့ဌွေးကတော် အိုင်တင်က အပြည့်။

ဒေါ်မေသက် မျက်ဝန်းအကြည့်တွေကိုလည်း မရှောင်ဘေ

သားရှေ့မှာ ဟန်ဆောင်နေပြီး ကြည့်တဲ့မျက်လုံးတွေ

အစိမ်းလိုက် ဝါးစားတော့မတတ်ပင်။

"သားယေတို့ သွားနားတော့နော် ... သမီးလေးလည်း ထ

အပ်တာရှိရင် ပြောပါ၊ သားနဲ့ပတ်သက်တော့လည်း သမီးလေးပဲပေါ့ကွား။

တက်ကြလေ ... "

"ဟုတ်ကဲ့ ... "





ဟုကတော့ မေမေဟုပင် မခေါ်ချင်။

မဟုတ်မခံတတ်တဲ့ တု ယောက္ခမကြီး။

မတရား နှိမ်ချဆက်ဆံတာမျိုးတော့ လုံးဝလက်မခံနိုင်ပါ

"လာလေ တု ... "

"ဟုတ်ကဲ့ ... "

မောင့်ရှေ့မှာတော့ တုလည်း မခုတ်တတ်တဲ့ ကြောင်လေး

မောင်က တုလက်လေးကိုဆွဲပြီး အပေါ်ထပ် တက်လာ

ည်။

အခန်းလေးကတော့ ရှယ်ပဲ။

ပန်းနုရောင်တွေ လွှမ်းနေပြီး ခမ်းနားလွန်းနေသည်။

"တုရယ် ... မေမေ ပြင်ဆင်ပေးထားတာလေ ... ဘယ်

လောက်လှပလဲ၊ တုကို ချွေးမအဖြစ် လက်ခံတဲ့ သဘောပဲလေ"

တုကတော့ ရယ်ပစ်ချင်သည်။

ရှင့်အမေလောက်တော့ တုက ယုံကြည်မယ် ထင်နေလို့

ဟန်ဆောင်နေတာပါ။

ကျွန်မကို ဘယ်လောက်အထိ မုန်းတီးရွံရှာနေလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အမေရဲ့ မျက်ဝန်းတွေထဲ ရှင် ရှာဖွေကြည့်မိရဲ့လား။

"တု ကျေနပ်ရဲ့လားကွာ ... မောင်ကတော့ တုလေးဆန္ဒပဲ နော် ... ပျော်ရဲ့လား ..."

"အင်း"

"တုကို ချစ်တယ်"

မောင့်ကိုလည်း တုချစ်တယ်ဆိုတဲ့စကားကို တု မပြောချင်

အချစ်တွေကိုလည်း တု ရင်ထဲမှာ ခံစား၍မရ။

အချစ်တွေက ပျောက်ဆုံးနေခဲ့သည်။

"ကားမောင်းသင်ပြီးတာနဲ့ တုကို ကားအကောင်းစား တစ်စီး ချစ်သက်လက်ဆောင်ပေးမယ် ... တု ကြိုက်တာဝယ်"

"အရမ်း ကျေးဇူးတင်တယ်နော် မောင် ..."

"တု ..."

"ဟင်"

"အရမ်းချစ်တယ်လို့ပြော ..."

"ဟာ ... မောင်ကလည်း တု ရှက်တယ်၊ လက်ထပ်ထားတဲ့ ဇနီးမောင်နှံတွေ ဖြစ်နေကြပြီပဲ လိုသေးလို့လား ..."

"ပြောပါကွာ ... မောင် ကြားချင်လို့ပါ"

မောင့်ကိုချစ်တယ်ဟု ဟန်ဆောင်လိမ်ညာ၍ပင် မပြောနိုင် ခဲ့။





တု ရင်ထဲမှာ အောင့်သက်နေသည်။

မမပုံ ကိုယ်ဝန်ကြီးနှင့် သေဆုံးရတာကို တု သံသယ ဖြစ်နေ ခဲ့၏။

ဒေါ်မေသက်ရဲ့ နှိပ်စက်နေမှုကြောင့်ဟု ထင်သည်။

ဒီမှာ မမပုံ ဘယ်လိုနေထိုင်ခဲ့ရလဲဆိုတာလည်း တု သိချင် နေ၏။

မောင်ကတော့ တု ခန္ဓာကိုယ်လေးအား သိုင်း၍ဖက်ထား သည်။

"မောင့်အချစ်တွေကို တု ယုံရဲ့လားကွာ၊ မောင့်အချစ်တွေ ကို သက်သေပြချင်တယ်၊ တုဘက်ကနေ အရာရာ မောင်တားဆီး ကာကွယ်ပေးပါ့မယ် ... အိမ်မှုကိစ္စတွေလည်း တု ဝိုင်းလုပ်ပေးစရာ မလိုဘူးနော်"

မမပုံတုန်းက မေမေ မတရား ညှင်းပန်းနှိပ်စက်နေတာတွေ ကို သော် သိထားသည်။

မမပုံက ရိုးသားသူပါ။

မမပုံ အမောဖောက်လာတုန်းက မေမေ ဥပေက္ခာ ပြုလိုက် တာလည်း အိမ်ဖော်မလေး အိဆီက ကြားခဲ့ရ၏။

တုကိုလည်း သော် စိတ်ပူနေသည်။

"တုကတော့ အိမ်မှုကိစ္စတွေ သိပ်မလုပ်တတ်ဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



မောင် အိမ်မှာဆို မမပုံက ဘာမှမနိုင်းဘဲ ဇာပဲကြိုးစားစေခဲ့တာပါ"

"မလုပ်နဲ့တု ... မင်းကျောင်းပဲတက်ပါ။ ဘယ်လိုအခက်အခဲ တွေပဲရှိရှိ မောင့်ကိုပြောပြနော် ... မောင် ဖြေရှင်းပေးမယ်"

"ကဲပါ မောင်ရယ် ... ဒါတွေပြောမနေပါနဲ့တော့၊ တုက လည်း မမပုံလိုတော့ ရင်ထဲက မကျေနပ်ချက်တွေကို မျိုသိပ်မထား တတ်ပါဘူး ... ပွင့်ပွင့်လင်းလင်းပဲ နေတတ်တယ်"

"ကောင်းတယ်တု ... ပျော်ပျော်ရွှင်ရွှင်ပဲနေပါကွာ နော်"

"အင်း ... "

မောင်က အကြြင်နာတွေ့နှင့် တုခန္ဓာကိုယ်လေးအား ပွေ့ ဖက်နမ်းရှိုက်နေပေမယ့် တုနှလုံးသားက နာကျင်အောင့်သက်နေရ တာဖြစ်၍ မောင့်အချစ်တွေ အကြင်နာတွေကို မခံယူချင်ဘဲ ဖြစ်နေ သည်။

အခန်း ( ၁၄ )

တုနိုင်းစံဆိုတဲ့ ကောင်မက ချစ်ပွင့်ပုံလိုတော့ ခပ်ညံ့ညံ့၊ ရိုး ရိုးအအ မိန်းကလေး မဟုတ်ဘူးဆိုတာ ဒေါ်မေသက် သိလိုက်သည်။

သားငယ်အပေါ် တော်တော်လေး ညို့ယူဖမ်းစားနိုင်သူ ဖြစ် နေ၏။

ချစ်ပွင့်ပုံလိုတော့ အလွယ်တကူ နှိပ်ကွပ်နိုင်မည်ဟု မထင် မိ။

ဒေါ်မေသက် ဒေါသတွေ ဖြစ်ရသည်။

"ခင်းကများ ကားမောင်းသင်ရတယ်လို့ အမြင်ကတ်လိုက် တာ ဆင်းဆင်းရဲရဲ အောက်တန်းစားမကများ ... "

သားက တုကို ကားမောင်းသင်ပေးနေတယ် မေမေဟု ပြောထဲက ဒေါ်မေသက် အူထဲ အသည်းထဲအထိ ဒေါသတွေလိပ် တက်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့ ကျောင်းတက်မလို့ ဟုတ်လား။

တန်ရာ တန်ရာ မလုပ်ဘူး။

အလုပ်တွေလည်း ပြင်ထားလိုက်တာ။

ဝတ်ထားတဲ့ လက်ဝတ်ရတနာတွေရဲ့ တန်ဖိုးကိုရော ခင်းသိရဲ့လား။

"သားငယ်က သားကြီးထက်တောင် မိန်းမကို ပိုချစ်ပြနေပါသေးလား၊ အမလေး ... ကိုယ်ပိုင်ကားတောင် ဝယ်ပေးတော့မယ်"

သားကို အမွေဖြတ်ဖို့ ကျတော့လည်း ဒေါ်မေသက် မလုပ်နိုင်။

သားငယ်နာမည်နှင့် အဖိုးအဖွားတွေက အမွေပေးထားခဲ့တာလည်း ရှိသေးသည်။

တုန့်နှိုင်းစံအတွက်တော့ မဖြစ်စေရဘူး။

ဒေါ်မေသက် ဘယ်လိုလုပ်ရမလဲ။

ပွဲစားမငွေကို သတိရသွား၍ ဖုန်းဆက်ပြီး ချိန်းလိုက်၏။

မငွေဆီမှာ အကြံဉာဏ် တောင်းဖို့ပဲ ဖြစ်သည်။

"မငွေ ... "

"ဘာဖြစ်လာလို့လဲ မမမေရယ် ... "

"သားငယ်အတွက် အရမ်းယဉ်ပြီး အရမ်းချောတဲ့ မိန်းကလေးတစ်ယောက် ရှာပေးနိုင်မလား"





"ဟင် ... မမမေသားက လက်ထပ်ပြီးပြီ မဟုတ်လား"

"သားငယ်မိန်းမကို အမြင်ကတ်လွန်းလို့ မမမေ သေတော့မယ်၊ သားငယ်မိန်းမက အကြောကြီးနဲ့လေ ... သူ့အစ်မလို မဟုတ်ဘူး"

"မမမေ သားတွေကိုယ်တိုင်က ပျော့ညံ့တာပါ၊ ဘာမဟုတ်တဲ့ မိန်းမတွေကိုများ ... "

"မငွေ ပြောချင်သလိုသာပြောပါတော့၊ အကူအညီပဲ ပေးစမ်းပါ မငွေရယ် ... သားငယ်ကို ဆွဲဆောင်နိုင်မယ့် မိန်းမတစ်ယောက်လောက်ပါ၊ ခင်းထက် ချောမောလှပရမယ်လေ ... "

"ငွေ ရှာပေးပါ့မယ် ... ငွေ့ကိုတော့ ပွဲစားခ မြိုးမြိုးမျက်မျက်လေးမှနော် ... "

"အေးပါဟယ် ... တုန့်နှိုင်းစံကို မောင်းထုတ်ပစ်ချင်တယ်၊ မမမေ ချွေးမဖြစ်နေတာကြီးကကို ရွံတယ်"

"ငွေ့တာဝန် ထားပါ၊ ချောလည်းချော အမျိုးကောင်းသမီးလေးလည်း ဖြစ်စေရမယ်၊ ငွေနဲ့မမမေနဲ့ မပတ်သက်ဘဲ တွေ့ဆုံနိုင်အောင် စီစဉ်မယ်"

"လုပ်ပေးစမ်းပါဟယ် ... မမမေ ရင်နာလွန်းလို့ပါ၊ တုန့်နှိုင်းစံကပိုပြီး အကျောမာတယ်"

"မမမေ ... "



www.burmeseclassic.com

www.burmeseclassic.com



"မြော ..."

"ငွေ စဉ်းစားထားတာကလေ ပိုက်ဆံပေးပြီး မြူဆွယ်နိုင်းလို့ရမယ့် ကောင်မလေးတစ်ယောက်ကို ခိုင်းရင်ရော၊ အရှက်မရှိတဲ့ မိန်းကလေးမှ မရမက မြူဆွယ်နိုင်မှာလေ ..."

"ဟင်"

တုန့်နှိုင်းစံထက် ဆိုးဝါးတဲ့ မိန်းကလေး။

မိမိကလည်း တုန့်နှိုင်း စံထက်လည်တဲ့ မိန်းကလေးမျိုးနဲ့ တွေ့မှာလဲ ကြောက်သည်။

"အဲဒီလို မိန်းကလေးမျိုးတော့ မဖြစ်ဘူးထင်တယ်၊ ပိုဆိုးသွားနိုင်တယ်လေ ..."

"အင်းပါလေ ... အမှန်အကန်ပဲ ရှာပေးပါ့မယ်၊ ရှိပါတယ် ငွေ့ပွဲစားခကိုတော့ ဘယ်လောက်လဲ ..."

"ငွေရယ် ပြောရမယ့်သူတွေလား ... အောင်မြင်ရင် ငွေလိုသလောက် ဖြစ်စေရမယ်"

ဒေါ်မေသက်က အတ္တကြီးလွန်းသည်။

ဆင်းရဲသားတွေကို နှိမ်နှိမ်ချချ ဆက်ဆံနေတာကြီးကိုတော့ မနှစ်သက်မိ။

ဒါကြောင့်လည်း မညှာမတာကို ပွဲခယူပြစ်မယ်။

သူ့သားက အိမ်ထောင်သည်ကို အမှန်အကန်က မြူဆွယ်





လား။

ငွေကတော့ မိမိအကျိုးရှိမယ်ဆိုရင် လုပ်ရမည် ဖြစ်သည်။

"စိတ်ချနော် မမမေ ... ငွေ့တာဝန်ထားပါ၊ ငွေ အားလုံးသည်မယ်၊ ဖြစ်စေရမယ် ..."

"အမှန်အကန်လေးနော်၊ သားငယ်နဲ့ တင့်တယ်မယ့်သတို့သမီးလောင်း ဖြစ်စေချင်တယ်၊ ဟိုဟာမ တုန့်နှိုင်းစံနဲ့ ကွာရှင်းပြီး အိမ်ခါတည်း လက်ထပ်ပေးလိုက်မယ်"

"စိတ်ချပါ ... ငွေ စီစဉ်ပေးမယ်၊ အများကြီးပါ ... မမမေ ရုပ်ချောတာ မလိုဘူး ဆိုလို့လေ"

"ရုပ်ချောမှတော့ဖြစ်မယ်ငွေ ... ယောက်ျားလေးဆိုတာ ချောတာမက်တယ်လေ"

မငွေကို သေသေချာချာပြောပြီး ဒေါ်မေသက် ပြန်လာခဲ့သည်။

ချွေးမကတော့ ကားမောင်းသင်ပြီး ကိုယ်တိုင်ကားမောင်းနိုင်လာသဖြင့် မိမိအမြင်ကတ်ရသေး၏။

သား စွဲမက်စရာ တုက ချောမောအိစက်နေသည်။

"အန်တီမေရေ တုကားမောင်း တော်တော်လေးတတ်နေပြီလား ... မောင်ကလေ ကားအသစ်တစ်စီးဝယ်ဖို့ အရမ်းလောလေး၊ ဒါကြောင့် ... တုက တားထားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်လေ ... လုပ်ပေါ့၊ ညည်းတို့ ညီအစ်မနှစ် ယောက်လုံးက ကံကောင်းကြတာပဲ ... လင်တွေက ချစ်တယ် လေ"

"အဲဒါတော့ ဟုတ်တယ် ... လင်ကံကောင်းတယ်နော်"

ဒေါ်မေသက် မျက်နှာကြီးက ရှုံ့မဲ့နေသည်။

တုကတော့ ခပ်ညံ့ညံ့ ချွေးမတစ်ယောက် မဟုတ်ဘူးဆိုတဲ့ အကြောင်းပြရမည်။

သူမ ချည့်ခန်းမှာထိုင်သည်။

"အိရေ ... အအေးတစ်ခွက် လာပေးပါဦး ... "

"ဟုတ်ကဲ့"

ဒေါ်မေသက် အမြင်အကတ်ဆုံးက တုနှိုင်းစံရဲ့ အပြုအမူ တမင်လုပ်ပြနေတာပါ။

ကြည့်ပါဦး ...

ယောက္ခမကို လုံးဝမထေမဲ့မြင်ပဲ။

မိမိခိုင်းလျှင် လုပ်မည့် ကောင်မလေး မဟုတ်ပေ။

သားကို ပြန်ပြောမှာ။

နေဦးပေါ့ တုနှိုင်းစံ။

တစ်နေ့နေ့တော့ ညည်း ဒီအိမ်ကနေ ခွေးပြေးဝက်ပြေး ပြေး ရမှာပါ။

ဖိုးလပြည့်စာပေ



ငါ့သားနဲ့ ညည်း ကွဲကိုကွဲရမယ် စောင့်ကြည့်နေပါ။

"အိ ... "

"ရှင်"

"မမတု အိပ်ခန်းကို ရှင်းပေးဦးနော်"

"ဟုတ်ကဲ့"

အမလေး ... ဘယ်လိုလုပ်ရမလဲ။

ချွေးမက သူဌေးစတိုင်လ် ဖမ်းနေတယ်။

အိမ်ထောင်ရှင်မဖြစ်ပြီး ဝတ်စားထားတာက လန်ပြန်နေ တာပဲ။

ပြောလည်း မပြောရဲပေ။

မိမိခိုင်းစေလျှင်လည်း လုပ်မှာမဟုတ်။

ဒေါသဖြစ်လိုက်ရတာ။

ပုံနှင့်မတူတဲ့ ဟာမ။

နည်းနည်းလေးမှ အချိုးမပြေဘူး။

"အိရေ ... အဝတ်တွေကို သန့်သန့်လေးလျှော်နော်၊ မမတို့ အိပ်ရာခင်းတွေလည်း လဲပေးဦး၊ မမတုက အပြာလွှင်လွှင်လေးတွေ ကြိုက်တယ်"

"ဟုတ်ကဲ့"

ချွေးမကပြောပြီး ကော့ကော့လေး အပေါ်ထပ်သို့ တက်

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

အောက်ထပ်မှာ ဒေါ်မေသက် ဒေါသတွေ ပေါက်ကွဲရ၏
လှုပ်ဝလွန်းသည်ဟု ထင်သည်။

"အိ"

"ရှင် ... မေမေကြီး"

"တော်တော် လှုပ်ဝတဲ့ဟာမပဲ၊ ဒင်းကိုယ်ဒင်း ဘာများ အောင်းမေ့နေလည်း မသိဘူး"

"သွားပြီး မလုပ်ပေးရဘူးလား မေမေကြီး ... "

"ဘာ ... "

"ကိုယ့်ဟာကိုယ်လုပ်ပါလို့ သွားပြောလိုက်မယ်"

မမပုံတုန်းက မေမေကြီး ဘယ်လောက်အထိ ညှင်းပန်းနှိပ်စက်ခဲ့လဲဆိုတာ အိ အသိဆုံးပင်။

နောက်ဆုံး မမပုံ သေဆုံးရတာ မေမေကြောင့် ဖြစ်သည်။

အိလည်း မမပုံကို အရမ်းသနားမိနေ၏။

မမတုနဲ့ကျမှ ဝဋ်လည်နေခြင်းဖြစ်သည်။

"ဟဲ့ ... သွားမပြောနဲ့၊ ဒီဟာမက ချစ်ပွင့်ပုံနဲ့မတူဘူး ... အကြောမာလွန်းတယ်၊ ကြည့်ပါလား ... "

"အိ သွားလုပ်ပေးရမှာလား"

"လုပ်ပေးလိုက် ... ဒင်းကို မဟုတ်တာတွေ သွားမပြောပြနဲ့





ဲ ... ကြားလား ... "

"ဟုတ်ကဲ့"

"နင့်ကို ဘယ်သူကျွေးမွေးစောင့်ရှောက်ထားလဲ၊ နင်အမေ
မေတွေ လက်ထက်ထဲကလေ"

"ဟုတ်ကဲ့"

"သွား"

မေမေကြီးက ကျွေးမွေးစောင့်ရှောက်ခဲ့တာ မှန်ပေမယ့် အိ
တော့ အစုတ်အပြတ်တွေပဲ ဆင်ပေးခဲ့ပြီး၊ သူ့သားတွေ စိတ်မဝင်
အောင်တဲ့။

လခလည်း မပေးဘူး။

အိ ထွက်ပြေးချင်တဲ့စိတ်ပင် ပေါက်လာတတ်သည်။

အိမှာ ပြေးစရာမြေမရှိလို့ပါ။

တခြား အလုပ်သမားနှစ်ယောက်ကိုလည်း နှိမ်ချဆက်ဆံ
၍ မကြာခဏ အလုပ်သမားတွေ အလုပ်ထွက်သွားတတ်သည်။

အိကတော့ ဒီမှာပဲမွေးပြီး ဒီမှာပဲ ကြီးပြင်းလာ၍ မေမေကြီး
ပိုင်ဖြစ်နေရ၏။

ထွက်သွားခွင့် မရှိခဲ့။

အမြဲတမ်း အော်ငေါက်ဆူပူခံနေရသည်။

"မမတု ဝင်လာမယ်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



"အေး"

အိကတော့ မမတုကို သဘောကျမိနေသည်။

သတ္တိရှိရှိ ရင်ဆိုင်ရဲ၍ ဖြစ်၏။

မမပုံကအေးပြီး ကြိတ်မှိတ်သည်းခံနေတတ်သူပါ။

"မမသန့်ရှင်းရေးလုပ်မယ်နော် ... မမအခန်းက သန့်ရှင်းနေတာပဲဟာ"

"နည်းနည်းတော့ ထပ်ရှင်းပေးနော် အိ ... မမတုမုန့်ဖိုးပေးပါ့မယ်ကွယ်"

"ဟင့်အင်း ... အိမယူပါဘူး၊ ဒီမှာ အိတို့ ပိုက်ဆံကိုင်ခွင့်မရှိပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ ... "

"မေမေကြီးက ခွင့်မပြုဘူးလေ၊ အလှအပတွေလည်း ဝတ်စားပြင်ဆင်ခွင့် မရှိဘူး"

"ဟုတ်လား ... မမတု သိပြီ၊ သူ့သားတွေနဲ့ ငြိမှာ ကြောက်လို့မဟုတ်လား"

"ဟုတ်တယ်လေ ... အစ်ကိုကြီးရော အစ်ကိုလေးရော တည်ကြည်ခန့်ညားကြပါတယ်၊ ကိုယ်ကျင့်တရား ကောင်းကြတယ် ဖေဖေကြီးနဲ့တော့ တခြားစီပဲ"

ဘယ်လောက်အထိ အတ္တကြီးတဲ့ ဒေါ်မေသက်လဲ။





အိက ဘာပေးပေး မယူပေ။

အိ ဒီမှာ နေထိုင်ခွင့်ရရင်ပဲ တော်ပါပြီတဲ့။

သန့်ရှင်းရေးကိုလည်း စေတနာပါပါနှင့် လုပ်ပေးနေသည်။

"အိ"

"ရှင်"

"မမပုံကို သိတယ်မဟုတ်လား"

"သိပါတယ်"

"မမပုံ ဘယ်လိုဖြစ်ပြီး သေရတာလဲ"

"ရှင်"

အိဆိုတဲ့ အိမ်ဖော်ကောင်မလေး ဘာဖြစ်လို့ ကြောက်ရွံ့တုန်လှုပ်သွားရတာလဲ။

တု မသင်္ကာမိ။

ဒေါ်မေသက်များ သတ်ပြစ်လိုက်တာလား။

"မမပုံကို အန်တီမေက ဘယ်လိုဆက်ဆံခဲ့လဲ ... မမတုကို ပြောပြပါလား"

"အို ... မသိပါဘူး၊ အိတို့က ဘာပြောပိုင်ခွင့်ရှိမှာလဲ၊ မေမေကြီးကို အရမ်းကြောက်ရပါတယ်"

တု သိလိုက်ပါပြီ။

အိက အလုပ်သမားပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မမသိပါတယ် ... မမပုံကို အစေအပါးတစ်ယောက်လို မ
ခိုင်းခဲ့တယ် မဟုတ်လား"

"အင်း အဲ ... မမတု ဘာတွေလာမေးနေတာလဲ၊ ပြန်တော့
ခင်ရော့ ... အလုပ်တွေ ပြီးသွားပြီ"

"အိ"

"ရှင်"

"အမှန်အတိုင်း ပြောပြစမ်းပါ၊ မမပုံ ဘယ်လိုဖြစ်ရတာ
မမတု သိချင်တယ် ... အိ ဒုက္ခမရောက်စေရပါဘူး၊ မမတု တာဝ
ယူပါတယ်ကွယ်"

အိ ပြောပြချင်မိနေသည်။

မမတုက ကြင်ကြင်နာနာနှင့် အိကိုဖက်၍ မျက်ရည်တော
လည်း ပြည့်လျှံကျမတတ်ပင်။

မမပုံကိုလည်း အိ ချစ်မိနေ၏။

သနားသည်။

"အိ သွားတော့မယ် ... ဘာမှ မသိပါဘူး၊ ခိုင်းစရာရှိတာ
ခိုင်းပါ ... နောက် ဒါတွေ မမေးပါနဲ့နော်"

အိကို ချော့မော့မေးမလို့ဟာ။

ယောက္ခမကြီးက အခန်းဝမှာ ရပ်နေသည်။

"အိ ... ပြီးပြီလား ..."





"ရှင်"

"မေမေကြီး ဆေးလိမ်းခိုင်းမလို့ ... လာလေ"

"ဟုတ်ကဲ့ ..."

ခေါ်မေသက် စိတ်တွေ မလုံ၍ အိကိုလာခေါ်ခြင်း ဖြစ်သည်။

အိက ငယ်ရွယ်သူ။

တုန္ဒိုင်းစံ မိန်းမလည်မက ဖြားယောင်းသွေးဆောင်ပြီး မေး
ခိုင်း၏။

ခေါ်မေသက် စိုးရိမ်ထိတ်လန့်မှု ရှိသည်။

"အိ"

"ရှင်"

"ညည်း ဘာတွေလုပ်နေရလို့ ကြာနေရတာလဲ"

"မမတုက ခိုင်းနေလို့ပါ"

"နင့်ကို ဘာတွေမေးလဲ"

"ဟင့်အင်း ... ဘာမှမမေးပါဘူး"

"ဒင်းနဲ့အရောတဝင် သွားမလုပ်နဲ့နော်အိ ... နင့်ဘဝမှာ ငါပဲ
ဘူးမွေးစောင့်ရှောက်ထားနိုင်တာ၊ နင်ပြောရင် သတ်ပစ်မယ်"

"မပြောပါဘူး ... အိ မေမေကြီးကို လုံးဝသစ္စာရှိပါ့မယ်"

"ချစ်ပွင့်ပုံက သူ့ဟာသူသေတာ၊ ငါနဲ့ဘာမှမဆိုင်ဘူးနော်
ဘာမ လှည့်ပတ်မေးလည်း မသိဘူးပဲပြော ... ကြားလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"သွား"

ဒေါ်မေသက် စိတ်မအေးနိုင်။

တုန့်နိုင်းစံကိုလည်း စိတ်မချ။

ဒီကောင်မ ဝင်လာတာ မရိုးသားဘူး။

မိမိအိမ်မှာနေဖို့ အလွယ်တကူ သဘောတူတာလည်း

ရှိနိုင်သည်။

"ငါ့သားတွေကိုများ ဒင်းတို့က မတန်မရာ ယူထား

တယ်၊ ငါ့ကိုလည်း ဒုက္ခလာပေးလို့ရမယ်မထင်နဲ့ မိတုန့်နိုင်း

ညည်းပဲ ဘဝပျက်သွားစေရမယ်"

အမလေး ... ရင်တွေပူလိုက်တာ။

တွေးမိတိုင်း ဒေါသတွေ ထွက်လွန်း၍ မအိပ်နိုင် မစား

ဖြစ်နေရသည်။

သားတွေမွေးထားရတာ ရင်နာတယ်။

မအေ့စကားကို နားမထောင်ကြတော့ဘူး။

မိန်းမတွေမှ မိန်းမတွေ။

သားငယ်က ပို၍ပင် မိမိရင်ကို နာကျင်စေခဲ့သည်။

အခန်း ( ၁၅ )

"မောင်"

"တု"

"ကားအသစ် ဝယ်ပေးတော့လေ၊ တု အရမ်းမောင်းချင်နေ

တယ် ... ကားအသစ်လေးနဲ့ ကျောင်းသွားချင်တယ်ကွာ နော်"

မောင့်ကို နောက်ကနေ သိုင်းဖက်ပြီး တုချွဲချွဲနွဲ့နွဲ့လေး ပြော

မိသည်။

"တုရယ် ... ဝယ်ပေးမှာပေါ့၊ အခုပဲ မောင်နဲ့တု အပြင်ထွက်

ကြမယ်လေ၊ တု ကြိုက်တဲ့ကားကိုဝယ် ... "

"အင်း"

မောင့်ကိုချစ်တယ်ဟု ပြောမိတော့မလိုဖြစ်ပြီးမှ တု ဘရိတ်

ပြန်အုပ်ပစ်လိုက်ရသည်။

ချစ်တယ်ဆိုတဲ့စကားကို ဟန်ဆောင်၍ပင် မပြောချင်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို ဖြားယောင်းသွေးဆောင်ပြီး သူ့ငွေးကတော်ဘဝကို အချောင်မယူချင်၍ပါ။

မမပုံကြောင့် မောင်နဲ့လက်ထပ်ဖြစ်သွားခဲ့တာပဲ ဖြစ်သည်။

"တု ပျော်တယ် မဟုတ်လား ... မောင်တို့အိမ်မှာနေရတာ အဆင်မပြေရင် ပြောနော်"

"အင်းပါ"

မမပုံလို ဖြစ်သွားမှာကို သူ လုံးဝမဖြစ်စေလိုပေ။

မေမေ စိတ်သောကရောက်နေတာ နည်းလမ်းမမှန်ဟု ထင်သည်။

အချစ်ဆိုတာကို မေမေ ထည့်တွက်သင့်၏။

ကိုကိုလည်း နိုင်ငံခြားမှာနေပြီး ပျက်စီးတဲ့လမ်းကြောင်းပေါ် လျှောက်စပြုနေသည်ဟု သတင်းကြားထားသည်။

"တု အဝတ်အစားလဲပြီးရင် ထွက်လာခဲ့ ... မောင် မေမေ့ ခဏသွားလိုက်ဦးမယ်"

"သွားလေ ... ကားဝယ်တာ မောင့်မေမေက ကြိုက်ရဲ့ မလား ... တု ကြောက်တယ်"

"မောင်ပိုင်တဲ့ငွေနဲ့ ဝယ်မှာပါ ... တု ဘာမှမကြောက်နဲ့နော် မောင့်အဖေဘက်က အဖွားတွေ အဒေါ်အပျိုကြီးတွေ အမွေပေး တာရှိတယ်"





"မောင့်အဖေဘက်က အမျိုးတွေနဲ့ မောင် ပတ်သက်သွားလာတာ မတွေ့ဘူးနော် ..."

"နိုင်ငံခြားမှာလေ ... အဒေါ်အပျိုကြီးတစ်ယောက်ထဲ ရှိတော့တယ် ... တုကိုခေါ်ပြီး မောင်တို့သွားလည်ကြမယ်"

"တုကို လက်ခံပါ့မလား"

"မောင့်အဒေါ်က မောင့်ဆန္ဒပါပဲ ... ကိုကိုသွားနေတာ အဲဒီမှာလေ ... အခု ကိုကို ပျက်စီးနေပြီတဲ့"

"ဟင်"

ကိုနိုင်က မမပုံကို ဘယ်လောက်အထိချစ်လဲဆိုတာ တု သိသည်။

မောင်လည်း တုကို ချစ်တာပါပဲ။

တု မျက်နှာလေးတစ်ချက်လေးပင် အညိုးမခံခဲ့။

တုဘက်ကသာ မောင့်ကိုချစ်ဖို့ ကြိုးစားနေတာ မရသေးပေ။

တု နှလုံးသားတွေက မမပုံကြောင့် နာကျင်ကြေကွဲနေသည်။

"မောင် သွားပြီနော် ချစ် ..."

"အင်း"

သူက တု နဖူးလေးကို နမ်း၍ ထွက်သွားခဲ့သည်။

မေမေ့ဆီရောက်တော့ အိပ်ရာထဲလဲနေတဲ့ မေမေ့ကိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မေမေ ... နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲဟင် ... ကိုယ်လည်း မပူပါဘူး"

"သားငယ်"

"မေမေ"

"မေမေ ရင်နာနေတယ် ... သားကြီးရော၊ သားငယ်ရော ဘာဖြစ်လို့ ဒီလိုတွေ ဖြစ်သွားရတာလဲဟင် ... မေမေ ကံဆိုး လားပဲ"

"သားတို့ကို မေမေချစ်တယ် မဟုတ်လား ... သားတို့ တဲ့ မိန်းမတွေကိုလည်း မေမေ ချစ်ပေးပါနော်၊ ဖူးစာဆိုတာ သေးတယ်"

"သားကြီး မိန်းမကမှ မေမေ့ကို ရိုကျိုးသေးတယ်၊ သား မိန်းမကတော့ မောက်မားထောင်လွှားနေတယ်နော်"

"မေမေရယ် ... ဒါတွေပြောမနေပါနဲ့တော့၊ တုကို သား တယ်၊ တုက ပညာမာနရှိတယ်လေ ... သားကို ဖြားယောင်း ဆွယ်ယူခဲ့တာလည်း မဟုတ်ပါဘူး ... သား အရမ်းချစ်လို့ပါ"

"တော်ပါတော့ သားရယ် ... မေမေ မကြားချင်ဘူး မေမေလေ စားမဝင် အိပ်မပျော်နဲ့ စိတ်ဆင်းရဲနေတယ်"

"သား တောင်းပန်ပါတယ် မေမေ ... ခွင့်လွှတ်ပေး





သားစုတွေအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြစ်စေချင်ပါတယ်၊ သား မိန်းမကို မေမေ့ချွေးမအဖြစ် လက်ခံပေးပါဗျာ ..."

လက်ခံမပေးနိုင်ဘူးဟု အော်ဟစ်ပြစ်လိုက်ချင်ပေမယ့် ဒေါ်မေသက် ထိန်းချုပ်ပစ်လိုက်ရသည်။

မဖြစ်ဘူး ...

သားက တုနှိုင်းစံမှ တုနှိုင်းစံ ဖြစ်နေတယ်။

သည်းခံနေလိုက်ရ၏။

သားငယ်ကို မိမိဘက်ပါစေရန် ဘယ်လိုစွဲဆောင်ပြောဆိုရ မလဲဟု စဉ်းစားသည်။

"မောင်ရေ ... သွားမယ်လေ၊ တု ပြီးသွားပြီ"

"အင်း ... ဟုတ်သားပဲ ... မေမေ တုအတွက် ကားဝယ်ပေး လို့ သားလည်း တုကို ကျောင်းလိုက်မပို့နိုင်ဘူးလေ"

"ဘာ ..."

မိမိ ဒေါသတကြီး ထလိုက်ပြီးမှ ချွေးမက ဝင်လာ၍ ဆက် မပြောနိုင်ဘဲ ဖြစ်သွားသည်။

တုနှိုင်းစံကျမှ မိမိလက်လျှော့ရမလို ဖြစ်နေ၏။

မကျေနပ်လိုက်တာ။

ချွေးမမျက်နှာကြည့်ရတာ နေလို မီးလို ပူလာသည်။

"သွားပြီနော် မေမေ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး …"

ယောက္ခမကြီး ဒေါ်မေသက်ရဲ့အကြည့်တွေက တု ခန္ဓာကိုယ်လေး လောင်မြိုက်ပြာကျသွားမတတ် ဖြစ်နေသည်။

ဟန်တောင် မဆောင်နိုင်တော့တာပါလား။

ကျွန်မက နည်းနည်းပါးပါးလေးပါ။

ကျွန်မ အစ်မ သေဆုံးရတာ မတရားမှုပဲ။

ကိုယ်ဝန်ကြီးနဲ့လေ။

ရက်စက်လွန်းလို့ပါ။

မောင်က တုကို ကားအကောင်းစားတွေကို ကြိုက်တာဝယ်ဖို့ စိတ်တိုင်းကျ ရွေးချယ်ခွင့်ပြုသည်။

"တု ကြိုက်တာဝယ်နော် … ဈေးဘယ်လောက်ပဲကြီးကြီးပါ"

"အင်း"

သူမကလည်း ဈေးအကြီးဆုံး အကောင်းဆုံးကိုဝယ်သည်။

"ကားက ဘယ်လောက်ပဲကောင်းကောင်း ဈေးဘယ်လောက်ပဲကြီးကြီး ကျွန်မ လုံးဝမပျော်ပါဘူး ကိုသက်ပိုင်သော် ကျွန်မ ရှင့်ကို ကွာရှင်းမှာပါ"

သူမ စိတ်ထဲကနေ တွေးမိသည်။

သူမဘဝနဲ့ရင်းပြီး မမပုံအတွက် လက်တုန့်ပြန်ပေးတာပါ။





"ရှင်ပေးခဲ့တဲ့ ပစ္စည်းတွေကို ပြန်ပေးမှာပါ … တုနှိုင်းစံကာနတွေနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်လေး၊ ရှင့်ကိုအရယူပြီး သည်းစိမ်တွေ ခံစားနေတာလို့ ထင်ရင် မှားသွားလိမ့်မယ်"

သူမ ကားလေးကို လိုအပ်တဲ့အလှအပတွေ မောင်က တပ်ဆင်ပေးနေသည်။

ပြီးတော့ တုကို ပြစရာတစ်ခုရှိသေးတယ်ဟု ပြောပြီး ခေါ်သွားခဲ့၏။ တု ပျော်ရွှင်မြူးတူးဟန် ပြရပေမယ့် ရင်က နာကျင်လာသည်။

"မမပုံ ဘယ်လောက်အထိများ နှိမ်ချဆက်ဆံခြင်းခံရပြီး သောကတွေ ရင်မှာပိုက်သွားရှာလဲ … ညီမအတွက်လည်း စိတ်ပူတယ်၊ ရင်သွေးကလည်း တန်ဆာခံပဲ … "

တု တွေးမိရင်း မောင့်အနားကနေ ပြေးထွက်သွားချင်လာသည်။

ဒေါ်မေသက်ရဲ့ ချွေးမဘဝကို မုန်းတီးလာ၏။

စိတ်တွေက မသက်သာ။

ကားကို သတိထားမောင်းလာရသည်။

"တု"

"ဟင်"

"ကားကို သေသေချာချာမောင်းနော် … မောင် စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဖြည်းဖြည်းပဲမောင်း ... စိတ်လောမကြီးနဲ့"

"အင်းပါ ... "

မောင်က လမ်းပြရင်း သတိပေးနေသည်။

တု တချက် တချက် စိတ်ကလွင့်သွားချင်၏။

စိတ်က မသဒီချင်။

ပျော်ရွှင်မှုတွေ ဆိတ်သုန်းနေသည်။

"ရောက်ပြီတု ... ဒီခြံကြီးပဲ ... "

"ဟင်"

ခြံတံခါးကြီးကို အစောင့်တစ်ယောက်က လာဖွင့်ပေးရင်း တုကိုပါ အရိုအသေ ပြုနေသည်။

"တုကမ္ဘာစံအိမ် ... ဘာလဲမောင်"

"တုအတွက်ပဲလေ ... တုနာမည်နဲ့ မောင်ဝယ်ထားတာ လာ ... တိုက်ကြီးထဲဝင်မယ်"

မောင်က တုလက်လေးကိုဆွဲပြီး တိုက်ကြီးထဲဝင်လာသည်။

ပြီးတော့ စာရွက်စာတမ်းတွေကို ပြနေ၏။

တု လက်မှတ်ထိုးလိုက်တဲ့။

တုလက်လေးကို ဆွဲယူတော့ တု တွန့်ဆုတ်စွာ ပြန်ရုန်းမိသည်။

ဖိုးလပြည့်စာပေ



"ဘာဖြစ်လို့လဲတု ... မင်းအတွက်ပဲလေ"

"တု မလိုချင်ဘူး ... မောင့်နာမည်နဲ့ပဲထားပါ၊ မောင်ပိုင်ဆိုင်တာက တုပိုင်ဆိုင်တာပဲလေ"

"မောင်ရဲ့ချစ်သက်လက်ဆောင်ပါ တုရယ် ... လက်ခံပေးကွာ၊ မေမေ့အတွက် စိတ်ပူစရာမလိုပါဘူး၊ မောင့်ကိုယ်ပိုင်ငွေကြေးပါ"

"ဟင့်အင်း ... တု လက်မခံနိုင်ဘူး၊ မောင့်အချစ်တွေကို တု ယုံကြည်ပါတယ် ... မောင့်ဆီကနေ အကောင်းဆုံးကားကို စီးဆိုင်ထားပြီပဲ ... တု လက်မခံနိုင်တာကို အတင်းအကြပ်ကြီး ပေးပါနဲ့"

မောင် ဘယ်လိုပဲပေးပေး တုလက်မခံနိုင်ပေ။

တစ်နေ့နေ့ တု ကွာရှင်းပြစ်မယ့်ယောက်ျားပါ။

တုက အချောင်သမား စိတ်ဓာတ် လုံးဝမရှိဘူးနော်။

"တုရယ် ... မင်းမာနတွေကို မောင် လေးစားပါတယ်၊ မောင့်အချစ်တွေကိုတော့ ယုံကြည်ပေးပါကွာ"

အင်းဟု ပြီးစလွယ်ဖြေပြီး တု ပြန်လာခဲ့သည်။

သူ့သားလုပ်ရပ်အတွက် ဒေါ်မေသက်သာ သိသွားရင် ဘယ်ဘက်အထိ ရင်နာသွားမလဲ။

သူမတို့ ညီအစ်မအပေါ် အဆင့်အတန်းခွဲခြားဆက်ဆံတာ

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျိုးတော့ သူမ နာကြည်းနေသည်။

ပြန်ရောက်လာတော့ မောင့်မေမေက ထွက်လာပြီး မကြည့်ပေ။

သူမက ကားဟွန်းကို အကျယ်ကြီး တီးပြစ်သည်။

“ပွမ် ပွမ် ... ”

“ပွမ်”

“ပွမ်”

“တု အရမ်းပျော်တယ်မောင် ... တု ကားမောင်းပြီး ကျောင်းတက်ချင်တာပါ”

“ပွမ် ... ”

“ပွမ်း ... ပွမ်”

မောင့်လက်မောင်းကိုတွဲပြီး တုတိုက်ကြီးထဲ ဝင်လာခဲ့သည်။

မောင့်မေမေက အိပ်ခန်းထဲမှာ အိပ်နေတယ်တဲ့။

ခေါင်းမူးလို့တဲ့။

“ခဏအနားယူမယ် ... ပြီးတော့ အပြင်ပြန်ထွက်ကြမယ်နော် မောင် ... လာခဲ့ ... ”

မောင့်အမေ အိပ်ခန်းထဲ မောင်ထပ်မသွားစေရန် မောင့်လက်မောင်းကိုဆွဲ၍ တုခေါ်လာခဲ့သည်။





ရွေးမတွေအပေါ် တန်ဖိုး မထားချင်တဲ့ မောင့်အမေ။

ရင်ပွင့်သွားနိုင်၏။

မတတ်နိုင်ဘူးလေ။

မောင့်ကို ပွေ့ဖက်လိုက်သည်။

“မောင်”

“တု”

“ကျေးဇူးတင်တယ်ကွာ”

“လင်မယားပဲ တုရယ် ... ကျေးဇူးတင်စရာမှ မလိုတာ ...ကို မောင်ဘယ်လောက်အထိ ချစ်လည်းဆိုတာ သက်သေပြချင် ...ယ်၊ တုအတွက် မောင်ဘာမဆို ဖြည့်စွမ်းပေးချင်တယ်၊ တု အပြုံး ...းတွေ တုမျက်ဝန်းလေးတွေထဲမှာ ထာဝရ ရှိစေချင်လို့ပါ”

“တကယ်”

“တုရယ်”

မောင့်အနမ်းတွေ မောင့်အပွေ့အဖက်တွေကိုတော့ တုမခံ ...လိုပေ။

အောက်သက်သက်နှင့် မနှစ်သက်မိ။

ထို့ကြောင့်ပင် မောင်က ချစ်လားဟုမေးနေမှာ ကြောက်၍ ...ည်း မောင့်ကိုကော်ဖီ တစ်ခွက် မောင်ကိုယ်တိုင်သွားဖျော်ပေးပါ ... ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မိန်းမရယ် ... မောင်ကိုယ်တိုင် ဖျော်ပေးမ
မယ်"

"အိကို မခိုင်းရဘူးနော်"

"စိတ်ချ ... မောင်ကိုယ်တိုင် ဖျော်မယ်၊ အချစ်ဆန္ဒက မောင့်
ဆန္ဒပါပဲနော်"

မောင် ပြန်ထွက်သွားသည်။

တုံ လုပ်ရပ်တွေက မှားလား မှန်လားဆိုတာကိုပင် တုံပြန်၍
စဉ်းစားသုံးသပ်လို့လာခဲ့သည်။

အချစ်မရှိဘဲနဲ့မှား တုံရဲ့ အပျိုစင်ဘဝလေးကို အဆုံးရှုံးခံဖြ
လိုက်တဲ့ မိန်းမ။

ရှေ့ဆက်ဘဝကို ဘယ်လိုတန်ဖိုးတွေနဲ့ ရပ်တည်နေထိုင်
မလဲ။

တုံ လုပ်ရပ်အတွက် မမပုံက နှစ်သက်မှာမဟုတ်ပေ။

"တုံ ... ဘွဲ့တစ်ခုရအောင်ယူနော်၊ တုံကို ထူးချွန်တဲ့ အင်
ဂျင်နီယာမလေး ဖြစ်စေချင်တယ် ... မမရဲ့ အကြီးမားဆုံးဆန္ဒနော်
ပြီးတော့လေ ... ကိုယ့်ဘဝနဲ့နီးစပ်တဲ့ ယောကျ်ားကောင်းတစ်
ယောက်ကိုရှာပြီး လက်ထပ်၊ တုံလေးကိုတော့ မျက်နှာမငယ်စေ
ချင်ဘူး"

မမပုံ ပြောတတ်တဲ့စကားတွေကို ပြန်ကြားယောင်လာ





သည်။

မမပုံ ယောကျ်ားကြီးနှင့်ပတ်သက်ပြီး တုံ ဝေဖန်ရင်လည်း
မမပုံက နားချဖျောင်းဖျ နှစ်သိမ့်တတ်သည်။

"သူ့သားက အရာရာပြည့်စုံတဲ့သားလေး၊ အကောင်းဆုံးတွေ
ပဲ ပိုင်ဆိုင်စေချင်မှာပေါ့၊ တုံရယ် ... အပြစ်မဟုတ်ပါဘူး၊ မမတို့
သည်း မမေ့နေရာရောက်ရင် ဒီလိုပဲ ဖြစ်လိမ့်မယ်ထင်တယ်၊ ညီ
လေးတုံကိုတောင် သာမန်ယောကျ်ားလေးတစ်ယောက်နဲ့ မမပုံ
သဘောမတူနိုင်ပါဘူး ... မေမေက သားလေ ... "

တုံ လုပ်ရပ်တွေကို ရပ်တန့်ပြီး မောင့်ကို ကွာရှင်းပြစ်လိုက်
င် ကောင်းမလားဘဲ။

မောင့်ဘက်မှ အချစ်ကြီးချစ်ပြကာ တန်ဖိုးထားမြတ်နိုးနေ
သည်။

"ရှင့်ကိုတော့ တုံ ဘဝတစ်သက်လုံး ပေါင်းသင်းနေထိုင်သွား
ဆန္ဒမရှိပါဘူး၊ လုံးဝ မဖြစ်နိုင်ဘူး ... "

မောင့်အပေါ် သံယောဇဉ်တွေ တွယ်ငြိသွားဖို့ဆိုတာ မဖြစ်
ပေ။

ယောကျ်ားချမ်းသာပြီး တုံက စည်းစိမ်ဥစ္စာတွေ စံစားနေ
ရတာ ရှက်သည်။

တုံကို ပတ်ဝန်းကျင်က ဘာပြောမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ အသိုင်းအဝန်းတွေကလေ ပိုင်းလုံးမဆိုပြီး အ
လောက်များ ကဲ့ရဲ့ဝေဖန်နေကြမလဲ။

တု ကားအသစ်ကြီး မောင်းသွားရင်တောင် ကျော်
အရှက်ရစေနိုင်သည်။

"တု"

"ဟင်"

"တုအတွက် ကော်ဖီလေ ... မောင် အစွမ်းကုန် ဖျော်
တယ်၊ သုံးခွက်မြောက်ပဲ ... တစ်ခွက်က ရေများသွားလို့၊ တစ်
က မှောက်ကျသွားလို့၊ ဒီတစ်ခွက်ကိုတော့ မောင်အသက်နဲ့
ကာကွယ်လာခဲ့ရတာလေ"

မောင်က အချွေအရံတွေ မြောက်များစွာနဲ့ နေထိုင်လာ
သူပါ။

တုအပေါ်ကျတော့ ပျော်ရွှင်တက်ကြွစွာ လုပ်ဆောင်
သည်။

မောင့်အချစ်တွေက ကြီးကျယ်ခမ်းနားလွန်းနေ၏။

သူမ အနားလာပြီး ပွေ့ထူပေးနေ၏။

မောင် တယုတယ။

အမေ နေမကောင်းဖြစ်တာကိုပင် မောင် မေ့လျော့
သည်။

ဖိုးလပြည့်စာပေ



"ကော်ဖီသောက် ... ပြီးရင် မောင်တို့အပြင်ထွက်ပြီး ညစာ
စားကြမယ်၊ တုကို ကားမောင်းကျင့်ပေးမယ် ... မောင် စိတ်မချဘူး၊
ဆု ပင်ပန်းနေလား"

"ဟင့်အင်း ... ကားမောင်းရတာ ပျော်တယ်၊ ညစာလည်း
အပြင်မှာသွားစားကြမယ်လေ နော် ... မောင် ... "

"ကောင်းပါပြီဗျာ ... တုလေး ဖြစ်စေချင်တာတွေ ဖြစ်စေ
မယ်၊ ကျေနပ်ပြီလား"

"အင်း"

မောင်က တုကို ပွေ့ဖက်ထားပြန်သည်။

တော်ပြီကွာ ...

ရေချိုးတော့မယ်ဆိုပြီး မောင့်ရင်ခွင်ထဲက ရုန်းထွက်ပြစ်
လိုက်၏။

မောင်က တဟားဟား ရယ်နေပြီး ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

"ငါ သွေးတက်ပြီး သေတော့မယ် အိရယ် ... လူပါးဝလိုက်တာနော်၊ ကြည့်စမ်း ... ကားဟွန်းသံကို တမင်အကျယ်ကြီး တီးနေတာဟဲ့"

ဒေါ်မေသက် ဒေါသတွေနှင့် ပေါက်ကွဲလာတော့မည့်စိတ်ကို အနိုင်နိုင် ထိန်းချုပ်ထားရသည်။

မအေ နေမကောင်းဘူးဆိုတာတောင် လာမကြည့်ဘဲ မိန်းမတိုတော့ ကားအသစ်ဝယ်ပေးပြီး အပျော်တွေ ဆိုက်နေကြသည်။

"အစ်ကိုလေးကို ခေါ်ပေးရမလား မေမေကြီး ... "

"မခေါ်နဲ့ နေပါစေ၊ မိန်းမကို ကော်ဖီကိုယ်တိုင်ဖျော်ပေးတယ် ဟုတ်လား ... ငါ့သားတွေ ဘယ်လိုဖြစ်ရတာလဲ၊ ဘာမဟုတ်တဲ့အောက်တန်းစားမိန်းမတစ်ယောက်အတွက်များ"

ဒေါ်မေသက် မဖြေနိုင်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ကားက ပြန်ထွက်သွားသံ ကြားသည်။

"အိ ကြည့်စမ်း ... ဘယ်သူလဲ၊ ဒင်းတို့ ထွက်သွားကြပြန်ပြီ လား"

"ဟုတ်တယ် မေမေကြီး ... ကားအသစ်နဲ့လေ"

အိကလည်း မေမေကြီး ဝင့်လည်နေတာကို ကြိတ်၍ သဘောကျနေမိသည်။

မမပုံတုန်းက မေမေကြီး ရက်စက်ခဲ့တာပဲ။

ရောဂါဝေဒနာတွေ ခံစားနေရတာပင် ဆေးခန်းမပို့ခဲ့။

မေမေကြီး သတ်တာပဲ။

"တောက် ... ဒင်းက မတန်မရာလာပြီး မိုလ်ကျနေတာပဲ ငါ့အသည်းကို မီးဖြိုက်ခံနေရသလိုပဲ ... ဆားနဲ့အပက်ခံရသလိုပဲ ဒင်းကို အသေသတ်ပြစ်ချင်လာပြီ"

မေမေကြီး ဝင့်ပြန်လည်တာလေဟု အိပြန်ပြောချင်သည်။

ဒေါသကြီးတဲ့ မေမေကြီးကိုတော့ အိကြောက်မိ၏။

မမတု အနိုင်ယူပြတာ အိတော့ကြိတ်ပြီး ထောက်ခံမိနေသည်။

"အိ"

"ရှင်"

"ငါ့နားကို ဝွမ်းဆို့ပေးစမ်း၊ ဒင်းတို့အသံတွေ မကြားချင်လို့"





"ဟုတ်ကဲ့ ... "

မေမေကြီးအဖြစ်ကို ကြည့်ပြီး အိ ရယ်ပြစ်ချင်သည်။

မမတု မှန်တယ်။

ဆင်းရဲသားတွေကို နှိမ်ချင်တဲ့မေမေကြီး။

အိကလည်း မေမေကြီး ခိုင်းစေတဲ့အတိုင်း ဝွမ်းဆို့ပေးလိုက်၏။

အတ္တကြီးလွန်းတဲ့ မေမေကြီးရဲ့ဝေဒနာက မုန်းတီးစရာကောင်းနေသည်။

"နင် သွားတော့ ... ဟိုဟာမ ပြန်လာရင် ခိုင်းနေဦးမယ်၊ အိပ်တော့ ကြားလား ... "

"ဟုတ်ကဲ့"

အိ ထွက်သွားသည်။

ဒေါ်မေသက် တစ်ယောက်ထဲ တုန့်ရှိုင်းစံအား ပြစ်ပြစ်နှစ်နှစ် ဆဲဆိုပြစ်နေမိသည်။

"အောက်တန်းစားမ ... အဆင့်ကိုမရှိ ပိုင်းလုံးမ ... နင်နဲ့ငါ့ သား တူတန်လို့လား၊ အစုတ်ပလုတ် ကောင်မ"

ဒေါ်မေသက် အိပ်လို့ပင်မရ။

နားထဲမှာ ဝွမ်းဆို့ထားသဖြင့် သားတို့ပြန်ရောက်လာတာပင် မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ ငွေ့ဆီကနေ ဖုန်းလာသည်။

"မမမေ ... တွေ့ပြီ၊ ဘယ်လိုလဲ လာကြည့်မလား"

"အင်း ... ကြည့်မယ်၊ အတော်ပဲငွေ့ရယ် ... မမတော့လေ သေတော့မယ်၊ ဒေါသတွေဖြစ်ရလို့လေ ... ငွေ့ရေ အမှန်အကန်ရှေ ဖြစ်ရဲ့လားကွယ်"

"မမမေ ကြည့်လိုက်လေ၊ မိဘတွေက နိုင်ငံခြားမှာ၊ ကောင် မလေးက ပထမနှစ်လေ ... နည်းပညာကောလိပ်တက်နေတယ် နေတာက သံလွင်လမ်းမှာပါ မမ"

"ဟယ် ... ကောင်းလိုက်တာ၊ စောစောထဲက အဲဒီလိုဟာ မျိုးလေးကို ရှာရမှာ၊ မမ အခုပဲ လာတွေ့မယ်ငွေ့"

"ဟုတ်ကဲ့ ... တွေ့နေကျ စားသောက်ဆိုင်လေးကို လာ နော်"

"အေး ... အေး"

အဆင်ပြေလိုက်တာ။

တုန့်နှိုင်းစံထက် မြင့်တယ်။

ဒေါ်မေသက် ပျော်သွားပြီး ဝတ်စားပြင်ဆင်၍ အပြင်ထွက် လာသည်။

တုန့်နှိုင်းစံကလည်း ကားနှင့်အပြင်ထွက်ရန် ပြင်နေ၏။

သားက ကျန်ရစ်သည်။





"အန်တီမေ ... ဘယ်သွားမလို့လဲ၊ တုလိုက်ပို့ပေးရမလား၊ ဒီမှာ မောင်ဝယ်ပေးတဲ့ကားလေးကို ကြည့်ပါဦး ... တုစိတ်တိုင်းကျ ရွေးဝယ်ထားတာလေ ... မောင်က တုအတွက် လုံးချင်းတိုက်ကြီး တောင် ဝယ်ပေးတာ ... တုက လက်ခံဖို့စဉ်းစားနေတုန်းလေ"

"ဘာပြောတယ်"

"တက်လေ ... ဘယ်သွားမလဲ၊ တုလိုက်ပို့ပေးမယ်"

"ညည်းမောင်းတာ မစီးရဲပါဘူး၊ ကျုပ်မှာ ကားရှိတာပဲ ... ဒိုင်ဘာနဲ့ပဲ သွားမယ်"

သားက လုံးချင်းတိုက်ကြီးတောင် ဝယ်ပေးတာတဲ့။

သားနှစ်ယောက်လုံးဆီမှာ သူ့အဖေဘက်က ပေးထားတဲ့ ငွေတွေ ရှိထားကြသည်။

သားကြီးတုန်းကမှ အမေကို ငဲ့ညှာထောက်ထားသေး ယ်။

မဖြစ်ဘူး ... မဖြစ်ဘူး။

ကြာရင် ဒင်းလက်ထဲ အကုန် ရောက်တော့မယ်။

ပညာအတတ်ဆုံးနဲ့ အစွမ်းအစအရှိဆုံး သားငယ်က တုန့်နှိုင်းစံ ိုရှ်ပင် စွဲလမ်းနှစ်သက်နေသည်။

"မောင်ချို ... မြန်မြန်မောင်းတော့၊ ကြာရင် ငါကိုယ်တိုင် ားကို မီးရှို့ပြစ်မိတော့မယ် ... ပိုင်းလုံးမ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီး"

"ဘာလဲ"

"သားကြီးလို အဖြစ်ခံမလို့လားဗျာ ... မေမေကြီးဘက်ကပဲ စိတ်လျှော့ပေးလိုက်ပါ"

"နင်က ဘာသိလို့ ဆရာလာလုပ်နေတာလဲ ... ငါ့ဘက်က မလျှော့ဘူး အပြုတ်တိုက်ပြစ်မယ်"

ဒေါ်မေသက် ဟောက်ပစ်လိုက်သဖြင့် ဒရိုင်ဘာမောင်ချို ငြိမ်သွားသည်။

ဘယ်တော့မှ မလျှော့ဘူး။

အောက်တန်းစားမကို ချွေးမအဖြစ် လက်ခံရမလား။

ဝေးသေးတယ် ...

တုန့်ငင်းစံကို မောင်းထုတ်ပြစ်ရမယ်။

စားသောက်ဆိုင်ရောက်တော့ မငွေကိုတွေ့မှ အမောပြေ သွားသည်။

"ဒီကလေးမလေ ... လာဘ်တဲ့ ... ဟိုလေ ... လာရော ဘကုံးသတ်တာ လာဘ်လာဘဆိုတဲ့ သဘောပဲ"

"လာဘ်တဲ့လား"

"ဟုတ်ကဲ့ပါ"

ကောင်မလေးက ယယ်လည်းငယ်၊ ချောလည်းချောတာ





ငင်းအိနေတာပဲ။

ဒေါ်မေသက် သဘောကျသွားမိသည်။

"သူလေးက ငွေ့ဆီအကောင်းဆုံး အိမ်ထောင်ဘက် ရှာနိုင်းအားတာလေ ... မမမေ ပြောတာနဲ့ အတော်ပဲဖြစ်သွားရတယ်၊ မမေ သားအကြောင်း ပြောပြတော့ ယောကျ်ားလေးဘက်က ခြေအနေကို အရမ်းသဘောကျတယ် ..."

"မေမေကြီးက သားကို အောက်တန်းစားမိန်းမတစ် ယောက်နဲ့တော့ လုံးဝသဘောမတူနိုင်ဘူး ... မေမေကြီး ချွေးသား မြေးတွေကအစ အဆင့်အမြင့်ဆုံးချွေးပဲ ဖြစ်စေချင်တယ်"

"လာဘ်ကလေ အစောကြီးထဲက ကြိုတင်အပ်ထားခဲ့တာပါ၊ မ်တီငွေက တော်တယ်လေ ... အခုချက်ချင်းကြီးဆိုတော့ ကြာက်သွားပြီ၊ ဟိုလေ ... အန်တီ့သားငယ်က မိန်းမနဲ့ဆိုတော့"

"ကွဲစေချင်တာ ... သားကို သမီးလေးက ဖြားယောင်းမြူ ယ်လေ၊ ညည်းလေးဘဝပဲ အားတော့နာပါတယ်ကွယ် ... သမီး လို အဆင့်အတန်းလေးကို သမီးကချောတယ်၊ အသားလေး ဖြူဝင်းအိနေတာပဲ"

"လျှော့မတွက်နဲ့နော် မမမေ ... လာဘ်စီးလာတဲ့ကားက ..."

"ဟယ် ... ဟုတ်လား၊ သမီးကိုယ်တိုင် မောင်းလာတာ



www.burmeseclassic.com

www.burmeseclassic.com



လား"

"မဟုတ်ပါဘူး ... ဒရိုင်ဘာနဲ့ပါ"

"အေးကွယ် ... သားငယ်ကို အစောကြီးထဲက အဲဒီလိုရှာပေးရမှာ၊ ငယ်လည်းငယ် ချောလည်းချော၊ ပိုက်ဆံလည်းချမ်းသာတဲ့ ပညာလည်းတတ် ... ငွေရယ် ကျေးဇူးတင်လိုက်တာ"

"မမရေ ... နောက်မှပျော်၊ လောလောဆယ် သားနဲ့ဘယ်လို ဆုံပေးမလဲ၊ တိုင်ပင်ဦး ... "

"မမမေက ပေါ်တင်ကြီးလုပ်လို့တော့ မဖြစ်သေးဘူး၊ သမီးလေးက သားနဲ့ဆုံဖြစ်အောင် ကြိုးစားလေ ... အန်တီ့သားရှိတဲ့နေရာကို လိုက်ပြမယ် ... သမီး ကြည့်ထားလေ"

"ဟုတ်ကဲ့ ... လာဘ်က လူကို တွေ့ချင်ပါသေးတယ်၊ လူမြင်ပြီးမှ လာဘ်ခံစားလို့ရမလား ပြောမယ်လေ"

"ကြည့်ပါကွယ် ... အန်တီ့သားငယ်က အရမ်းခန့်ညားချောတယ်"

လာဘ်ဆိုတဲ့ ကောင်မလေးက မဆိုးဘူး။

ငွေကြေးဥစ္စာ ပြည့်စုံသူလေးပဲ။

မိဘတွေကလည်း နိုင်ငံခြားမှာ လုပ်ငန်းရှင်တွေတဲ့။

ဒေါ်မေသက် သဘောအကျကြီး ကျသွားရသည်။

သားရှိနေတဲ့ ကုမ္ပဏီကိုခေါ်သွားပြလိုက်၏။





လာဘ် အရမ်းနှစ်သက်သဘောကျသွားသည်။

"ဘယ်လိုလဲ လာဘ် ... မမေကြီးသားငယ် မချောဘူးလား"

"အင်း ... အရမ်းကို ခန့်ညားချောမောတဲ့ ကိုကိုပဲ၊ လာဘ်ကြိုက်သွားပြီ ... ကိုကို့ကို အရယူရတော့မယ် ထင်တယ်"

"တုန်နိုင်းစံဆိုတဲ့ မိန်းမနဲ့ ကွာရှင်းစေချင်တယ်၊ မောင်းထုတ်ဖြစ်ချင်တယ် ... နိမ့်ကျတဲ့ မိန်းကလေးတစ်ယောက်ကို မမေကြီးချွေးမအဖြစ် လုံးဝလက်မခံနိုင်ဘူး၊ လာဘ်လေး ကြိုးစားပါ၊ သားငယ်က လာဘ်လေးကို နှစ်သက်စွဲလမ်းသွားရင် ဒင်းနဲ့ကွာရှင်းပြီး သားနဲ့လက်ထပ်ပေးမယ်၊ ပြီးတော့ ... အမွေတွေအားလုံး လွှဲပေးမယ်"

"အမွေတွေကတော့ စိတ်ဝင်စားစရာ မကောင်းပါဘူး၊ ကိုကိုက လာဘ်ရဲ့နှလုံးသားကို လာထိတယ်၊ ကြိုက်သွားပြီလေ ... "

"လာဘ်လေး ကြိုးစားနော်"

"စိတ်ချ"

လာဘ်လေး ပြန်သွားတော့မှ မငွေက ဒေါ်မေသက်ထံမှ အားခ တောင်းသည်။

"မမေ ... ကတိအတိုင်းနော်၊ လာဘ်လေးအခြေအနေကို ကြိုက်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ် ငွေရယ် ... အစောကြီးထဲက ဒီလိုဖြစ်ရမှာလေ"

"ငွေအတွက်"

"ပေးမယ် ပေးမယ် ... လုပ်ငန်းအောင်မြင်ရင် ဘောက်ဆူးထပ်ပေးဦးမယ်ငွေ"

ငွေ တောင်းတဲ့ပိုက်ဆံကို အလွယ်တကူပဲ ထုတ်ပေးလိုက်သည်။

"လာဘ်လေးက မဆိုးပါဘူး၊ မမမေ သဘောကျတယ်၊ သားနဲ့ဖြစ်သွားပါစေ ... "

ဒေါ်ငွေကတော့ ရသမျှငွေတွေယူပြီး လာဘ်နှင့်ချိန်းထားတဲ့နေရာ ပြန်လာသည်။

"ဘယ်လိုလဲ အန်တီငွေ ... ဝီပြင်တယ် မဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ဒီအဖွားကြီး အတ္တကြီးလွန်းတယ်၊ တမင်လုပ်ပြစ်တာ၊ မှတ်လောက်သားလောက်အောင်လေ"

"လာဘ်လည်း အဝီအပြင်လုပ်မယ်၊ ကိုကိုက ချောလိုက်တာ တကယ့်ကို ယောက်ျားပီသတယ်"

လာဘ်က နာမည်တွေ အများကြီးပဲ။

ချောမောတောင့်ဖြောင့်တာကတော့ လာဘ်ရဲ့ ပါရမီ။

"ဒီအဖွားကြီးက ယုံတာပဲ ... "





"သူများအပေါ် ဒုက္ခရောက်စေချင်တာလေ ... လာဘ်ကတော့ အပိုင်ချည်ရမှာပဲ"

လာဘ်က ဒေါ်ငွေ့တူမ ဝမ်းကွဲပါ။

မိဘက ဆင်းရဲသည်။

နည်းပညာတက္ကသိုလ်တက်နေတယ် ဆိုတာလည်း မဟုတ်သေး။

လမ်းပေါ်က မိန်းကလေး။

"ကိုကို အပဲ ... အရမ်းချောတဲ့ယောက်ျားတစ်ယောက်ဘဲဆံကလည်းချမ်းသာ၊ လာဘ်တော့ ပွပြီပဲ ... "

"နိုင်ပွဲရင် အန်တီငွေ ကျေးဇူးကိုလည်း မမေ့နဲ့နော် လာဘ်"

"အန်တီငွေကိုတော့ အထူးသီးသန့် ကျေးဇူးဆပ်မှာ"

"ဒေါ်မေသက် ယောက်ျားဘက်က အရမ်းချမ်းသာတာ၊ ... လေးတွေမှာ သီးသန့်အမွေပစ္စည်းတွေပဲ အများကြီးရထားတယ် ... အန်တီငွေလည်း အပိုင်ချိုင်ဖို့ အကွက်တွေ့သွားတာပဲ၊ ... ဆင်းရဲသားတွေဆို အရမ်းနှိမ်ချဆက်ဆံချင်တယ်၊ အန်တီငွေ ... င် ဟန်ကောင်းလို့လေ ... "

ဒေါ်ငွေ စိတ်ထဲမှာလည်း ဒေါ်မေသက်နှင့်ပတ်သက်ပြီး နာ ... ည်းစရာ ရှိနေခဲ့သည်။

မိမိကို စတွေ့ချင်း အထင်သေး အမြင်သေးနှင့် မယုံမကြည်



www.burmeseclassic.com

www.burmeseclassic.com



စကားတွေပြောခဲ့ဖူး၏။

စိတ်ထဲမှာ တေး၍ မှတ်ထားသည်။

"တုန္နိုင်းစံ အစ်မတုန်းက မတရားလုပ်တာလေ၊ ကောင်မလေး သေသွားရတယ်"

"လာဘ်နဲ့တွေ့ပြီလေ ... လာဘ် ဗိုဗိုရိုရို လှုပ်ရှားပြမယ်"

ကိုကိုနှင့်တွေ့ဆုံဖို့ လာဘ် အရမ်းပဲ စိတ်လှုပ်ရှားနေမိသည်။

လာဘ်ကို အတည်မယူရင်တောင်မှ လာဘ် သူ့ချွေးမလေး ဖြစ်ချင်တယ်။

ဘဝက ရုပ်ချောတာတစ်ခုပဲ ကံကောင်းခဲ့၏။

အဖေက လမ်းဘေးမှာ ဈေးရောင်းရတယ်။

အမေ့ဘက်က နည်းနည်းတော့ ပိုက်ဆံရှိတယ် ပြောတာပဲ။

"ကိုကို့ကို ဘယ်လိုတွေ့အောင်လုပ်ရမလဲ ... အန်တီငွေ အကြံဉာဏ်ပေးပါဦး"

"လာဘ် လုပ်တတ်ပါတယ်၊ ဒါတွေက ရိုးနေပါပြီ ... ကောင်မလေး အပီအပြင်လုပ်"

"စိတ်ချပါ"

လာဘ်ကတော့ အကြီးအကျယ် ပွပေါက်တိုးသွားသည်။

အစီအစဉ်တွေအားလုံးကို အန်တီငွေက စီစဉ်ပေးခဲ့၏။

ကားငှားတာတွေရော လာဘ်အတွက် အပြင်အဆင်တွေ





ရော အားလုံး အပီအပြင် ဖြစ်သည်။

"နည်းနည်းလေးမှ မမှားယွင်းစေနဲ့နော် လာဘ် ... အန်တီငွေလည်း ငွေထုပ်ပိုက်ပြီး လစ်တော့မယ်၊ ပွဲစားဘဝက ကျွတ်အောင် ကြိုးစားရမယ်'

မိမိလည်း မလုပ်ချင်တော့ပါဘူး။

ငွေထုပ်ပိုက်ပြီး အေးအေးဆေးဆေး နေထိုင်ဖို့ စဉ်းစားထားသည်။

"ဟုတ်ပြီ ... ဒီညနေပဲ ကိုကိုနဲ့ဆုံမိအောင် လုပ်ရမယ်၊ လာဘ်တော့ အရမ်းတွေ့ချင်နေပြီ ... အဟိ ... ဒီလိုယောက်ျားတစ်ယောက်နဲ့သာ အတူနေရရင် သေပျော်ပါပြီ၊ အရမ်းချော အရမ်းခန့်တယ်"

လာဘ် စိတ်ကူးတွေယဉ်ပြီး ရင်တွေခုန်နေသည်။ ကံကောင်းပြီး ဒီလိုခွင်ကောင်းကောင်းလေး တွေ့ရတာပဲ။ ကိုကို့ကိုပြစ်ကျသွားအောင် မြူဆွယ်မှဖြစ်မယ်။ လာဘ်ကိုယ်တိုင်က စွဲမက်စရာ အလှတွေ ပိုင်ဆိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"မောင်ရေ ... တု ငါးဟင်းမစားတတ်ဘူး၊ အရိုးတွေနွှင်ပေးပါလား"

တု ထမင်းပွဲမှာ တမင်အသံစာစာဖြင့် မောင့်ကို ချွဲနွဲ့ပြောနေသည်။

"ငါးဟင်းမစားတတ်ရင်လည်း တခြားဟင်းတွေရှိတယ်လေ သူ ... သားလက်တွေ အရိုးစူးကုန်မယ်"

"ငါးဟင်းလည်း စားချင်တယ်၊ ဘယ်လိုလုပ်ရမလဲ ... တုကို ငါးဟင်းချက်တိုင်း မမပုံက အရိုးနွှင်ပေးတတ်တယ်၊ တု ကြိုက်တော့ ကြိုက်တယ်"

"အိ လာနွှင်ပေးလိုက် ... "

"ကဲပါ ... မောင်ပဲ နွှင်ပေးပါ့မယ်၊ တု စားချင်ရင်လေ'

ယောက္ခမကြီးရဲ့မျက်စောင်းကြီးက သူမထံ ဆက်ခံနဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

နောက်ဆို တုတို့ကို ထမင်းဝိုင်းမှာ အတင်းခေါ်စားခိုင်း မဟုတ်တော့ဘူးလေ။

"ညည်း ... အမေရှေ့မှာတောင် ဘာဖြစ်လို့ ငါ့သားကိုနိုး နေရတာလဲ တုန့်နိုင်းစံ ... နည်းနည်းပါးပါး ဆင်ခြင်ပါဦးအေ"

"မေမေ"

"မင်း အသာနေစမ်းပါ ... သားယောကျ်ားလေး ယောက်ရဲ့ ဘုန်းကံဆိုတာရှိသေးတယ်လေ၊ မင်း ဘာဖြစ်လို့ အ ရှေ့မှာတောင် မရှောင်ဘဲ နိုင်းနေရတာလဲ"

"တော်ပါတော့မေမေရာ ... လင်မယားဆိုတာ ယောက်ကိုတစ်ယောက် သာတယ်နာတယ်မတွက်ဘဲ လုပ်ကိုင် ကြရတာပဲ"

တု ဆတ်ခနဲထပြီး ထမင်းဝိုင်းကနေ ထွက်လာခဲ့မိသည် အိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။

မောင့်ကို စွန့်လွှတ်ပစ်ဖို့ အချိန်တန်ပြီဟု တု ထင်သည် ဘာဖြစ်လို့လဲဆိုတော့ မောင့်ရဲ့အချစ်တွေကို တု မခံစား ၍ပဲဖြစ်သည်။

မောင်က နောက်မှလိုက်လာပြီး သူမအား ပွေ့ဖက် မော့လိုက်၏။





တု ခပ်ကြမ်းကြမ်းပဲ တွန်းဖယ်ရုန်းထွက်ပစ်သည်။

"ဖယ်ပါ ... တုအသားကို မထိနဲ့၊ မောင့်အမေက ဒီလိုလင် မယားကြား ဝင်ပြောစရာလိုလို့လား၊ ကြည့်ပါဦး ... မညာမတာ တုကို အမြဲတမ်း နှိမ်ချဆက်ဆံချင်နေတယ်"

"မောင် တောင်းပန်ပါတယ် တုရယ် ... မေမေက လူကြီးဆို တော့ မျက်စိနောက်တာပါ၊ ကဲ ... ထ၊ မောင် အရိုးနှင်ပေးမယ်၊ တု စားလေ ... ဘာမှလည်း မစားရသေးဘဲ ထသွားရတာ"

"ဖယ်ပါ ... ရှင့်အမေက တုကို နှိမ်ထားချင်တာ၊ တုပြော ထားသားပဲ ... တုကို လာနှိမ်လို့ မခံဘူးလို့ ..."

"ဟုတ်ပါတယ် ... တု မမှားပါဘူး၊ မောင် မေမေ့ကိုပြောပါ့ မယ်၊ တု ဘာမှမစားရသေးဘူးလေ ... ဒါကြောင့် ... မောင်တို့အိမ် ခွဲနေမယ်လို့ ပြောတာလေ"

"တစ်ယောက်ထဲ မနေရဲလို့ပေ့ါ၊ ယောက္ခမအိမ်မှာကပ်နေ တာမှ အပြောအဆိုခံရတယ်၊ တော်ပြီ ... အိမ်ခွဲနေတော့မယ်"

"တုသဘောပါပဲကွာ ... ကောင်းတယ်၊ မောင် ဝယ်ထားတဲ့ ခြံကြီးမှာသွားနေကြမယ်၊ တု လက်ခံလိုက်နော် ..."

မောင့်ကို တုမချစ်နိုင်ဘဲ ဆက်ပြီး သောကတွေရောက် အောင် မလုပ်ချင်တော့ပေ။

မောင့်ကို အကြောင်းရှာပြီး ကွာရှင်းပစ်မယ်လို့ စိတ်ကူးမိ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း တုတွေဝေတွန့်ဆုတ်နေမိသည်။

သံယောဇဉ် တွယ်နေပြီလား။

မောင့်အမေနှင့်ဝေတဲ့နေရာမှာ သွားနေဖို့ တု ဆုံးဖြတ်လိုက်တာ့ မောင့်အပေါ် မပြတ်သားနိုင်ခြင်း ဖြစ်၏။

မောင်က တုဆံပင်လေးတွေကို ဖွဖွလေး နမ်းသည်။

"တုပဲ မေမေ့ကို နားလည်ပေးနိုင်တယ်ဆို ... ပြောပါဦး တုဆန္ဒက မောင့်ဆန္ဒပါပဲကွာ၊ ဒီနေ့ပဲ ပြောင်းကြမယ် ... ရှုပ်ပါတယ် ကွာ၊ အခုပဲ ပြောင်းနေကြမယ်"

မောင်က တုအတွက်ဆို ဖြည့်စွမ်းပေးဖို့ အဆင့်ပါပဲလား

မောင့်အချစ်တွေကို တုအသိအမှတ် ပြုရမလို ဖြစ်နေသည်

တုလေ မောင့်ကို သာမန်တုနဲ့ ဘဝတူ ယောကျ်ားတစ် ယောက်ပဲ ဖြစ်စေချင်ပါတယ်။

နှစ်ယောက်အတူတူ ရုန်းကန်တည်ဆောက်လိုသည်။

"တုကို မောင် ချစ်တယ် ... ဝေးသွားရမှာ မောင် အစိုးရိမ် ဆုံးပဲ ... မောင့်ကို ကတိပေးစမ်းပါ တုရယ် ... မောင်နဲ့ဘယ်တော့ မှ မခွဲပါဘူးလို့ ... "

တုက ကွဲကွာဖို့ ကြံစည်နေသည်။

လက်ထပ်ထဲက ကွာရှင်းဖို့ စဉ်းစားထားခဲ့၏။

တု အချောင်သမား မဖြစ်ချင်ဘူး။





မမပုံ အတွက်ပဲ တုရဲ့ဘဝကို စတေးပြစ်ခဲ့တာပါ။

မထင်မှတ်ဘဲ တု နှောင်တရလာသည်။

မောင်နှင့်ဝေးရမှာ တုလည်း ကြောက်နေမိသည်။

"မောင် ကုမ္ပဏီကို ဖုန်းဆက်လိုက်မယ်နော် တု ... "

"မပြောင်းတော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲတု"

"ဒီမှာပဲ နေတော့မယ် ... မောင့်အမေကိုသာ မောင်ပြော သားပေး ... "

"ပြောင်းကြရအောင်ပါ တုရယ်နော် ... မောင်တို့အိမ်ထောင် ရေး ခိုင်မြဲအေးချမ်းဖို့ဆိုတာ သီးသန့်နေထိုင်သင့်ပါတယ်"

တုကတော့ မောင့်ကိုကွာရှင်းပြတ်စဲဖို့ပဲ ဆုံးဖြတ်ထား၍ သီး သန့်နှစ်ယောက်ထဲ မနေလိုပေ။

တု စာမေးပွဲပြီးတာနှင့် မောင့်အနားကနေ တု ထွက်သွား ည်ဖြစ်သည်။

"မောင့်မေမေ ... အရမ်းပေါက်ကွဲသွားလိမ့်မယ်၊ ထားလိုက် တော့ ... တု ကျောင်းသွားဖို့ ပြင်တော့မယ် ... ဖယ်ပါ ... "

သော်လည်း ခက်နေသည်။

မေမေကတစ်မျိုး တုကတစ်မျိုး မေမေ စိတ်ထိခိုက်ကြေကွဲ ရတာလည်း သော် စိတ်မကောင်း ဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်တော့ဘူး။

တကို မမပုံလို အဖြစ်မျိုး မဖြစ်စေချင်။

မေမေနှင့်အနီးကပ် မနေချင်ဘဲ ဖြစ်နေသည်။

တ ပြင်ဆင်ပြီး ကျောင်းကိုထွက်သွားတော့ မေမေက [illegible] အခန်းထဲ ရောက်လာသည်။

“သားကို မေမေ သတိပေးတာပါ ... မင်းမိန်းမက မေ[illegible]ကို အမုန်းတွေ အရမ်းများနေပြီထင်တယ်၊ မေမေ့သားတွေကို အ[illegible] သခင်လို တယုတယ တမြတ်တနိုးထားနေတာလေ၊ မေမေ့ရှေ့[illegible] သားငယ်လုပ်နေတာ၊ မေမေ ရင်ကျိုးရပြီ”

“သားက အိမ်ထောင်ရှင် ဖြစ်သွားပြီလေ ... မေမေက ဆို[illegible] ဆိုင်တော့တာလေ ... မပိုင်တော့ဘူး၊ သားတို့ အိမ်ထောင်[illegible] အဆင်ပြေအောင်ပဲ ... မေမေ နားလည်ပေးပါ ... ”

“ဘာပြောတယ် သား ... ”

“သားကို ခွင့်လွှတ်နားလည်ပေးပါလို့ တောင်းဆိုတာပါ၊ အ[illegible] မဟုတ်လည်း သားတို့အိမ်ပြောင်းနေပါ့မယ်”

မလွှယ်ပေ။

သားငယ်က ဟိုဟာမမှ ဟိုဟာမ ဖြစ်နေသည်။

ငွေ့ကို ဖုန်းဆက်ရမယ်။

လာဘ်လေးကိုရောပဲ။





အမြန်ဆုံး ကြံစည်ပါတော့။

အဆင့်မရှိတဲ့ ဟာမကိုတော့ ချွေးမအဖြစ် လက်မခံနိုင်ဘူး။

“အိမ်တော့ မပြောင်းပါနဲ့သားရယ် ... မေမေပဲ ခွင့်လွှတ်[illegible]ည်းခံပေးပါ့မယ် ... အမေဆိုတာ အစားပြန်မရနိုင်ဘူးနော်သား”

“သိပါတယ်မေမေ ... တကိုလည်း သားဘယ်လိုမှ မစွန့်[illegible]တ်နိုင်ပါဘူး၊ မေမေ နားလည်ခွင့်လွှတ်ပေးပါဗျာ”

မေမေ့ကို သည်းခံနားလည်ပေးစေရန်ပဲ သော် ပြောနေမိ[illegible]ည်။

တ မျက်နှာလေးပျက်နေတာပင် သော် မနေတတ်။

ချစ်သူ မျက်နှာလေး ကြည်လင်စေရန် သော် ဘယ်အလုပ်[illegible]ကိုမဆို လုပ်ပေးချင်ခဲ့၏။

မေမေ့ကိုပဲ ဖြောင်းဖျနှစ်သိမ့်ရင်း သူလည်း ကုမ္ပဏီကို ထွက်[illegible]ခဲ့သည်။

သူ့ကားပေါ်က အဆင်းမှာ ကောင်မလေးတစ်ယောက်နှင့် [illegible]တိုက်မိသွား၏။

ကောင်မလေးက ဝင်တိုးတာပါ။

လဲပြိုကျသွားတော့မလို ဖြစ်သွား၍ သူ့လက်တွေနှင့် ထိန်း[illegible]ပေးရသည်။

“အို ... ကျေးဇူးပါပဲ ကိုကို ... အမလေး တော်ပါသေး[illegible]၊



www.burmeseclassic.com

www.burmeseclassic.com



လာဘ်လည်း လောလော လောလောနဲ့ အရေးတကြီးကိစ္စရှိလို့လေ”

“ရပါတယ်”

သူ ကုမ္ပဏီထဲဝင်လာတော့ ကောင်မလေးလည်း လိုက်ဝင်လာသည်။

ချောချောမောမော တောင့်တောင့်ဖြောင့်ဖြောင့် ကောင်မလေးပဲ။

သော်က မိန်းကလေးတွေကို စိတ်ဝင်စားတတ်သူတစ်ယောက် မဟုတ်တော့ အကြည့်ကို ချက်ချင်း လွှဲပြစ်လိုက်သည်။

ဓာတ်လှေကားထဲဝင်တော့လည်း ကောင်မလေးနှင့်နှစ်ယောက်ထဲ ဖြစ်နေ၏။

ကောင်မလေးက ပြုံးပြသည်။

“ကိုကို”

“ဟင်”

“ဘယ်အထပ်မှာလဲဟင်”

“ပဉ္စမထပ်မှာပါ”

“ကျွန်မနာမည်က လာဘ်ပါ ...”

“ဪ”

“ကိုကို့နာမည်က ကိုသက်ပိုင်သော် မဟုတ်လား”





“ဟင် ... မင်းက ကိုယ့်နာမည်ကို ဘယ်လိုလုပ်သိနေတာပဲ”

သူ့ကို တရင်းတနှီးနှင့် ကိုကိုဟုပင် ခေါ်နေသေးသည်။

ဘယ်လိုကောင်မလေးလဲ။

သူကတော့ ရှုပ်ရှုပ်ယှက်ယှက်အဖြစ်မခံနိုင်၍ မျက်နှာထားတည်ထားလိုက်၏။

သတိထားရမယ်။

ကောင်မလေးက ရယ်သည်။

“ကိုကို့လို ခန့်ညားချောမောတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ...ည်ဂုဏ်သတင်းက မိန်းကလေးတွေရဲ့ကြားမှာ ထင်ရှားတယ် ...”

ကိုသက်ပိုင်သော်က တကယ်လည်း ယောကျ်ားပီသစွာ ...မောလှပလွန်းသည်။

လာဘ် ... ကြိုက်သွားပြီ။

အရယူမယ်။

ကုမ္ပဏီပိုင်ရှင် သူဌေးကိုကိုနဲ့လက်ထပ်ပြီးရင် ဟိုအတွက်ကြီး ...နေတဲ့ အဖွားကြီး ဘာတတ်နိုင်မှာလဲ။

“လာဘ်က လေးထပ်မှာရှိတဲ့ ဦးလေးကုမ္ပဏီကိုလာတာပါ။ ...ကို သိနေတာကြာပြီလေ ... လာဘ် နည်းပညာတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



မှာတက်နေပါတယ်၊ ကိုကို့ကုမ္ပဏီမှာ အတွင်းရေးမှူးမလေး မလို ဘူးလားဟင်”

“မလိုပါဘူး ... ကိုယ့်ကုမ္ပဏီ အခုမှ အစပျိုးနေဆဲလေ”

“အခမဲ့ ကူညီမှာပါနော်”

“ကျေးဇူးပဲ”

သော် အကြည့်ကိုလွှဲပစ်၍ ခပ်တည်တည်နေပြစ်လိုက် သည်။

တ သိသွားရင် မလွယ်ဘူး။

ကောင်မလေးက သူ့အနား တိုးကပ်လာ၏။

သူက ဖယ်သည်။

“ကိုကို”

“မင်း”

“လက်ဆောင်ပေးတာ”

“ဘာ ... ဟော့ ... မင်းဘာလုပ်တာလဲ၊ ဘယ်လိုမိန်းကလေး လဲ”

“ချစ်လို့”

ကောင်မလေးက အရပ်မြင့်မြင့်လေးပဲ။

ဒေါက်ဖိနပ်ကလည်း အချွန်အမြင့်ကြီးစီးထား၍ သူ့အရပ်နှင့် တန်းတူဖြစ်ပြီး သူ့ပါးကို နမ်းရှိုက်သည်။





သော် အထိတ်တလန့်နှင့် တွန်းဖယ်ပြစ်ရင်း အပူရှိန်တွေ သော် ခန္ဓာကိုယ်တစ်ခုလုံး လောင်မြိုက်သွားလေသည်။

“မင်း ... မင်း ဘာလုပ်တာလဲ ...”

“သွားပြီနော် ... တာတာ့ ...”

“ဟာ ...”

ကြောက်စရာ လန့်စရာ ကောင်မလေးပါလား။

ငွေကြေးချမ်းသာတဲ့ အသိုင်းအဝန်းထဲက ကောင်မလေး ဖြစ်နိုင်သည်။

သော် စိတ်မဝင်စားပါဘူး။

တကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးမှ မချစ်ဘူး။

တအပေါ် သစ္စာရှိပြရမယ်။

မိန်းကလေးက သူ့ကိုမြူဆွယ် ဖြားယောင်းတာမျိုးလည်း ဖြစ်နိုင်သည်။

သူ စိတ်မဝင်စားမိစေရန် ကြိုးစားနေမိ၏။

ရုံးဆင်းတော့လည်း ထိုမိန်းကလေးက သူ့ကိုစောင့်နေ သည်။

“မင်း ဘာဖြစ်လို့ ကိုယ့်ကိုစောင့်နေတာလဲ ... ကိုယ်က အိမ်ထောင်ရှင်နော် ...”

“ကိုကို့ဇနီးက တုနှိုင်းစံ မဟုတ်လား ...”



www.burmeseclassic.com

www.burmeseclassic.com



"မင်း သိနေတာပဲ ..."

"အင်း"

"သိသိကြီးနဲ့များကွာ"

"ရိုးရိုးသားသားတောင် ခင်မင်လို့မရဘူးလား"

"မသင့်တော်ဘူးထင်တယ် ... ပတ်ဝန်းကျင်က ကဲ့ရဲ့စရာ ဖြစ်လိမ့်မယ်၊ မင်းလာပြီး မပတ်သက်ပါနဲ့တော့ ... တောင်းပန်ပါ တယ်"

"ကိုကို့ကိုချစ်လို့ လာဘ်ကို အပေါစားမိန်းကလေးလို့ မထင် နဲ့နော် ... မိုးပေါ်ကဆင်းလာတာ၊ ကိုကို့ကို မြင်မြင်ချင်း ချစ်မိသွား တာ ဘယ်လိုလုပ်ရမလဲ ..."

သူ ကားပေါ်သို့ အမြန်ဆုံးဝင်ထိုင်လိုက်သည်။

ကောင်မလေးက မလွှယ်ဘူး။

သူ့ကို သကြားလုံးလေးတစ်လုံး ခွာပြီး ပါးစပ်ထဲ အတင်းခွံ့ ကျွေးနေ၏။

ငြင်းလည်း အတင်းကျွေးမှာမို့ သူ လက်ခံလိုက်ရသည်။

"သွားတော့နော် ... အိပ်မက်လှလှလေးတွေ မက်ပါစေ"

သူ ဝေခါနဲ့နေအောင် ကားကိုမောင်းထွက်လာခဲ့မိသည်။

ဘယ်လိုကောင်မလေးလဲ။

ကြောက်စရာကောင်းအောင် ရဲတင်းနေ၏။





ရှောင်ရမယ် ...

တုနှင့်သူ့အိမ်ထောင်ရေးကို ဘယ်လိုအကြောင်းနဲ့မှ အထိ အခိုက်မခံနိုင်။

အိမ်ပြန်ရောက်တော့ တုရှေ့မှာ မလုံမလဲနှင့် တုမျက်နှာ ထားကလည်း တင်းတင်းမာမာ။

မေမေနှင့်များ ပြဿနာတက်လားဟု မေးတော့ ဒီလိုပါပဲဟု ပြောပြီး ငြိမ်သက်နေသည်။

"တု"

"ဟင်"

"ညစာ အပြင်ထွက်စားမလား"

"အိမ်မှာပဲ စားမယ်"

"မောင် ဘာလုပ်ပေးရမလဲ ပြောလေ ..."

"သွားပြင်ပေး ..."

မောင် ရောက်ရောက်ချင်းပဲ တမင်ခိုင်းပစ်တာပါ။

မောင့်မေမေက တုမမပုံအား ရက်စက်ခဲ့တာတွေကို အိက တစ်ဆင့် တု သိလိုက်ရသည်။

တုလုပ်ရပ်တွေကို ရပ်ပစ်တော့မည် လုပ်ပြီးမှ အိဆီက တင်းနှိုက်ရင်း သိလိုက်ရသည်။

မောင့်ကို ဘာဖြစ်လို့ အားနာနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အမေကို ထောင်ထဲပို့ပြစ်လိုက်လို့ရ၏။

မောင်က သူမကို နမ်းပြီး ထွက်သွားသည်။

"ညည်း ငါ့သားကို ဘာဖြစ်လို့ မညှာမတာ ခိုင်းနေရတာလဲ တုန့်နိုင်းစံ၊ ညည်း ... တမင်လုပ်နေတာ မဟုတ်လား"

ယောက္ခမကြီးက သူမအခန်းဝလာရပ်ပြီး မျက်နှာတင်းတင်း မာမာထန်ထန်ဖြင့် ဒေါသတကြီး ပြောသည်။

"အဲဒါ ... ကျွန်မတို့ လင်မယားကိစ္စပါအန်တီ ... သူ ကျေနပ်လို့ လုပ်ပေးတာပဲ ... ကျွန်မက အတင်းအကြပ် လုံးဝမခိုင်းပါဘူး မေးကြည့်ပါ ... "

"ညည်း ... ညည်း ယောက္ခမကို မလေးမစားနဲ့ အကျော လာမာပြနေတယ်၊ ဘာကောင်မလဲ ... "

အိ ပြောပြတဲ့အကြောင်းတွေကို ပြန်ပြောပြလိုက်ချင်ပေမယ့် အိကို ထိခိုက်သွားမှာစိုး၍ မပြောတော့။

တု ထင်သားပဲ။

မမ သေရတာ ဒေါ်မေသက် ပရောဂ မကင်းဘူးဟု ထင်ထားသည်။

"မမပုံကို အိ အရမ်းသနားတယ်၊ အားနည်းပြီး အရမ်းမောနေလို့ အကူအညီတောင်းတာ ... မေမေကြီးက ထွက်သွားတယ်"

ကြားကာစက ဒေါသတွေ ပေါက်ကွဲရပေမယ့် အိက ငိုယို





တောင်းပန်၍ တု သည်းခံနေလိုက်သည်။

"ကျွန်မတို့ လင်မယားကြားမှာ ဝင်စွက်ဖက်နေတာတွေ ရပ်ပေးပါ ... ကျွန်မက မမပုံလို ပျော့ညံ့တဲ့မိန်းမတစ်ယောက် မဟုတ်ဘူးနော်"

"ဘာအေ့ ... "

"ထွက်သွားပါ ... မောင်ပြန်လာတော့မယ်၊ ကျွန်မအတွက် ဆမင်းပွဲသွားပြင်နေတာလေ"

"တောက်"

အဖွားကြီး ထွက်သွားသည်။ တု ဟက်ဟက်ပက်ပက် ရယ်မောပြစ်လိုက်၏။ မမပုံအတွက် တု နှောင်တ မရနိုင်ပေ။ မောင့်ကို တော့ တု အရမ်းအားနာပါတယ်။ မောင်က ညစာ စားဖို့ လာခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

မောင့်အမေဖြစ်နေ၍ တုန့်ပြန်လိုတဲ့ စိတ်က ပျောက်ဆုံးသွားတတ်သလို မမပုံကို ရက်စက်ခဲ့သူအဖြစ်လည်း သူမ နာကြည်းစွာ လက်တုန့်ပြန်လိုနေခဲ့ပြန်သည်။

မောင့်ကို စွန့်ခွာထွက်လာခဲ့ဖို့ တု ဘာဖြစ်လို့များ တွန့်ဆုတ်နေခဲ့ရလဲ။

မောင်နှင့်တုတို့ရဲ့ အိမ်ထောင်ရေးက ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့အိမ်ထောင်ရေးတော့ ဖြစ်မလာနိုင်။

အမုန်းတွေ ပဋိပက္ခတွေနှင့် ပြည့်နှက်နေသည်။

"မောင့်ကို တုချစ်တယ် ... တု နှလုံးသားတွေ နာကျင်နေပြီ၊ မောင့်လို ယောက်ျားတစ်ယောက်ကိုမှ တု လှည့်စားမိနေပြီ ထင်ပါတယ်"

တု စိတ်ထိခိုက်ကြေကွဲရသည်။

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



တုတို့ ညီအစ်မ ကျိန်စာတွေ မိနေခဲ့တာလား။

သံယောဇဉ် တွယ်ရတဲ့ မမပုံ။

"တု ညီမလေး ... မမပုံကို ချစ်ရင်လေ ညီမလေးဘဝ အဖြူစင်ဆုံး အအောင်မြင်ဆုံးဖြစ်အောင် ကြိုးစားပါနော် ယောကျ်ားကို ရွေးချယ်ရင်လည်း ကိုယ့်ထက်အရမ်းမြင့်တဲ့သူ စိတ်မကူးနဲ့နော် ... အစွမ်းအစရှိရင် ကြီးပွားချမ်းသာနိုင်ပါတယ်"

မမက တုကို ဒီလိုဘဝမျိုးနှင့် မြင်တွေ့ချင်မှာမဟုတ်ပေ

အောင်မြင်ထူးချွန်တဲ့ အင်ဂျင်နီယာမအဖြစ်ပဲ မြင်တွေ့ ချင်သည်။

"မောင် ... ကျွန်မ ထွက်သွားချင်ပါပြီ၊ မောင့်ကိုလည်း ယောဇဉ်မတွယ်ချင်ပါဘူး ... အချစ်တွေကို ကျွန်မ မုန်းတယ်"

မောင့်အမေနှင့် နေရတာ လုံးဝအဆင်မပြေပေ။

တုတို့ ညီအစ်မအပေါ် အထင်သေးလွန်းနေသည်။

မမပုံကို သေစေတဲ့ မိန်းမကြီးတစ်ယောက်အနေနှင့်လည်း တု မုန်းတီးမိသည်။

"တု"

"ဟင်"

"တု ဘာတွေတွေးနေတာလဲ"

"မမပုံကို သတိရမိနေလို့ပါ"

ဖိုးလပြည့်စာပေ



မောင့်ကိုကြည့်ရတာ နည်းနည်းလေး အူမြူးလာသည်ဟု ထင်မိသည်။

ပြုံးရွှင်နေ၏။

တုကတော့ မောင်နှင့်ပတ်သက်တာတွေ စိတ်မဝင်စားစေရန် အတတ်နိုင်ဆုံး ရှောင်မိသည်။

"တုမျက်နှာလေး မှိုင်တွေနေရင် မောင်မနေတတ်လို့ပါကွာ နော်"

တုအလှက လာဘ်ဆိုတဲ့ ကောင်မလေးအလှထက် တည်ငြိမ်သည်။

မောင်ကတော့ တုကိုပဲ တန်ဖိုးထားချစ်၏။

လာဘ်ဆိုတဲ့ ကောင်မလေးကို အထင်မကြီးမိ။

သူ့ဟာသူ ဘယ်လောက်ပဲ ချမ်းသာပါစေ ချစ်ဇနီးလေးကို မွေ့ဖက်လိုက်သည်။

"အို ... မောင် ဘာလုပ်တာလဲ"

"ချစ်လို့"

"မောင်ကလဲကွာ"

"တဖြည်းဖြည်းနဲ့လေ မောင့်အချစ်တွေကို တု ယုံကြည်လာမှာပါ ... အချစ်ကြီး ပြန်ချစ်လာလိမ့်မယ် သိလား ..."

"အရှူး"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ … တုကိုချစ်လို့ တု စွန့်ခွာသွားမှာ တွေးကြောက်ရင်း ရူးတော့မယ် သိလား … ကောင်မလေး … "

အခန်းလေးထဲမှာ ရယ်မောသံလေးတွေ လွင့်ပျံ့နေသည်။

မောင့်ကို မချစ်စေရန် ထိန်းချုပ်ထားတဲ့ တု နှလုံးသားတွေ ရင်တုန်လှုပ်မောစွာ တဆတ်ဆတ်တုန်ယင်နေ၏။

မောင့်ကို စွန့်ခွာသွားဖို့ တု လုံးဝသတ္တိမရှိတာ အမှန်ပါပဲ။

ကြောက်တယ် …

အခြေအနေတွေ ဒီထက်ဆိုးဝါးသွားမှာ တု စိုးရိမ်ထိတ်လန့်နေသလိုလို။

မောင့်အနမ်းက တုရင်ကို ပထမဦးဆုံး ရိုက်ခတ်သွားသည်။

"တု"

"ဟင်"

"မောင့်ကို ချစ်ရဲ့လားကွာ … တုဆီက ချစ်တယ်ဆိုတဲ့ စကားလေးတွေ ကြားချင်တယ်"

"မပြောချင်ပါဘူး … ရှက်တယ်"

တု ရုန်းဖယ်ပစ်သည်။

မောင့်ကိုချစ်တယ်လို့ပြောပြီး မောင့်အနားမှာ တုနေထိုင်ခွင့်မရှိနိုင်လို့ပါ။

"နင်ရူးနေလား တုနှိုင်းစံ … ငါဖြစ်စေချင်တာက တန်းတူ





ရှိတဲ့အပျိုစင်မလေးတစ်ယောက်အဖြစ်ပဲ … တန်ဖိုးထားတတ်ရမယ် တု"

မောင့်ကို တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားမိသည်။

မောင့်ကိုချစ်မိသွားပြီ။

ဘယ်လိုလုပ်ရမလဲဟင်။

"မမယောက္ခမကြီးကို စိတ်မဆိုးနဲ့နော်တု၊ ဒါက မိခင်လေး မမတောင် ညီမလေး အခုပညာမတတ် ဘာမတတ်၊ မမတို့ထက်နိမ့်ကျတဲ့ယောက်ျားတစ်ယောက်နဲ့ ညီမလေး လက်ထပ်ကြည့်ပါလား … မမပုံ အကြီးအကျယ် ကန့်ကွက်ပစ်မှာပဲ"

တု ဘာလုပ်ရမလဲဟင်။

မောင်ရယ် …

ဒေါ်မေသက်ကိုလေ တု ယောက္ခမအဖြစ် မိခင်လို ရှိသေဆက်ဆံရမှာလားဟင်။

"မမပုံလေ … အရမ်းမောပြီး ကူညီပါလို့ပြောနေတယ်၊ မမကြီးက ထွက်သွားတယ်"

"ဘာ … "

သူမ အထိတ်တလန့်နှင့် မောင့်ရင်ခွင်ထဲကနေ ရုန်းထွက်ပစ်သည်။

"တု ဘာဖြစ်လို့လဲ … "



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘယ်သူ့အကြောင်း တွေးမိပြန်ပြီလဲကွာ"

မေမေကြောင့် တုစိတ်ညစ်နေတာ သော် သိသည်။

သော်လည်း ဘယ်လိုလုပ်ရမှန်းပင် မသိ။

ချစ်သူခန္ဓာကိုယ်လေးအား ဆတ်ခနဲ ဆွဲယူပွေ့ဖက်ထားမိ၏။

တုကို နည်းနည်းလေးပင် သော် အဝေးမခံနိုင်ဘဲ ဖြစ်နေသည်။

"တု စာကျက်ရမယ် ... စာမေးပွဲက အရမ်းနီးနေပြီလေ"

"ကျက်လေ ... မောင် ဘာလုပ်ပေးရမလဲ တု"

"တော်ပါပြီ"

မောင့်ကိုလည်း မခိုင်းချင်တော့ပေ။

တု အေးစက်တဲ့ မျက်ဝန်းတွေနှင့် မောင့်ကိုကြည့်မိသွားသည်။

မောင်က မသိ။

တွန့်ကြေနေတဲ့ အိပ်ရာခင်းတွေကို သေသေချာချာ သပ်သပ်ရပ်ရပ်ဖြစ်စေရန် ပြန်ခင်းပေးနေ၏။

မောင် တကယ်ပဲ တုကို ချစ်ခင် နှစ်သက်မြတ်နိုးရှာတာဖြစ်သည်။





"သားရေ ... ဒီမှာ မေမေ့ဆီကို သစ်သီးခြင်းကြီးပို့လိုက်တယ်၊ လာဘ်တဲ့ သားနဲ့သိလား ... "

"ဗျာ"

မေမေက အခန်းဝမှာရပ်ပြီး ပြောလိုက်သဖြင့် သော် လန့်သွားမိသည်။

တုက စားပွဲမှာထိုင်နေ၏။

မေမေ ဘာသဘောနဲ့ လာပြောရတာလဲ။

ဒီကောင်မလေး ကဲလွန်းသည်။

"မေမေ့အတွက်တဲ့ ဘယ်ကကောင်မလေးများလဲ၊ လူကြီးတာကို သိတတ်တယ် ... "

"သားလည်း မသိပါဘူး မေမေ ... ဘယ်က ကောင်မလေးလဲ"

"လာဘ်တဲ့ ... "

မငွေကို ပိုက်ဆံပေးပြီး ဒေါ်မေသက် ပို့ခိုင်းလိုက်ခြင်းဖြစ်သည်။

သားနဲ့လာဘ်တို့ ဆုံမိပြီးသွားပြီပဲ။

"သား တကယ်မသိတာလား ... လာဘ်ဆိုပြီး အသိထဲမှာ ဘာနဲ့ ဘာဖြစ်လို့ ပို့ရတာလဲ ... ဒီမှာ လာကြည့်ပါဦး ... "

"တကယ်မသိတာပါ မေမေ ... ထားလိုက်ပါ၊ သားနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘူးထင်တယ်၊ မေမေ့မိတ်ဆွေတွေထဲကဖြစ်မယ်"

"ကိုကို့မေမေအတွက်တဲ့လေ"

"ဟာ ..."

"မင်းကိုခေါ်တာကိုက ကိုကိုတဲ့ ... ဘယ်လိုကောင်မလေး လဲ ... မင်းနဲ့အရမ်းရင်းနှီးပုံပဲ"

ဒေါ်မေသက်က တုနှိုင်းစံနှင့်သားတို့ ပြဿနာဖြစ်စေရန် တမင်သွေးထိုးပေးလိုက်သည်။

"မေမေ ... ဘာတွေလာပြောနေတာလဲဗျာ ... သား ဘယ်သူနဲ့မှ မပတ်သက်ဘူး၊ တုအပေါ် ဘယ်တော့မှလည်း သစ္စာ မဖောက်ဘူး"

"မသိဘူးလေကွယ် ... လာဘ်ဆိုတာပဲ ..."

မေမေ ထွက်သွားတော့မှ တုကို နောက်ကနေ သိုင်းဖက် ထားသည်။

"ဖယ်ပါ"

"တု"

"သွား"

"မောင်နဲ့ဘာမှမဆိုင်ဘူးနော် တု ... ဘယ်ကမိန်းမလဲ မောင်ကတော့ တုကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး"

"ဘယ်ကလာဘ်လဲ ..."





"မေမေနဲ့ပတ်သက်တာ ဖြစ်နိုင်တယ်၊ မောင်နဲ့ဘာမှမဆိုင်ပါ ဘူး တကယ်ပါ ..."

မောင့်ကို တု ယုံသည်။

မောင့်မေမေက ပြဿနာတက်အောင် ကြံစည်တာပဲ ဖြစ် နိုင်၏။

တုကို ဒီလောက်အထိတောင် သားနှင့်သဘောမတူနိုင်ဘဲ ဖြစ်နေသည်။

"မောင်နဲ့တုကြားမှာ သွေးမကွဲကြေးနော် ... အချစ်တွေကို ခံကြည်ကြရအောင်ပါကွာ"

မောင် ကောင်မလေးတစ်ယောက်နှင့် ပတ်သက်နေတာ သွားလိုက်ရတော့ တုမနာလိုဝန်တို ဖြစ်သွားရသည်။

ကွာရှင်းဖို့ကြိုးစားနေတဲ့ မိန်းမတစ်ယောက်က ယောက်ျား စွဲလမ်းနေပြီလားပဲ။

"မောင် ... ရှုပ်ရင်တော့ ကျွန်မ ကွာရှင်းမှာနော်"

"တု ... မင်းဘယ်လိုပြောလိုက်တာလဲကွာ၊ လုံးဝမဖြစ်နိုင် မင်း ဘယ်လောက်ပဲ ကွာရှင်း ကွာရှင်း မောင်ကတော့ ကွာ ပေးနိုင်ဘူး ... တုက မောင့်မိန်းမပဲ ..."

"မောင့်အမေက သဘောကျနေတယ်ထင်တယ်၊ သစ်သီး တွေ ပို့လိုက်လို့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



တုကတော့ ဘယ်တော့မှ ပို့မှာမဟုတ်။

ရှင်ကြီးသားကိုတောင် မက်မောတွယ်တာနေမှာ မဟုတ်ဘူး။

မောင်ကတော့ တုမျက်နှာ သုန်သုန်မှုန်မှုန်လေး ပြုံးရွှင်လာစေရန် အမျိုးမျိုး ချော့မော့နေသည်။

"လာဘ်ဆိုတဲ့ ကောင်မလေးက ဘယ်လောက်ပဲ မြူဆွယ်နေပါစေ မောင်က တုနဲ့ဘယ်အရာမျိုးမှ မလဲနိုင်ဘူး ... မောင်ချစ်ရတဲ့ ဇနီးလေးက တုပါ ..."

"မောင် ဖောက်ပြန်နေတာပါ၊ လာဘ်ဆိုတာ ဘယ်ကလဲ ရှင်းပြ ... တု တကယ်ပဲ စိတ်ထဲမှာ မသက်သာတော့ဘူးနော် — ပြောလေ ..."

"မောင်လည်း မသိပါဘူး၊ မေမေပြောတာပဲ"

လာဘ်နှင့်ပတ်သက်မိတာကိုပင် တုကို အမှန်အတိုင်း မပြောပြရဲ။

တု သံသယဝင်မှာကို ကြောက်သည်။

မေမေ ... ဘာကြောင့်ပြောရတာလဲ။

လာဘ် ဒီကောင်မလေး မလွယ်ဘူး။

"နောက်နေ့ကစပြီး တု မောင့်ဆီ အမြဲတမ်း ချက်နေသော ကျောင်းဆင်းတာနဲ့ မောင့်ဆီလာခဲ့ ... မောင့်အနားမှာ တုအမြဲ





လေးလို နေပေးပါ"

"အပိုတွေ ..."

မောင်နှင့် ဘဝတစ်သက်လုံး လက်တွဲဖော်လုပ်ရန် စိတ်မကူးခဲ့သော တုက မောင့်ကိုပွေ့ဖက်မိနေသည်။

တု ဘယ်တုန်းကမှ မောင့်ကို တယုတယ မလုပ်ခဲ့။

တမင် ခပ်စိမ်းစိမ်းလေးနေခဲ့တာပါ။

တု စိတ်ပူနေပြီ။

လာဘ်က ဘယ်သူလဲ။

မောင်နှင့်တစ်စုံတစ်ရာ ပတ်သက်မှုရှိတာတော့ သေချာနေသည်။

"ချစ်လေး မောင်တို့အပြင်ထွက်ကြမလား ... ကားလျှောက်မောင်းမယ်၊ ဝယ်စရာရှိတာတွေ ဝယ်မယ် ... တု ဈေးဝယ်ထွက်ချင်နေတာ မဟုတ်လား"

"အင်း"

တုလည်း စိတ်ညစ်လာတာရော မောင့်အမေကို အရွဲ့တိုက်ပြချင်တာရော မောင်နှင့် အပြင်ထွက်လာခဲ့သည်။

"သား ဘယ်သွားမလို့လဲ ... မင်းတို့ ညစာစားပြီးပြီမဟုတ်လား ... ဘယ်အချိန်လဲ ..."

"ဈေးဝယ်ထွက်မလို့ပါ မေမေ ... တုလေ ပြဿနာရှာနေ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... စိတ်တွေကောက်နေလို့ ချော့မလို့ ... ”

ယောက်မကြီးက ချာခနဲ လှည့်ထွက်သွားသည်။

တုတို့အပေါ် ဒီလောက်အထိ ခါးသည်းစွာ မုန်းတီးနေ၏။

မောင့်လက်မောင်းကို ဖက်တွယ်၍ တု ထွက်လာခဲ့သည်။

“ကဲ ... တုလေး ... ဘယ်သွားမလဲ၊ သွားချင်တဲ့နေရာသွား ဝယ်ချင်တာဝယ်စေ ... ”

မောင်ရယ် ...

တုအပေါ် ဒီလောက်အထိပဲချစ်ရလား။

သည်းသည်းတုန်နေသလိုပဲ။

တုလည်း ချစ်တယ်။

မောင့်ကို မုန်းလို့ မရတော့ဘူး။

အရမ်းချစ်မိသွားပြီထင်တယ်။

မောင့်ကို စိတ်မချတော့ဘူး။

မောင့်လက်ကိုတွဲထားရတာပင် တု အင်အားတွေပြည့်နေခဲ့သည်။

“ကိုကို ... ဟယ် အတွဲနဲ့ပါလား၊ သူက ဘယ်သူလဲဟင်”

မိန်းမချောလေးတစ်ယောက်က မောင့်ကို တရင်းတနှီးနှင့် ကိုကိုဟုခေါ်၍ လာနှုတ်ဆက်နေသည်။

“မင်း ဘယ်သူလဲ ... ဘာအကြံအစည်နဲ့ ငါ့ကိုနှောက်ယှက်





နေရတာလဲ”

“လာဘ်လေ ... မသိချင်ယောင်တော့ မဆောင်သင့်ပါဘူး၊ သစ်သီးခြင်းပို့လိုက်သေးတယ်၊ ကိုကို့မေမေက အရမ်းသဘောကျနေတယ်၊ လာဘ်ကိုလေ လူကြီးမိဘကို သိတတ်ရိုသေတယ်တဲ့”

“ဟော့ ... ”

“လာပါ မောင် ... ပြန်ကြစို့၊ အရေမရ အဖတ်မရနဲ့ လာရှုပ်နေတယ် ... ပြန်ကြစို့ ... ”

“ကိုကို ... ”

“မင်း ... မင်း ဘာတွေလာလုပ်နေတာလဲ၊ ငါ ရဲစခန်းကို အကြောင်းကြားလိုက်မှာနော်”

“တိုင်လေ ... ကိုကို တိုင်ရဲလို့လား၊ ကျွန်မ အသက်က ဆယ့်ရှစ်နှစ်မပြည့်သေးဘူးနော် ... ကိုကို့ ချစ်တယ်ပြောပြီး စားသောက်ဆိုင်ရဲ့ သီးသန့်ခန်းထဲမှာလေ ဖက်ပြီးနမ်းတယ်”

“ဟင်း ... မင်း မဟုတ်တာတွေ လာမပြောနဲ့၊ ငါက လူကြီးလူကောင်းတစ်ယောက်ကွ”

“ဟင်း ... ဟင်း ... ကိုကိုက လူလိမ်ပဲ၊ ဘာမသိချင်ယောင်ဆောင်နေတာလဲ”

“တောက် ... ”

“ဟော့ ... နင်ဘာတွေ လာရှုပ်နေတာလဲ၊ မောင်က ငတိုင်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင်တောင် ငါကတိုင်ရဲတယ်၊ နင် ရှုပ်ချင်တိုင်းရှုပ်လို့ရမယ် ထင်နေ လား"

"တိုင်လေ ... တိုင်လိုက် ... ရှင်တို့ပဲသိက္ခာကျရမှာ ရှင်က ကိုယ့်ယောက်ျားရဲ့ အရှုပ်တော်ပုံကို ဘာဖြစ်လို့ ဖော်ထုတ် ချင်ရတာလဲ၊ အချစ်မပါဘဲ ကြွယ်ဝချမ်းသာမှုတွေကိုကြည့်ပြီး လ ထပ်တာလား"

မောင်က ဘာမှပြောမနေတော့ဘဲ တုလက်လေးကို ဆွဲ ထွက်လာခဲ့သည်။ မောင့်လက်တွေ အေးစက်ပြီး တုန်နေ၏။

ကားပေါ်ရောက်တဲ့အထိ မောင့်စိတ်တွေ မတည်မငြိမ် ဖြ နေသည်။

"ကျွန်မ ကားမောင်းမယ် ... ဖယ်ပါ ..."

မောင်က ဖယ်ပေးသည်။

တု ထင်လိုက်တာက မောင့်မေမေရဲ့စနက်ပဲ ဖြစ်နိုင်၏

အရှက်မရှိလိုက်တဲ့ မိန်းကလေး။

တုကတော့ လမ်းပေါ်က ကောင်မလေးဟုပဲ ထင်သည်

"မောင်"

"ဟင်"

"ဒီလိုကောင်မလေးမျိုးတွေက ဒီလိုပါပဲလေ ... မော အနှောက်အယှက်မဖြစ်ပါနဲ့၊ တု ဘယ်လိုမှ မထင်ပါဘူးနော်"





သော်လည်း မေမေ့စနက်တွေဟု ထင်နေမိသည်။

သူတို့ကို နှောက်ယှက်ဖို့ မေမေ စေခိုင်းတာဖြစ်နိုင်၏။

တုကို ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်ရမှန်းပင် မသိတော့။

မေမေနှင့်လာဘ်တို့ ပတ်သက်ဆက်ဆံမှု ရှိနိုင်သည်။

စိတ်မောလိုက်တာ ...

သူ့အိမ်ထောင်ရေးကိုတော့ အပြိုကွဲမခံနိုင်ပေ။ ရှင်းရမယ်။

သူ့ကို ပေါ်တင်ကြီးလိုက်၍ ပတ်သက်ဆက်ဆံဖို့ ကြိုးစားနေ မေမေ့ညွှန်ကြားမှုလား။

ပြန်ရောက်လာတဲ့အထိ သူ့စိတ်တွေ တုန်ရီနေဆဲပင်။

တည်ငြိမ်အေးချမ်းတဲ့ မိသားစုဘဝလေး တည်ဆောက်လို တဲ့ ဆန္ဒတွေကိုတော့ လုံးဝ ရိုက်ချိုးဖျက်ဆီးပြစ်တာမျိုး လက်မခံ နိုင်ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

သားကို ဘယ်လိုမိန်းကလေးမျိုးမှ ဖြားယောင်းသွေးဆောင်၍ မရနိုင်ကြောင်း ဒေါ်မေသက် သိလိုက်သည်။

ဘယ်လိုလုပ်ရမလဲ။

လာဘ်လေးနဲ့ မိမိသဘောတူနေမိ၏။

တုန့်ုင်းစံထက် အများကြီး အဆင့်အတန်းမြင့်လွန်းတဲ့ မိန်းကလေးပါ။

"နင့်ကိုတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ငါ့သားအနားကနေ မောင်းထုတ်ပစ်ရမယ် တုန့်ုင်းစံ ... အဆင့်မရှိတဲ့ မိန်းမ ... "

ဒေါ်မေသက် ဒေါသတကြီး ကြိမ်းဝါးနေမိသည်။

တုန့်ုင်းစံကို မောင်းထုတ်ဖို့ မိမိ ကြံစည်နေမိ၏။

ငွေနှင့်တိုင်ပင်၍ သားကို အမိဖမ်းဖို့ အစီအစဉ်တွေကို မိမိကိုယ်တိုင် လုပ်မိ၏။ သားကြီးထံမှ ဖုန်းလာသည်။

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... နိုင် တောင်းပန်ပါတယ်ဗျာ၊ ညီတို့အိမ်ထောင်ရေးကိုတော့ ဖျက်စီးမပစ်လိုက်ပါနဲ့၊ တုကို လက်ခံပါ ... ညီကလဲ တုကို အရမ်းချစ်တယ်လေ ... သားကြီးဘဝကို ဖျက်ဆီးပစ်ရင် ကျေနပ်ပါ ..."

"ဘာပြောတယ် နိုင် ... သားကြီးဘဝကို မေမေ ဖျက်ဆီးပစ်တာလား ... မင်းက စွဲချက်တင်တယ်ပေါ့လေ ..."

"သေရင်လည်း ကိုယ့်နောက်ဘာပါလို့လဲ မေမေရာ ... မိသားစုဝင်တွေ ချစ်ချစ်ခင်ခင် နေကြရအောင်ပါ"

"မရဘူး ... ငါကတော့ ဒီအခွင့်မရှိတဲ့ ဟာမကို ဘယ်တော့မှ ချွေးမတော်နိုင်မှာမဟုတ်ဘူး၊ ကွဲစေရမယ် ... ရှင်ကွဲမကွဲ သေကွဲပဲ၊ ငါ့သားတွေဘဝကို ဖျက်ဆီးပစ်လိုက်တဲ့ ဟာမတွေ ..."

"မေမေ အခုသားမှာ အသည်းကင်ဆာဖြစ်နေပြီ၊ မကြာခင် လူ့လောကထဲကနေ ထွက်ခွာသွားရတော့မယ်၊ ညီလေးကို သားလို အဖြစ်မျိုး မကြုံစေချင်လို့ပါ"

"ဘာပြောတယ် ... မင်း ဘာတွေပြောနေတာလဲ"

"နိုင် အရက်တွေအရမ်းသောက်လို့လေ၊ အသည်းကင်ဆာဖြစ်နေပြီ ... နိုင် လူ့လောကထဲမှာ အကြာကြီးမနေရတော့ဘူး မေမေ့ကို တောင်းပန်ပါတယ်ဗျာ ... ဒေါသတွေ၊ အတ္တတွေကို လျှော့ပစ်လိုက်ပါတော့နော်"



"သားကြီးနိုင် ... မင်းတကယ်ပြောနေတာလား၊ မေမေကို စိတ်သောကရောက်အောင် မပြောပါနဲ့"

"တကယ်ပါမေမေ ... အန်တီရေလးကို ဖုန်းဆက်မေးကြည့် ... မေမေ့ကို မလိမ်ပါဘူး ... ညီလေး စိတ်ချမ်းသာစေချင်တယ်၊ သား အနူးအညွတ် တောင်းပန်ပါတယ်ဗျာ ..."

"သား ... သားငယ် ..."

သားကြီးက ဖုန်းပိတ်သွားသည်။

ဒေါ်မေသက် ဘယ်လိုလုပ်ရတော့မလဲ။

သူများသမီးကို သေစေခဲ့တာ ကိုယ့်သားလည်း သေဆုံးဖို့ ဖြစ်လာခဲ့ပြီလား။

မိမိ ရင်တွေကွဲအက်မတတ် ပူလောင်နေသည်။

သားတို့အန်တီဆီ ဖုန်းဆက်မေးကော့ ဟုတ်မှန်ကြောင်း ပြောပြီး မိမိကို အပြစ်တင်သည်။

"မမမေကြောင့်ပဲ သားကြီးဘယ်လောက်လိမ်မာလဲ ... မမေလုပ်လို့ပဲ ... အခုတောင် ရောဂါဖြစ်နေတာတောင် အရက်တွေသောက်နေတယ် ... သေချင်လို့တဲ့ ..."

"ငါ့သားကြီးကို ပြန်ခေါ်ရမယ်၊ ငါ့ရင်ခွင်ထဲမှာပဲ သေစေရမယ်"

"မမမေသားက လာမှာမဟုတ်ဘူး၊ အသေခံတော့မှာ ..."

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမနောက် လိုက်သွားမလို့တဲ့ ...”

သေတာတောင် မိန်းမကို လိုက်ပေါင်းတော့မည်ဖြစ်သည်။

“ပေါင်းကြ ... သေကြ ... အမေတစ်ယောက်လုံးကိုတောင် သံယောဇဉ်မရှိတဲ့ သားတွေ ...”

တုန်နိုင်းစံကိုလည်း လက်မခံနိုင်ပေ။

ဘာချွေးမလဲ။

အသုံးမကျတဲ့ဟာတွေ။

လာဘ်နဲ့ပဲ လက်ထပ်စေရမယ်။

မျိုးရိုးသန့်လေး ဒေါ်မေသက် အိပ်လို့မရ။

မျက်လုံးတွေက ကြောင်နေသည်။

“မေမေ”

“ဟင် ... သားငယ်၊ မင်းအစ်ကိုသတင်း ကြားပြီးပြီလား”

“မေမေ သိပြီးပြီလား”

“အင်း ... အခုပဲသိတာပါ၊ ဘယ်လိုလုပ်ကြမလဲဟင်သား မေမေကို ပြောစမ်းပါဦး ... အသေခံပြီး သူ့မိန်းမနောက်လိုက်သွားမလို့တဲ့လေ”

“ဘယ်တတ်နိုင်မလဲ မေမေ ဖြစ်သွားခဲ့ပြီပဲ ... မဖြစ်သေးခင် ကိစ္စတွေကိုသာ တားဆီးသင့်ရင် တားဆီးရမယ်လေ”

“ဘာပြောတယ် သားငယ် ...”





“လာဘ်ကိစ္စပါ ... သား တုကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူးမေမေ ... အခု တုက သားကိုကွာရှင်းဖို့ပြောနေပြီ”

“ကောင်းတာပေါ့သားရဲ့ ...”

“ဘာပြောတယ် မေမေ”

“တုန်နိုင်းစံကို မေမေ လုံးဝသဘောမတူဘူး၊ ချွေးမအဖြစ်လည်း လက်မခံနိုင်ဘူး ... မေမေကို သေစေချင်တာလား သားရယ်”

“ကိုကိုလည်း အရွှဲးတွေနဲ့ ရင်ဆိုင်ပြီး သောကဝေဒနာတွေ ခံစားပြီး သေရတော့မယ်၊ သားလည်း ကိုကိုနောက်လိုက်မယ် ထင်တယ်”

“သေကြ ... သေကြ၊ မင်းစဉ်းစားပါ ... အမေနဲ့မိန်းမ ဘယ်သူ့ကိုရွေးမှာလဲ ... လာဘ်လေးက မဆိုးဘူး၊ မေမေ့ကိုလည်း ရိုသေတယ်၊ မျိုးရိုးလည်းကောင်းတယ်၊ သား ဟိုကောင်မ ပိုင်းလုံးမကို ကွာရှင်းပစ်လိုက်ပါ၊ မောင်းထုတ်ပစ်လိုက်ကြရအောင်နော်”

တု ခြေလှမ်းတွေက မောင့်အမေအသံကြောင့် တုန့်ခနဲ ရပ်သွားသည်။

ကျွန်မတို့ ညီအစ်မကို ဒီလောက်အထိ မုန်းတီးနေတာလား။

“လာဘ်လေးကို လက်ထပ်ပါ၊ မေမေလည်း စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သားဘဝလည်း မြင့်မားမယ် … လာဘ်လေး မိဘတွေက နိုင်ငံခြားမှာ ကုမ္ပဏီ ဖွင့်ထားကြတာပါ”

“တော်ပါတော့ မေမေရာ … သား တောင်းပန်ပါတယ်၊ တုကလွဲပြီး သား ဘယ်သူ့ကိုမှ မချစ်နိုင်လို့ပါ၊ တုနဲ့မကွာနိုင်ပါဘူး၊ သားတို့ ဒီကနေ ပြောင်းနေကြတော့မယ်”

“သား … အမလေး … အဲဒီလို မလုပ်ပါနဲ့၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် အမေ့ကို စွန့်ခွာသွားတော့မလို့လား”

“မေမေ့ကို မစွန့်ခွာသွားပါဘူး၊ သားလာမှာပါ … တုနဲ့တော့ လုံးဝမကွဲနိုင်ဘူးမေမေ … သား ချစ်မြတ်နိုးတဲ့ မိန်းမနဲ့ပဲ မိသားစု ဘဝလေး တည်ဆောက်ချင်ပါတယ်”

တု ပြန်ထွက်လာခဲ့သည်။

သူမ အိပ်ခန်းထဲပြန်ဝင်လာခဲ့၏။

မောင်ကတော့ တုကိုချစ်သည်။

တုလည်း မောင့်ကိုချစ်နေမိပါပြီ။

တုကိုယ်တိုင်ပင် မောင်နှင့်အဝေးမခံနိုင်တော့။

မောင့်မေမေနှင့် အဆင်ပြေအောင် နေထိုင်တော့မည်ဟု ဆုံးဖြတ်ပြီးကာမှ မဖြစ်နိုင်တော့ကြောင်း သိနေသည်။

“တု”

“ဟင်”

ဖိုးလပြည့်စာပေ



“မောင်တို့အိမ်ပြောင်းမှာကို မေမေက လက်မခံပေမယ့် မောင်တို့ကတော့ ပြောင်းကြမယ် … တုနဲ့ကွဲကွာဖို့ မောင် စဉ်းတောင် မစဉ်းစားနိုင်ဘူး၊ မောင့်ကို ခွဲခွာမသွားပါနဲ့ … ”

“မောင့်မေမေကမှ လက်မခံနိုင်တာဘဲ၊ လာဘ်လိုကောင်မလေးမျိုးနဲ့ လွှတ်ပေးတဲ့အထိကတော့ တု ဘယ်လိုမှသည်းမခံနိုင်ဘူးနော်”

“တုရယ် … မောင်တို့အိမ်ပြောင်းကြမယ်၊ လာဘ်မကလို့ ဘယ်သူပဲဖြစ်ဖြစ် မောင်မကြိုက်ဘူး … မောင့်ကိုလည်း ဘယ်တော့မှ ဖြားယောင်းမြူဆွယ်လို့ မရနိုင်ဘူး”

“အိမ်ခွဲနေဖို့ တု ပြန်စဉ်းစားဦးမယ်မောင် … မိဘကိုထားခဲ့ပြီး ထွက်သွားဖို့ မဖြစ်သင့်ပါဘူး”

“တု”

“မောင် သွားစရာရှိတာသွားပါ၊ တု စာကျက်ရမယ် … စာမေးပွဲပြီးမှ စဉ်းစားမယ်”

“တု စိတ်ဆင်းရဲနေရမယ်၊ စာလည်းကျက်လို့ ရမှာမဟုတ်ဘူး မဟုတ်လား … တု သွားနေပါ၊ မောင့်မေမေကတော့ ဒီလိုပါပဲ၊ ကိုကိုလည်း လူ့လောကကြီးထဲကနေ ထွက်သွားရတော့မယ်”

ကိုနိုင် အသည်းကင်ဆာဖြစ်နေကြောင်း တု သတင်းကြားထားသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်ကြေကွဲရ၏။

တုနဲ့ ကွဲရင်ရော မောင့်ဘဝ ပျက်စီးမှာလား။

မောင့်ရင်ခွင်မှာ မှီတွယ်ထားမိသည်။

"တုအတွက် မပူပါနဲ့ မောင်ရယ် ... တုနေတတ်အောင် ကြိုးစားပါ့မယ်၊ တု စာမေးပွဲမှာ ထူးချွန်အောင် ကြိုးစားမှာပါ"

"တု"

"ဟင်"

"မောင်တို့ဘယ်လိုအကြောင်းမျိုးနဲ့မှ မကွာရှင်းကြဘူး၊ ဘဝတစ်လျှောက်လုံး လက်တွဲကြမယ်နော်"

မဖြစ်နိုင်တော့ဘူးထင်ပါတယ် မောင်။

အညိုးအတေးတွေက အရမ်းများပြားနေပြီပဲ။

မောင့်အမေက ချွေးမအသစ် တစ်ယောက်ကို အမြဲတမ်း ရှာနေမှာပဲ။

"မောင့်ကို မထားခဲ့ပါနဲ့ တုရယ် ... ကိုကို့ထက်တောင် ဆိုးဝါးတဲ့အခြေအနေကို ရင်ဆိုင်ရလိမ့်မယ်ထင်တယ်"

"မောင်ရယ်"

သော် ဘယ်လိုအကြောင်းနှင့်မှ တုကို မကွာရှင်းပေးနိုင်ပေ။

တု ပျော်ရွှင်စေရန် တုအတွက် သော် ဖြည့်ဆွမ်းပေးရန် အဆင်သင့် ဖြစ်နေခဲ့သည်။





တု စာကျက်ရမည်ဖြစ်၍ သော် စားစရာတွေ ပြင်ဆင်ပေးပြီး ထွက်လာခဲ့၏။

သူ့ကားနှင့် အပြင်ကို ထွက်လာခဲ့သည်။

ကုမ္ပဏီကို ရောက်ခါနီးတွင် လာဘ်ဆီက ဖုန်းဆက်လာ၏။

သူမကို လာတွေ့ပါတဲ့။

အနီးတီလည်း ရောက်နေမယ်တဲ့။

တွေ့နေကျ စားသောက်ဆိုင်ကို လာခဲ့ပါတဲ့။

သော်လည်း မတတ်နိုင်တော့။

အပြတ်ရှင်းဖို့အတွက် လာဘ်ချိန်းထားတဲ့နေရာလေးကို ရောက်လာသည်။

"ကိုကို"

"လာဘ် ... မင်းဘာတွေ ဓာတ်လမ်းရှုပ်ချင်ရတာလဲ၊ ငါ တောင်းပန်ပါတယ် ... ငါ့ရဲ့အချစ်အိမ်လေးကို မဖျက်စီးပစ်ပါနဲ့ကွာ"

"လာဘ် သိပါပြီ ကိုကို ... အဲဒါပြောပြချင်လို့ပါနော်"

လာဘ် အချိုသတ်ပစ်လိုက်သည်။

လာဘ်ကတော့ ကိုကို့ကို လုံးဝစွန့်လွှတ်လိုက်ဖို့ မဖြစ်နိုင်

ကျွန်မ အရမ်းချစ်တယ်။

စည်းစိမ်ချမ်းသာတွေက အများကြီး ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လာဘ်နောက်ဆုတ်ပေးမယ်ဟုပြောတော့ ကိုကို့မျက်နှာကြီးက ပြုံးသွားသည်။

တုန္နိုင်းစံကို ဒီလောက်ပဲချစ်လား။

ဒေါ်မေသက်ကတော့ သားကို အပီကိုင်တော့တဲ့။

"ကိုကို"

"ပြော"

"ရော့ ... အအေးသောက်လိုက်ပါဦး ... လာဘ် နောင်တရနေပါပြီ၊ ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ ဆက်ဆံပါတော့မယ် လာဘ်အမှားတွေအတွက်လည်း တောင်းပန်ပါတယ်"

လာဘ်က ကိုကို့ကားထဲ ဝင်ထိုင်ပြီး အအေးဗူးကိုပေးလိုက်သည်။

"အင့် ... သောက်လိုက်ဦး"

"တော်ပါပြီ ... ကိုကို မသောက်ချင်ဘူး၊ ကိုကို ပြန်မယ် မေမေရော အထဲမှာရှိလား"

"မလာသေးပါဘူး၊ စောင့်ရမှာ ... လာဘ် အပြတ်ပြောမယ် ကိုကို ဘာမှစိတ်မပူပါနဲ့တော့နော် ... အန်တီမေ့ကို စောင့်ရင်း အအေးသောက်ပါ ..."

မကောင်းတတ်၍ ငြင်းမနေတော့ဘဲ အအေးဗူးကို သောက်လိုက်သည်။

ဖိုးလပြည့်စာပေ



သောက်ပြီး မကြာခင်မှာပဲ သော့ခေါင်းက မူးလာပြီး သတိလစ်ချင်သလိုလို ဖြစ်သွားသည်။

"မင်း ... မင်းဘာတွေလုပ်ထားတာလဲ လာဘ် ... အား"

"ဟင်း ဟင်း ဟင်း ... ကိုကိုရေ ... ရှင် ဘာတတ်နိုင်သေးလဲ မကြာခင် ကျွန်မနဲ့ လက်ထပ်ရလိမ့်မယ်လေ"

အန်တီငွေနှင့် လာဘ်ဦးလေး ရောက်လာပြီး ကိုကို့ကိုခေါ်ဆောင်လာခဲ့သည်။

ပိုင်လိုက်တာ ...

ယောက္ခမလောင်းကြီးဆီလည်း အစီအစဉ် အောင်မြင်ကြောင်း ဖုန်းဆက်လိုက်၏။

ယောက္ခမလောင်းကြီးက အူမြူးကာ အပိုင်လုပ်တဲ့။

မင်္ဂလာပွဲကြီးကို အကြီးအကျယ်လုပ်ပေးမယ်တဲ့။

ပန်းနုရောင် အိပ်ရာခင်းတွေလွှမ်းနေတဲ့ လာဘ်တို့ ကြိုတင်ပြင်ထားတဲ့ အခန်းရဲ့ ခုတင်ပေါ်မှာ ကိုကိုနှင့် အတူတူ အိပ်စက်ဖို့ပြင်သည်။

"ကိုကို ..."

"အင်း ... တုလား ... မင်း တုလား"

"အင်းလေ"

ကိုကို့အချိုရည်ထဲမှာ မူးယစ်ဆေးထည့်ထားတာပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လာဘ်က ကျွမ်းကျင်ပြီးသားပဲ။

ကိုသက်ပိုင်ဇော် ...

ရှင် ဘာတတ်နိုင်မှာလဲဟင်။

အချစ်တွေက စီးဆင်းကျလာသလိုလို ကိုကို့လက်တွေက လည်း သူမအား အငမ်းမရ ပွေ့ဖက်ပွတ်သပ်နေသည်။

"တု ... တုရယ်"

"မောင်ရယ်"

အချစ်ရေယာဉ်ကျောမှာ မျှောပါဖို့ပြင်ဆင်နေချိန်မှာပဲ အခန်းတံခါးကို ထုနှက်တဲ့အသံတွေ ထွက်ပေါ်လာသည်။

"လာဘ် ... လာဘ် ... တံခါးဖွင့်တော့၊ သက်ဆိုင်ရာတွေ ရောက်နေပြီ၊ သက်ပိုင်ဇော်ရဲ့သူငယ်ချင်းခေါ်လာတာ ... ဒေါ်ငွေ လည်း အဖမ်းခံနေရပြီ"

"ဟင်"

လာဘ် ကပျာကယာ လူးလဲထပြီး အဝတ်အစားတွေ ပြန် ဝတ်လိုက်သည်။

ဘာတွေဖြစ်ရတာလဲ။

ရဲတွေတဲ့။

သူမတံခါးကို ဖွင့်ပေးလိုက်၏။

တံခါးပွင့်သွားသည်နှင့် ရဲတွေက လာဘ်အား လက်ထိပ်ခတ် လိုက်ကြသည်။

"မင်း ... မင်း ... ဘာလုပ်တာလဲ ခင်လတ်၊ ဒါက ငါ့သူငယ် ချင်း လူရိုးလူကောင်း ဂုဏ်သရေရှိ လူကြီးလူကောင်းကွ"

"ဟင်"

ကိုသက်ပိုင်ဇော်ရဲ့ သူငယ်ချင်းက ရဲအုပ်တစ်ယောက်ပဲ။

သူမနှင့် မကြာခဏ ပြဿနာတက်ခဲ့သူပါ။

လာဘ် ဘယ်နှစ်ကြိမ်လောက် အဖမ်းခံနေရတာလဲ။

"သူ့ကိုခေါ်သွားတော့ ... ဇော့်ကိုတော့ ငါပဲဆေးရုံပို့လိုက် မယ်"

"ဟုတ်ကဲ့"

ဒုရဲအုပ် နောင်နောင်က ဇော့်ကို ဆေးရုံပို့ဖို့ စီစဉ်ရသည်။

"ဇော်"

"အင်း"

"မင်း သတိရလား"

"ဘာတွေလဲ ... တုလား"

ဇော် ငြိမ်သက်သွားသည်။

တော်တော် ယုတ်မာကောက်ကျစ်တဲ့သူတွေပဲ။

ဇော့်ကို ကားပေါ်မှာ တွေ့လိုက်လို့ သက်ဆိုင်ရာကို အကြောင်းကြားပြီး လိုက်လာခဲ့တာပါ။





ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သော် ... မင်းကံကောင်းတယ်၊ မင်း ထောင်ချောက်ထဲ တိုးဝင်မိတော့မလို့"

နောင်နှင့် ကျောင်းနေဘက်သူငယ်ချင်း သော်က ကိုယ်ကျင့်တရား အကောင်းဆုံးပင်။

"ကိုယ့်မေမေက ကိုယ်လက်ထပ်တာကို လက်မခံဘူး ချွေးမက ဆင်းရဲလို့တဲ့လေ ... "

သော်နှင့်တွေ့တုန်းက ပြောပြခဲ့သည်။

"သော် ... ဟော့ကောင် ... "

"အင်း ... မှူးတယ် ... ဘယ်သူလဲ ... တု ... တုလား"

"သော်ရာ"

နောင်စိတ်ပူပြီး ကားကို အမြန်ဆုံးမောင်းလာခဲ့သည်။

ဆေးရုံရောက်မှ မှူးယစ်ဆေးတွေ ဖြစ်နေ၏။

ကံကောင်းသွားသည်။

"ကိုယ်အချိန်မီ ရောက်လို့ပေါ့ကွာ၊ သော်ရာ ... မင်း ကံ ကောင်းသွားတယ်"

သော် မေမေ့ဆီ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်သည်။

အခန်း ( ၂၀ )

"အမလေး ... အန်တီ့သားငယ်လေး ဆေးရုံမှာလား ... ဘာပြောတယ် ... ကောင်မလေးက လမ်းပေါ်ကစရိုက်မလေး ဟုတ်လား ... အားလုံးဝိုင်းလိမ်ကြတာလား"

ဘုရားရေ ...

ဒေါ်မေသက် မယုံနိုင်အောင် ဖြစ်ရသည်။

သား ဆေးမိထားတာတော့ မိမိပရောဂ ဖြစ်ရပေမယ့် လာဘ် ဆိုတဲ့ ကောင်မလေးက အကျင့်ပျက်မလေးတဲ့။

မိန်းမကောင်း မဟုတ်ဘူးတဲ့။

ထောင်တောင် ကျဖူးတယ်တဲ့။

"သော် ကံကောင်းသွားတယ်အန်တီ ... ဘာမှတော့မဖြစ် ဘူး။ ဆေးရုံမှာ သတိမရဘူး"

"အန်တီ လာခဲ့မယ် ... သားကို ကြည့်ပေးပါနော်၊ သော ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမဆီ အကြောင်းမကြားပါနဲ့ဦး …"

တုန့်နိုင်းစံ သိလို့မဖြစ်ဘူး။

ပြဿနာတွေ တက်သွားနိုင်သည်။

မိမိအမှားပဲ။

လာဘ်ကို မိမိက သွေးထိုးပေးခဲ့၏။

အမလေး …

လာဘ်ဆိုတဲ့ ဟာမနဲ့သာ မိမိသားငယ် လက်ထပ်ရလျှင် မိမိချွေးမက ဒေါ်မေသက် ဆက်မတွေးရဲတော့။

သားကြီးက အသည်းကင်ဆာ ဖြစ်နေပြီတဲ့။

မိမိသားကြီး မိသားစုဒုက္ခဖြစ်ရတာလဲ မိမိကြောင့်ပဲ။

"အား … အမလေး … မောလိုက်တာ အိရေ … အိ"

မထင်မှတ်ဘဲ မိမိနှလုံးတွေက တဆတ်ဆတ်တုန်ယင်လာပြီး မောလာသည်။

ပုံ့ကို သတိရမိသွား၏။

အမောဖောက်လာ၍ မိမိကို အသနားခံ၍ အကူအညီတောင်းခဲ့သည်။

"အန်တီမေ … ကယ်ပါ … ကျွန်မကို ဆေးရုံပို့ပေးပါနော်"

မိမိ လှည့်ထွက်လာခဲ့၍ ချစ်ပွင့်ပုံ ကွယ်လွန်သွားရသည်။

"အမလေး … မောလိုက်တာ၊ အိရော … ကယ်ကြပါဦး"





မိမိခန္ဓာကိုယ်က အားတွေဆုတ်ယုတ်ပြီး မလှည့်နိုင်တော့။

ကြမ်းပြင်ပေါ် ပုံခွေကျသွားသည်။

"အိရေ … အိ …"

ခြေသံရှပ်ရှပ်လေးက မိမိရှေ့မှာရပ်သွား၍ မိမိလှည့်ကြည့်လိုက်တော့ တုန့်နိုင်းစံ။

"တု … သမီးလေး မေမေ့ကို ဆေးခန်းပို့ပေးပါ၊ တောင်းပန်ပါတယ် သမီးလေး …"

တုကတော့ အမောဖောက်နေတဲ့ ဒေါ်မေသက်ကို တွေ့လိုက်ရသဖြင့် မမပုံကို သတိရမိသွားသည်။

မမကို ဒီအတိုင်း ကျောခိုင်းထွက်သွားခဲ့တဲ့ မိန်းမကြီး။

မမပုံ သေဆုံးရတာ ဒေါ်မေသက်ကြောင့်ပဲ။

"သမီးလေးတု … မေမေ မှားပါတယ်၊ ကယ်ပါ … သမီးရယ် …"

မိမိ နောင်တတွေရနေပါပြီ။

တုက မကယ်တင်လည်း မိမိ ပုံ့ဝဋ်တွေလည်တာပဲ။

အပြစ်မတင်ချင်တော့။

မိမိအတွက် မိမိကို သတ်တာပဲလေ။

"ခဏလေး ငြိမ်ငြိမ်နေပေးပါ … စိတ်မလှုပ်ရှားပါနဲ့၊ ကျွန်မ အိကို ခေါ်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



တု လက်စားချေတာတွေ ဘာတွေမလုပ်လိုတော့။

မောင်က ရှိသေးသည်။

မောင့်မေမေ ဖြစ်နေတဲ့အတွက် မရက်စက်နိုင်တော့ဘဲ ကို အော်ဟစ်ခေါ်၍ ပွေ့ချီကာ ဆေးခန်းကိုခေါ်လာခဲ့သည်

ဆေးခန်းမှာ အရေးပေါ်ကုသမှုတွေ ပြုလုပ်တာ အချိ သွားသဖြင့် သက်သာရာရသွား၏။

စိတ်ချပြီဆိုမှ မောင့်ဆီ ဖုန်းဆက်အကြောင်းကြားသည်

"တုနှိုင်းစံလား ... သော့်ဇနီး မဟုတ်လား"

"မောင့်ဖုန်းက ..."

"ဟုတ်တယ် ... ကိုယ်က ဒုရဲအုပ်နောင်နောင်ပါ၊ ဆေ ဆေးရုံရောက်နေတယ်၊ ကောင်းကောင်း သတိမရသေးဘူး သော် ... အမေရော ..."

ဘာမှဆက်ပြောမနေတော့ဘဲ ဆေးရုံကြီးသို့ လိုက်သွာ တော့ မောင့်အရုပ်တော်ပုံကို သိလိုက်ရသည်။

"သော့်ကို ယုံကြည်ပေးပါဗျာ ... လူတော်လူကောင်း ဖြ သိက္ခာနဲ့နေတတ်သူတွေပါ ... အခုဟာက လုပ်ကြံမှုပါ"

တု သိလိုက်သည်။

မောင့်အမေရဲ့ စနက်ပဲ။

သူ အထင်တကြီး မှန်းထားတဲ့ ချွေးမလောင်းက အ





အဖန် ဖြစ်နေ၏။

မှတ်သွားပြီလား။

မောင်လည်း ဘာမှမဖြစ်တော့၍ တု ပြန်လာခဲ့သည်။

"တုနှိုင်းစံ ... ကိုယ်ကြားထဲကနေ တောင်းပန်ပါတယ်၊ သော် သတိရလာရင် သော့်အနားမှာ နေပေးစေချင်ပါတယ်"

"သူ ဘာမှမဖြစ်ပါဘူး"

တု ပြန်ထွက်လာခဲ့သည်။

တု ထွက်သွားသင့်ပြီဟု ထင်မိ၏။

မောင့်အမေရဲ့ သဘောတူညီမှုမရဘဲ တု ဆက်မနေနိုင် တော့။

ပိုင်းလုံးမဟု အစွပ်စွဲမခံနိုင်ပါဘူး။

မောင့်အိမ်ကနေ တု ပိုင်ဆိုင်ထားတဲ့ပစ္စည်းတွေကိုပဲ ယူဆောင်၍ သက်သေနှင့်ပြ၍ မောင့်အိမ်ကြီးထဲကနေ ထွက်လာခဲ့သည်။

"တု ... ထွက်သွားသင့်ပြီလို့ ထင်ပါတယ်၊ တု အိမ်လေးကပဲ တုအတွက် နတ်ဘုံနတ်နန်းတမျှ ကြီးကျယ်ခမ်းနားပါတယ်လေ"

တု အိမ်လေးဆီ ပြန်ရောက်လာခဲ့သည်။

အိမ်မှာကျန်ခဲ့တဲ့ အလုပ်သမားတွေကို သက်သေထား၍ စာ လည်းရေးပေးထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမအိမ်လေးက နွေးထွေးစွာ ဆီးကြိုနေဆဲပင် ဖြစ်သည်။

"ဟယ် တု ... နင် ... နင် ဘာဖြစ်လာတာလဲ၊ နင် ပြန်လာတာလား"

"အင်း ... အပြီးအပိုင် ပြန်လာတာပါ၊ မောင်နဲ့ကွာရှင်းမယ်၊ တုအကြောင်း နင်သိတယ်မဟုတ်လား၊ ဘဝကိုရုပ်တည်ရဲတယ် ရင်ဆိုင်ရဲတယ် ..."

"သိပါတယ်ဟာ ... နင့်အစ်မလို မဖြစ်တာဘဲ ဝမ်းသာပါတယ်၊ ကိုသက်ပိုင်သော်က နင့်ကိုအရမ်းချစ်တယ်လေ"

"ဟုတ်တယ်လေ ... ငါကိုစွတစ်ခုကို သံယောဇဉ်ကြိုးတွေ အထပ်ထပ် မရစ်ပတ်ခင် ဖြတ်ပစ်တာ"

"တု"

"ရပါတယ် ... ငါ့အိမ်လေးက အေးချမ်းတယ်၊ နင်လည်း ရှိနေတယ်မဟုတ်လား"

နုကတော့ ဘာမှမဝေဖန်ဘဲ မျက်ရည်တွေကျရင်း သူမကို ဖက်ထားသည်။

မောင့်ကိုတော့ လွမ်းတယ်။

ကျွန်မ ချစ်မိနေပါပြီ။

စောစောကပဲ လမ်းခွဲလိုက်တာ အကောင်းဆုံးပါပဲ မောင် ရယ်။





ကျွန်မကြောင့်တော့ လောကကြီးကို အရှုံးမပေးပါနဲ့။

တုကို မေ့ပစ်ပေးပါ။

"နင်လည်း စာမေးပွဲဖြေရမယ် မဟုတ်လားတု ... စာပဲ ကျက်တော့၊ ဘာမှစိတ်မထိခိုက်နဲ့ ... ငါတို့ အရင်ကလိုပဲ ပျော်ပျော်ပါးပါးနေကြမယ်"

"အေးပါ"

တုဘဝအတွက် အရေးကြီးတာက ဘွဲ့ရဖို့ပဲ။

တု အရမ်းကြိုးစားထားတာပါ။

မမပုံဖြစ်စေချင်တာ ဖြစ်စေရမယ်။

"တုရဲ့အပျိုစင်ဘဝလေး ပျက်စီးရပေမယ့် တုကျေနပ်ပါတယ် ... ဒါပေမဲ့ မမပုံအတွက် ဒေါ်မေသက်ကို တုလက်စားမချေခဲ့ရဘူး"

ဒေါ်မေသက်ကို တု ဆေးခန်းလိုက်ပို့ပေးခဲ့သည်။

မမပုံလည်း သဘောကျမှာပါ။

ကျေနပ်မှာပါ။

သူမ ဆေးရုံမှာရောက်နေတဲ့ မောင့်ကိုသတိရမိနေ၏။

မေ့ပစ်လို့မရနိုင်တာက တု ဖြစ်နေသည်။

"မောင့်အမေက တုကိုဘယ်တော့မှ ချွေးမအဖြစ် လက်ခံနိုင်မှာမဟုတ်ပါဘူးမောင် ... ကျွန်မ သိနေပါတယ်၊ ဒါကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကပဲ နောက်ဆုတ်ပေးလိုက်တာပါ၊ ကျွန်မတို့ အိမ်ထောင်ရေး
က ဘယ်လိုလုပ်ပြီး ပျော်ရွှင်စရာကောင်းမှာလဲ ... သံသယတွေနဲ့
အထင်သေးမှုတွေ ပြည့်နက်နေတယ်လေ"

သူမကတော့ မောင့်မေမေ ဆန္ဒမရှိတဲ့ ချွေးမနေရာကို
အတင်းအကြပ် မယူဖို့ဘဲ ဆုံးဖြတ်ထားမိသည်။

မောင့်မေမေနဲ့ ရင်ဆိုင်ရန် အင်အားတွေ ကင်းမဲ့နေ၏။

ညရောက်တော့ နှနှင့်အိပ်ရတာ အရင်ကလောက် နွေးထွေး
မှု မရှိဘူးဟု ထင်သည်။

"ဟဲ့ တု ... မအိပ်နိုင်ဘူးလား၊ မျက်တောင်ဖျားတွေပေါ်
က အိပ်စက်ခြင်းတွေ မောင်ကယူဆောင်ထားလိုက်ပြီလား"

"နင်ကလည်းဟာ ... တုပါ ... မယုံရင်ကြည့်နေ၊ မောင့်ကို
ငါကွာပြမယ်၊ သံယောဇဉ် ဖြတ်တောက်ပစ်မယ်"

"တကယ်လို့ ကိုသော်က နင့်ကိုကွာရှင်းမပေးနိုင်ဘူးဆိုရင်
ရော ..."

"မကွာနဲ့လေ ... ငါလည်း နောက်ထပ်ချစ်သူ အသစ်လည်း
မရှာဘူး ... ယောက်ျားလည်း မယူဘူး၊ သုံးနှစ်လေ ဘာဖြစ်လဲ"

မောင်ကလွဲပြီး တခြားယောက်ျားတစ်ယောက်ကို တုလည်း
ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ပါဘူး။

မောင်ကပဲ ကျွန်မရဲ့အချစ်ဦးပါလေ။

ဗိုးလပြည့်စာပေ



"ဟင် ... တုလေ ဟန်ဆောင်နေရတာပါ၊ တကယ်လည်း
အိပ်လို့မရဘူး၊ မောင့်ကို မခွဲနိုင်ဘူးထင်တယ်"

တု မေ့ပစ်ရမယ်။

မောင်နဲ့က ဘဝတစ်သက်တာလုံး လက်တွဲဖော်မှ မဖြစ်နိုင်
တော့တာပဲ။

စောစောပဲ အဆုံးသတ်ကြရအောင်ပါ။

"မောင် ... သတိရနေလောက်ပြီ၊ ကျွန်မဆီကို မောင် ချက်
ချင်းပြေးလာသင့်တာ မဟုတ်လား ... မောင့်အချစ်တွေကို သက်
သေပြဖို့လေ"

သူမ မျှော်နေမိသေးသည်။

စိတ်ဓာတ်ကပျော့ချင်ချင်။

ညဉ့်နက်သွားတော့ သူမ စိတ်လျှော့ပြီး အိပ်စက်ဖို့ပဲ ကြိုး
စားသည်။

မျက်ခွံတွေလေးလံပြီး အိပ်စက်သွားတော့၏။

အိပ်မက်ထဲမှာ မောင့်နောက်သို့ တုက ပြေးလိုက်နေသည်။

"တု ... ဟဲ့ ... တု ထပါဦး ... တံခါးခေါက်နေတယ်၊ ဘယ်
သူလဲ ..."

နုက တုကို အတင်းဆွဲလှုပ်ပြီး နိုးနေသဖြင့် တု လန့်နိုးသွား
သည်။

ဗိုးလပြည့်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … နု ဘာလဲဟ … "

"အပြင်မှာ တံခါးခေါက်နေတယ် … ဘာလုပ်မလဲ"

မောင်ပဲလား။

ရင်က ထိတ်ခနဲတုန်သွားသည်။

အိပ်ချင်မူးတူးနှင့် သူမ ထိုင်နေသဖြင့် နုက တံခါးသွားဖွင့်ပေးပြီး ခြေသံက သူမ အိပ်ခန်းလေးထဲ ဝင်လာ၏။

အိပ်ချင်စိတ်က မပျယ်သေး။

ဘယ်သူလာတာလဲ နုဟု မေးလိုက်သည်။

BURMESE CLASSIC .com

"မောင်ပါ တု … "

"ဟင်"

သူမ လှည့်ကြည့်လိုက်တော့ သူမဘေးမှာ ဝင်ထိုင်လိုက်သူက မောင်ဖြစ်နေသည်။

"မောင် … ဘာလာလုပ်တာလဲ"

"တုကရော မောင့်ကိုဘာဖြစ်လို့ထားပြီး ထွက်သွားရတာလဲ၊ မင်း ရက်စက်လိုက်တာ … မောင် သေမတတ်ဘဲ၊ ဆေးရုံကဆင်းပြီး အိမ်ပြန်ခဲ့တာလေ … "

"မောင် ဆေးရုံကနေ ဆင်းရပြီလား … ဟိုလေ မောင့်မေမေဆီ သွားလေ … "

"မသွားရသေးဘူး၊ မေမေလည်း နေကောင်းပါတယ်၊ ဆေးရုံကနေ အိမ်ပြန်ရောက်သွားပြီ၊ သမီးတုဆီ သွားလိုက်ပါတဲ့ … မေမေ့အသက်ကို ကယ်လိုက်တဲ့ အသက်သခင် ကျေးဇူးရှင်တဲ့၊ မောင် အပြေးလာခဲ့တာပါ … "

"မောင်"

"ပြောလေ တု … "

"တု မောင့်ကိုလက်ထပ်ခဲ့တာ မရိုးသားဘူးလေ … မမပုံအတွက် လက်စားချေချင်လို့ပါ"

တု စိတ်တွေ မလုံမလဲဖြစ်လာသဖြင့် မောင့်ကို ရိုးသားစွာဖြင့် ဝန်ခံလိုက်သည်။

"တုရယ် … မောင်သိပါတယ်၊ မောင့်ဘက်က ချစ်မြတ်နိုးသို့ လက်ထပ်ခဲ့တာပါ၊ တုကို မောင်ဘယ်တော့မှ မကွာရှင်းဘူး၊ ပြန်လိုက်ခဲ့ပါကွာ"

"ဟင့်အင်း … စဉ်းစားဦးမယ်၊ ဘဝတစ်သက်တာအတွက်လေ … မောင့်မေမေက … "

"အမလေး … မေမေက အရမ်းနောင်တရနေတယ်၊ ချွေးမချွေးကာမှ ကံကောင်းသွားလို့လေ၊ ဟိုနောင်ကြောင့်ပေါ့ … ဒီကောင်ကယ်လိုက်လို့ … အခုတောင် မောင် ရိတ်တီဖြစ်နေသေးတယ်၊ တု ပြန်လိုက်ခဲ့ပါ … မလိုက်ရင် မောင်လည်း ဒီမှာနေတော့မယ်၊ မင်းကို မခွဲနိုင်ဘူးလို့ ပြောထားတယ်လေ … "







www.burmeseclassic.com

www.burmeseclassic.com



မောင်က သူမဘေးမှာဝင်ပြီး လဲအိပ်ပစ်လိုက်သည်။ သူမ အထိတ်တလန့်နှင့် မအိပ်ဖို့ ပြောနေရ၏။ မောင်က လက်မခံ။ နုက ဝင်လာပြီး ပြန်လိုက်သွားပါတော့တဲ့ရယ်။ ငြင်းနေတာ နားကြား ပြင်းကတ်လို့ပါပြောရင်း အတင်းပြန်လိုက်သွားဖို့ နားချနေသည်။ မောင့်ကို ဒုက္ခတွေထပ်ပြီး မပေးလိုတော့သဖြင့် တုလည်း နောက်မှ ပြဿနာတွေ ရှင်းပစ်မယ်ဆိုပြီး အရှက်ပြေ နှုတ်ခမ်းလေး စုထော်ရင်း မောင်ခေါ်ဆောင်ရာ နောက်သို့ ပြန်လိုက်လာခဲ့လေသည်။

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com